www.burmeseclassic.com

ရွှေပဒေသာစာပေ

# အလင်းသစ်

# မမေ့နိုင်တဲ့... မိုးရာသီ



(အချစ်လုံးချင်းဝတ္ထု|သစ်)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၅၊ အောက်တိုဘာလ။
ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချေး – ၁၅၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၅ ・ ၈၃
အလင်းသစ်
မမေ့နိုင်တဲ့ မိုးရာသီ / အလင်းသစ် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၆၄ – စာ ၊ ၁၂ ・ ၃ × ၁၈ စင်တီ။
(၁) မမေ့နိုင်တဲ့ မိုးရာသီ


# အလင်းသစ်

## မမေ့နိုင်တဲ့ မိုးရာသီ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အနုနည်းပဲဖြစ်ဖြစ်၊ အကြမ်းနည်းပဲသုံးသုံး ငါ့ဘဝနိဂုံးချုပ်မှာ ဝသန်နဲ့ တတ်ပေါင်းခြင်းဆိုတာ မဖြစ်စေရဘူးလို့ ငါ ကတိပေးပါတယ်။ မင်းသာ ဝသန်ကို ပိုင်ဆိုင်ဖို့ ကြိုးစားပါ။

တမ်းတ

www.burmeseclassic.com

www.burmeseclassic.com





အချစ်ကို တားဆီးလို့ရကြောဆိုရင် မင်းနန္ဒာကိုယ်တော်လေးဟာ ငမိုးရိပ်ပါးစပ်ထဲကို ရောက်စရာအကြောင်းမရှိ၊ ရှင်မွေးနွန်းလည်း ရင်ကွဲနာမကျဘူး ဝသန်။ အချစ်ကို တားဆီးနိုင်အောင် နှင် အရှင်ကြိုးစားကြည့်လိုက်ပေါ့။

ယုံကြည်ချက်

www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦးနှစ်ဖက်ရဲ့ မေတ္တာမျှတမှုကို နှင် ခုတုံးမလုပ်နဲ့ ယုံကြည်ချက်။ နှင်သိပါတယ် ဒေသရဲ့ဘဝ ဘယ်လိုတတ်သိမ်းသွားတယ်ဆိုတာ။

ဝသန်မိုး

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

မေမေတဲ့။

သူများတွေနှုတ်ဖျားက အဲဒီလိုခေါ်သံကြားရင် ရင်ထဲမှာ တာတာတာကြီးနဲ့။

ဝမ်းနည်းတာလား။

ကြေကွဲတာလား။

မနာလိုတာ၊

ဝန်တိုတာ၊

မကျေနပ်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအရာတွေထဲက တစ်ခုခုကဖြစ်နေနိုင်တာတော့ သိနေ သည်။ ဘယ်အရာဆိုတာကိုတော့ လက်ဆုပ်လက်ကိုင် မပြနိုင်ပါဘူး။

သူများတွေက …

"မေမေ" လို့ အကျယ်ကြီးခေါ်လိုက်ချိန်မှာ …

သူ

"မေမေ" လို့

အသံတိတ်ခေါ်ကြည့်ပြီး မျက်ရည်လည်ရတဲ့အဖြစ်ပါ။

မေမေရယ် …

မေမေ့ရင်ခွင်မှာ ခေါင်းတိုးဝင်ပြီး ကမ္ဘာကြီးကို လုံးသလား ပြားသလားတောင် မစူးစမ်းမိတဲ့ လူ့ဒုက္ခဆိုတာကို အရောင်ပျော့ပျော့ လေးလို့ ထင်ခဲ့မိတယ်။

လောကကို ငြီးငွေ့လို့

အငြိုးမေ့သွားတဲ့

မေမေ့ရဲ့ နောက်ဆုံးလက်ပြမှု အသက်ရှူသံမှျင်းမှျင်းလေး မကြည့်ရက် မမြင်ရက်ပေမယ့် ငိုလိုက်ဖို့ မျက်ရည်စက်တွေက ဘယ် အညာနွေမှာ ခမ်းခြောက်ပျောက်ဆုံးနေလဲ မသိဘူးနော်။

တမ်းတနေပေမယ့် လမ်းပြကြယ်တစ်ပွင့် ကြွေဆင်း





ဆိတ်သုဉ်းသွားတဲ့နေ့ကစပြီး သားရဲ့ဘဝ၊ သားရဲ့အနာဂတ်မှာ ဒုက္ခတွေ ပြာနောက်နောက်နဲ့ သောကသန်းခေါင်ကိုရောက်ခဲ့တယ် မေမေ ရယ်။

အရင်တုန်းကဆိုရင် မေမေ့မေတ္တာတန်ခိုးနဲ့ စမ်းရေကို သား ချိုးခဲ့ရတယ်။ ဖေဖေ့မေတ္တာလက်နက်ကလည်း သားဘဝအတွက် အစွမ်းထက်ခဲ့တယ်လေ။

ခုတော့ …

ဖေဖေ လက်နက်ချသွားပြီ မေမေ။

ဘာကြောင့်လဲ။

ဖေဖေ သားကို မုန်းနေတယ်။

သူ့ရင်ထဲမှာ သားကိုချစ်တဲ့စွမ်းအားတွေ ပျောက်ဆုံးသွားပြီ မေမေ။

သိရဲ့လား။

သိမ်ငယ်ညှိုးရော်နေတဲ့ သားဘဝကို တမလွန်ရဲ့ကမ်းစပ် ဆီနေရာကနေ မေမေသာ မြင်နိုင်ခွင့်ရှိရင် …

မေမေ ရင်ကွဲနာကျမှာပဲနော်။ နောက်ဆုံးတော့ ကံကြမ္မာ ဆိုတာ အဖန်ဖန် အခါခါ ရိုက်နှက်တတ်တဲ့ လက်စွဲနှင်တံတစ်ချောင်း

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လိုပါပဲ မေမေရယ်။

"တမ်းတ"

"............."

"ဟဲ့ ... တမ်းတ"

"ရှာ"

ကုန်းအော်လိုက်သော အသံစူးစူးနစ်နစ်ကြီးကြောင့် တွေး လက်စအတွေးစတို့က ကသောကမျောနှင့် ပြေးထွက်သွားလေ၏။ ခေါ်လျှင် ထူးသံအရင် လူရောက်အောင်လာရမည်ဟု ချမှတ်ထား သော စည်းကမ်းကြောင့် တမ်းတဆိုတဲ့ကောင်လေး သုတ်ခနဲ ထပြေး သွားလေသည်။

"ဒီလောက်ခေါ်နေတာ မကြားဘူးလား"

"ကြား ... ကြားပါတယ်"

လူနှံ့ရသည်နှင့် စားဖို့ ဝါးဖို့ မာန်ဖီကြိမ်းမောင်းနေသော ဘီလူးမကြီးလို ခေါင်းကျင်ယုံတစ်ယောက် ခါးကြီးထောက်၍ ကြည့်နေပုံ မှာ မသိသူ သူစိမ်းများအဖို့ဆိုလျှင် ကြက်သီးမွေးညင်းများ ထသွား နိုင်သည်လေ။

"ကြားရဲ့သားနဲ့ ဘာဖြစ်လို့ ချက်ချင်းမထူးတာလဲ"





"ဟို ... ဟို"

"ဟိုတွေ ဒီတွေ လုပ်မနေနဲ့။ သနပ်ဘက်ခါ လယ်စိုက်မှာ။ အဲဒါ ဒီနေ့ရော မနက်ဖြန်ရော ပျိုးနုတ်သွားခေါ်လို့ မရဘူး။ ဒီတော့ နင်ပဲ ပျိုးသွားနုတ်လိုက်"

"ဟုတ်ကဲ့"

ဒါ တမ်းတရဲ့ဘဝစာမျက်နှာ ဒုတိယအရွယ်ပါပဲ။

ဟင့်အင်းလို့ မငြင်းရဲ၊ မသွားချင်ဘူးလို့ စောဒကတက်လို့ မရ။ ဖက်ဆစ်ရဲ့ခေတ်စနစ်တုန်းကလို ငါနိုင်တာလုပ်မှာလား။ လုပ်ရင် စားရမယ်၊ မလုပ်ရင် ပါးချခံရမည်သာ။ သည့်တော့လည်း ကိုယ့် အသား ဘယ်သူက အနာခံနိုင်ပါ့မလဲလေ။

"တမ်းတ"

"ရှာ"

တမ်းတဆိုတဲ့နာမည်ကို ဒီတစ်အိမ်သားလုံးက တမ်းတမ်း တတ ခေါ်ကြသည်။ ချိုသာခြင်းတွေ ပျော်ဝင်နေတဲ့ အသံမျိုးနဲ့တော့ မဟုတ်ပါဘူး။ တမ်းတနားထဲမှာ အမြဲတမ်း ခါးသက်နေသည့်အသံတွေ နှင့်သာ။

"ဘယ်သွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"လယ်ထဲကိုပါ"

"မသွားနဲ့ဦး"

"ဗျာ"

"ငါ မုန့်ဟင်းခါးစားချင်တယ်ကွာ။ အဲဒါ ဒီနေ့ ဝါဆိုလပြည့်နေ့ဆိုတော့ အလှူရှိတယ်၊ ငါ့ကို နည်းနည်းသွားတောင်းပေးစမ်းကွာ။ ဘုန်းကြီးကျောင်းမှာနော်"

ပြောပြောဆိုဆို သုံးဆင့်စတီးချိုင့်တစ်လုံးကို ထိုးပေးလာသဖြင့် တမ်းတမျက်နှာ ညိုသွားလေ၏။ ကိုယ်က လူပျိုလေးဆိုတော့ ဘယ်သွားချင်ပါ့မလဲ။

"ကျွန် ... ကျွန်တော် မသွားရဲဘူး ကိုစိုး"

"ဘာကွ"

အမယ်လေး။

မိုးကြိုးပစ်တာကမှတော်သေး။ တမ်းတကိုယ်မှာ ဆတ်ခနဲ တွန့်သွားလေ၏။

"ဟော့ကောင် ... မင်း ငါ့အကြောင်း သိတယ်နော်"

"ဟုတ် ... ဟုတ်ကဲ့ သိပါတယ်"

"သိရင် မြန်မြန်သွား"





တမ်းတ ဘာတတ်နိုင်ဦးမှာလဲ။ ဆန္ဒမပါသော်လည်းခံရမှာတော့ ကြောက်နေမိသည်လေ။ မသွားလျှင် အနည်းငယ် လက်သီးနှစ်ချက်လောက်တော့ အထိုးခံရမှာ ရာနှုန်းပြည့်ပင်။ လယ်ထဲဆင်းရန် ဆောင်းထားသော မြက်ခမောက်ကိုနေရာမှာ ပြန်ချိတ်၍ ဘုန်းကြီးကျောင်းသို့ ခြေထောက်ကို ဦးတည်ခဲ့ရတော့၏။

ဒီအိမ်မှာ

သူက တစ်မင်း

ငါက တစ်မိုလ်နှင့်

ငိုရမှာကို တမ်းတ ကြောက်နေပါပြီ။ ယောကျ်ားမျက်ရည်ရှုလို့ မာနတင်းထားပေမယ့် မျက်ဝန်းတံခါးပေါက်ကနေ မျက်ရည်တွေ ယိုစီးမကျပေမယ့် နှလုံးသားတစ်ခုလုံး မျက်ရည်တွေ ဖုံးလွှမ်းနေတာကို ဘယ်သူကများ စာနာတတ်ခဲ့သလဲ။

ဒါတွေအားလုံး

ဖေဖေ့ကို ချစ်လွန်းလို့ ရခဲ့တဲ့ ဆုလဒ်တွေပါ ဖေဖေ။

ဟိုတုန်းက ...

တမ်းတအပေါ်မှာ ဖေဖေ မေတ္တာမိုးတွေ အဆက်မပြတ်ရွာချပေးခဲ့ဖူးပါတယ်။ အဲဒီအချိန်တွေကို ဗီဒီယိုအခွေတစ်ချပ်သာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ရိုမှတ်နဲ့ နောက်ကို ပြန်ဆုတ်လိုက်ချင်တာ။

မေမေ ဆုံးပါးသွားပြီး ရှစ်လသာကြာတယ်။ အခြေအနေ
တွေအားလုံး ပြောင်းပြန်ဖြစ်ကုန်ပြီလေ။ ဒေါ်ကျင်ယုံကို ဖေဖေ လက်
ထပ်လိုက်တယ်။ တစ်နေရာအစားထိုးခြင်းနဲ့ စေတနာကွက်ကြားမို
ရှာသွားလိုက်တာ တမ်းတဆိုတဲ့ကောင်လေးဟာ တစ်နေ့တခြား
ခြောက်သွေ့တဲ့ဘဝကြီးကို ပိုင်မှန်းမသိ ပိုင်ဆိုင်သွားခဲ့ရတယ်လေ။

ရင်မောရတယ် တမ်းတရယ်။

ဒီနာမည်ကို ထူးထူးခြားခြား မေမေ ဘာဖြစ်လို့ မှည့်ခဲ့တ
လဲ။ နှလုံးသားတွေ ဆစ်ခနဲ နာကျင်တိုင်း "မေမေ" လို့ တမ်းတ
တတ ခေါ်ပြီး ငိုစေချင်လို့လား မေမေရယ်။

မေမေက ဖူးဖူးမှုတ်ထားတဲ့သား။ သူများခြေဖဝါးအောက်
နင်းပြားဖြစ်နေတာသာသိရင် မေမေ ငိုနေမလားဘဲ။

သား ကျေနပ်ပါတယ် မေမေ။

မေတ္တာတစ်နွယ်သင်လို့ ကွယ်ဝင်သွားတဲ့ နေရဲ့အလင်း
ကြိုးတစ်ချောင်းနဲ့ ချည်ဆွဲလို့ မရနိုင်လေတော့ ကြယ်စင်ရဲ့အလ
အောက်မှာ ရသလောက်နဲ့ ရောင့်ရဲတင်းတိမ်ပြီး ဖေဖေ့မေတ္တာ
လွန်တစ်ကြိုးအဖြစ်နဲ့ သားရအောင် ဆွဲပါ့မယ် မေမေ။





သားရဲ့အင်အား

သားရဲ့ခွန်အား

အားလုံးဟာ ဖေဖေ့အတွက် အစွမ်းထက်တဲ့ ဓားသွားတစ်
လက် ဖြစ်စေရမယ်။

ဒါ သားရဲ့နိုင်မာတဲ့ ဆုံးဖြတ်ချက်ပါ မေမေ။

"တမ်းတ"

"ဟင်"

ရုတ်တရက် ပခုံးကို လာပုတ်လိုက်တာကြောင့် လှည့်ကြည့်
မိတော့ . . .

"ဖိုးအော်"

"စတီးချိုင့်ကြီးကိုင်လို့ပါလား။ ဘာလဲ . . . မုန့်တောင်းမလို့
လား"

"ဟာ . . . မင်းကလည်း တိုးတိုးပြောပါကွ"

စကားပြောရင် အော်ပြီး ပြောတတ်၍ ဖိုးအော်လို့ ခေါ်တဲ့
အတိုင်း ဖိုးအော်အသံပြကြီးနှင့် ဆိုသဖြင့် တမ်းတ ရှက်သလို ဘေးဘီ
ကို ကြည့်လိုက်၏။ တော်ပါသေးရဲ့ ဘယ်သူမှ သူတို့ကို ဂရုစိုက်ပြီး
ကြည့်မနေလို့။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ မကြားပါဘူးကွာ"

"ဖိုးအော်"

"ဟေကွာ"

"ငါ့ကို မုန့်နည်းနည်းလောက် တောင်းပေးပါလား"

"ဘာလဲ . . . ဒေါ်ကျင်ယုံ တောင်းခိုင်းတာလား"

မေးပြီး ဖိုးအော် မသိမသာ သက်ပြင်းချမိ၏။ ဖိုးအော်၏ ဘဝသည်လည်း လမိုက်ညဖြစ်နေပေမယ့် ကြယ်ပွင့်တွေရဲ့ ကူညီဖေးမမှုလေးတော့ ရှိသေးသည်။

တမ်းတ၏ဘဝကသာ

လမင်းက မခင်တွယ်

ကြယ်စင်က အမုန်းနှင့်ပြုံး

အမှောင်တွေ အုပ်စိုး၍သာ။

"မင်းမှာလည်း ဒီဝဋ်ကြွေးက မလွတ်နိုင်ပါလား တမ်းတရယ်"

"မုန်းဆပြီး လမ်းပြကြယ်ကို မတွေ့မြင်နိုင်သေးသရွေ့တော့ ဝဋ်ရှိသမျှပေါ့ ဖိုးအော်ရာ"

ဒီနေ့ . . .





မြန်မာ့ဗုဒ္ဓဘာသာဝင်တွေရဲ့ အထွဋ်အမြတ်ထားရာ နေ့ထူးနေ့မြတ်ဖြစ်သည့် ဝါခေါင်လပြည့်အခါတော်နေ့ကြီးမှာ အားလုံး အလုပ်နားပြီး ဥပုသ်စောင့်သူ စောင့်၊ အလှူမှာ ဝိုင်းဝန်းသူတွေ ဝိုင်းဝန်းကာ အများသူငါတွေ ပျော်ရွှင်နေကြပေမယ့် တမ်းတ တစ်ယောက်ကတော့ ဘယ်သို့ဘယ်ဂှာ ပျော်ရွှင်ရာမည်တဲ့လဲလေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

"ဖြောက်"

"ဖြောက် . . . ဖြောက်"

တမ်းတ ခေါင်းကလေးမတ်၍ ပြတင်းမှတစ်ဆင့် အပြင်ဘက်သို့ ကြည့်လိုက်တော့ . . .

"ဖြောက် . . . ဖြောက် . . . ဖြောက် . . . ဖြောက် . . . ဖြောက်"

မှိန်သွားထည့်နေသော ဖိုးအော်က ပြန်မလာသေးပေ။ လည်ဆန့်၍ မျှော်ရင်း ကောင်းကင်သို့ တစ်ချက်ပြန်မော့ကြည့်တော့





စိတ်တွေက အသိုက်မဲ့ ငှက်တစ်ကောင်လို လေလွင့်သွားလေသည်။ ဝဠာရှစ်ခွင်တိုင်း အုံ့မှိုင်း၍ ငိုတော့မည်ဆင် မိုးရိပ်အသွင်က မျက်ရည်ကို လက်ဆင့်ကမ်းကာ မနေ့က တစ်နေ့လုံး အံကြိတ်၍ မျိုသိပ်ထားသမျှ ဖွင့်ဟ၍ မြောက်ကွဲတော့မည် ထင်၏။ ဖြောက်ဆိုသောအသံသည် သွပ်သံကြောင့် ကျယ်လောင်သွားပြီးနောက် . . .

ခြေလှမ်းတွေစိတ်ကာ ဖြောက် ဖြောက် ဖြောက် ဖြောက် မြည်လာလေ၏။

"တမ်းတရေ . . . ချိုင့်အပြည့်ပဲဟေ့။ မင်းစားဖို့ပါ ပိုထည့်လာတာ"

"မြန်မြန်လာပါ ဖိုးအော်ရာ . . . မိုးရွာတော့မယ်၊ ငါ့မှာ ဆောင်းစရာမပါဘူးကွ"

"ဟေ့ကောင် . . . စက်မဟုတ်ဘူး။ လက်နဲ့လုပ်နေရတာ ကြာတာပေါ့ . . . ရော့ ရော့"

ဖိုးအော် ဆောင့်ကြီးအောင့်ကြီးပေးသောချိုင့်ကို လျင်မြန်စွာယူ၍ တမ်းတ ဘုန်းကြီးကျောင်းလှေကားဆီသို့ အလျင်စလို ပြေးဆင်းလေသည်။ လှေကားအဆုံးလေးတွင်ကား . . .

"အင့်"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး"

"ဟာ"

"အို"

အာမေဋိတ်သံတွေက စုံလင်စွာ။

"ဝွမ်း . . . ချလွမ်း"

တမ်းတလက်ထဲမှ စတီးချိုင့်က အဝေးသို့ လွင့်စင်သွားသည်မှာ ဖရိုဖရဲကြီးလေ။ ပထမတော့ တမ်းတ ကြောင်နေမိသည်။ နောက်သတိရတော့ တကွဲတပြားဆီ ဖြစ်နေသော စတီးချိုင့်အံလေးများကိုလိုက်ကောက်ပြီး ကစဉ့်ကလျားနှင့် မျက်နှာငယ်သွားသော မုန့်ဟင်းခါးလေးတွေကို နမြောတသကြည့်နေမိသည်။ တမ်းတဘာလုပ်ရမလဲ။ မုန့်မပါဘဲ အိမ်ပြန်သွားရင် ဘာဖြစ်မယ်ဆိုတာ သိနေပြီးဖြစ်သော တမ်းတ ငိုင်တွေသွားလေ၏။ နောက်ထပ် မုန့်သွားတောင်းလို့လည်း မဖြစ်တော့ပြီ။

"အားနာလိုက်တာ တမ်းတရယ်"

"ရပါတယ်"

ဝင်တိုက်မိသူက တစ်ယောက်၊ တောင်းပန်နေသူက တစ်ယောက် ဖြစ်နေသည်။ တောင်းပန်သူက တမ်းတတို့ရွာထဲက သူဌေးသမီးလေး "မြတ်ပန်းနွယ်"။

"ဟို . . . ချိုင့်ပေးနော် တမ်းသာ၊ ငါ မုန့်အစားပြန်ထည့်ပေးပါ့မယ်"

"နေပါစေတော့ မြတ်ပန်းရယ်"

"မဟုတ်တာ တမ်းတရဲ့။ ဒီမုန့်တွေမပါရင် နင် အိမ်ရောက်တာနဲ့ ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ ငါ သိပါတယ်"

တမ်းတ အားနာသော်လည်း လက်ကမ်းလာသော မြတ်ပန်းနွယ်၏လက်ထဲသို့ ချိုင့်လေးကိုထည့်ပေးလိုက်သည်။ ဒီနေရာမှာ ဆက်ပြီး ခေါင်းခါနေရင် အိမ်ပြန်အရောက် ခေါင်းနောက်အောင် အဆူအရိုက်ခံရမှာပင်။ မြတ်ပန်းနွယ် ကျောင်းပေါ်သို့ ပြေးတက်သွားလေတော့ . . .

"နာမည်က တမ်းတနော်"

ခုမှ သတိထားမိကာ အသံရှင်ကိုကြည့်လိုက်တော့ ဗီဒီယိုတွေထဲက မင်းသမီးလို ဝတ်စားထားသော ကောင်မလေးလေး။ တမ်းတ တစ်ခါမှ မဖြစ်ဖူးတဲ့ ရင်တွေ ကတုန်ကယင်ဖြစ်သွားရ၏။

"ဟိတ် . . . မေးနေတယ်လေ"

"ဪ . . . အင်း . . . ဟုတ် . . . ဟုတ်ပါတယ်"







www.burmeseclassic.com

www.burmeseclassic.com



"တို့ တောင်းပန်ပါတယ်နော်"

"ဗျာ"

"စောစောက သူနဲ့ ဝင်တိုက်မိတာ တို့လေ"

"ဟုတ်လား ... ကျွန်တော် ဘယ်သူနဲ့တိုက်မိမှန်း မသိလိုက်ဘူး ... ခင်ဗျာ့"

"ခု သိသွားပြီလေ"

"ဟုတ်ကဲ့"

မိန်းမချောလေးက ပြုံးရယ်ကာ ...

"တို့ သူ့ကို ခင်လို့ရမလား"

တမ်းတ လှိုက်ခနဲ ဝမ်းသာသွားလေ၏။ ဘာကြောင့်ရယ်လို့တော့မသိ။ ခုခေတ် ဝတ်နေကြတဲ့ ဒူးကျဘောင်းဘီလေးကို ဝတ်၍ ရင်ခံနှင့်ဇာအကျီနှစ်ထပ်ပုံစံလေး ဝတ်ထားပြီး ပြုံးနေသော သူမပုံစံလေးက အလွန်ချစ်စရာကောင်းနေသဖြင့် တမ်းတလည်း သူမလေးကို ခင်ချင်သွားမိသည် ထင်ပါရဲ့။

"ဘာလဲ ... မခင်နိုင်ဘူးလား"

"ဟာ ... မဟုတ်ပါဘူး၊ ခင်ပါ ခင်လို့ရပါတယ်။ ခင်မင်မှုဆိုတာ တွန့်တိုစရာမှ မဟုတ်တာ"





"တမ်းတက အရမ်းခင်ဖို့ကောင်းတာပဲ"

"ခင်ဗျားလည်း ခင်ဖို့ကောင်းပါတယ်"

"ဟာ ... အဲလိုကြီးမပြောနဲ့လေ"

"ဘာလို့လဲဗျ"

တမ်းတ မအူမလည်ဖြစ်သွားပုံကိုကြည့်၍ တမ်းတ မလုံမလဲ ဖြစ်သွားရသည်။ ပြီး သူ့ကိုယ်သူ ဟိုငုံ့ကြည့် ဒီငုံ့ကြည့် ကြည့်နေမိတော့ ...

"ရိုးလိုက်တာ တမ်းတရယ်"

"................."

"တမ်းတ ... အသက် ဘယ်လောက်ရှိပြီလဲ"

သူမ အမေးကြောင့်ထင်ပါ၏။ တမ်းတ လက်ညှိုးတစ်ချောင်းသာ သူမရှေ့တွင် ဝဲကျလာကာ ...

"ခင်ဗျား ... ခင်ဗျား ... အိမ်ထောင်စုစာရင်းကောက်သလိုလားဟင်"

"မေးတာပဲဖြေပါ"

"ဆယ့်ရှစ်နှစ်။ သီတင်းကျွတ်လဆန်း (၁၀) ရက်နေ့မှာ မြည်မှာ။ ကဲ ... သိပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို တို့ထက်ကြီးတာပေ့ါ။ တို့က ဒီနှစ်ဆို ဆယ့်ခွန်ပြည့်ပြီလေ။ ဝါဆိုလပြည့်နေ့မှာ မွေးတာ။ ဒါကြောင့် ဝါဆိုလပြည့်နေ့တိုင်း ဒီကျောင်းမှာ လာလာပြီးအလှူလုပ်တာ။ ဒီကျောင်းကဆရာတော်က တို့ဘကြီးပေါ့။ မေမေရဲ့အစ်ကို အကြီးဆုံး"

"ဪ . . . သိပြီ၊ သိပြီ။ နှစ်တိုင်း ပါ,ပါလာတာ အလှူရှင်ရဲ့သမီးဆိုတာ ဟို . . . ဂါဝန်ဖားဖားလေးဝတ်ပြီး ဘုန်းကြီးကျောင်းရှေ့က စကားဝါပွင့်တွေကို ခူးနေတာတွေ့တာ ခင်မျှားလား"

"ခင်မျှား . . . ခင်မျှားနဲ့ မပြောပါနဲ့။ စောစောက ရယ်တာ၊ အဲဒီခင်မျှားဆိုတာကြီးကို"

"မျှာ"

"မျှာမနေနဲ့ ရင်းရင်းနှီးနှီး နင်နဲ့ငါပဲ ပြော။ တမ်းတက ဝသန်ထက် ကြီးတာကို"

"ဝသန်"

"ဟုတ်တယ်လေ . . . တို့နာမည်က ဝသန်မိုးပဲဟာ"

တမ်းတ ဒီနာမည်လေးကို သဘောကျသွားသလိုရှိပြီး . . .

"ဟုတ်ပြီလေ . . . ကျုပ်က ခင်မျှားနာမည်ကို စောစောက မသိလို့"





"လာပြန်ပြီလား ဒီခင်မျှားကြီး"

"ဘွာတေး . . . ဘွာတေး"

"တမ်းတရေ ရပြီဟေ့"

မြတ်ပန်းနွယ် ပြန်ရောက်လာတော့ သူမလက်ထဲက ချိုင့်ကို ဆက်ပြောင်းယူလိုက်ရင်း . . .

"ကျေးဇူးတင်ပါတယ် မြတ်ပန်းရယ်"

"ဝသန်ကိုရော ကျေးဇူးမတင်ဘူးလား။ အလှူရှင်က ဝသန်ဆေ"

"တင်ပါတယ်မျှာ . . . နှစ်ယောက်စလုံးပါပဲ"

"နင်စားပြီးပြီလား တမ်းတ၊ မုန့်စားသွားဦးလေ"

"မစားတော့ပါဘူးဟာ၊ ငါ လယ်ထဲဆင်းရဦးမှာဟ၊ သွားမယ်နော်။ ဝသန် . . . ငါ သွားလိုက်ဦးမယ်"

"ဝေါ် ဝေါ် ဝေါ်"

တမ်းတသွားတော့မယ်ဆိုကာမှ မိုးက အပြိုးကြီးစွာ တဝေါဝေါ သွန်ချလေတော့သည်။

"ဟဲ့ . . . တမ်းတ . . . ဆောင်းစရာမပါဘူးလား"

"ရပါတယ် . . . မိုးက ငါ့ဘဝရဲ့လက်တွဲဖော်ပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်"

တမ်းတာ မိုးရေထဲသို့ ပြေးထွက်သွားလေသည်။ မိုးက ငါ်ဘဝ ရဲ့ လက်တွဲဖော်တဲ့။ တမ်းတာက အဓိပ္ပာယ်တစ်ခုကို ဆောင်ကြဉ်းသွား သော်လည်း ဝသန်က အဓိပ္ပာယ်တစ်ခုကို နှလုံးသွင်း၍ နှလုံးသားလေး လိုက်ခုန်ပူနွေးသွားခဲ့ရသည်ပေါ့။

တမ်းတာ . . .

သိပ်ချစ်ဖို့ကောင်းတဲ့ကောင်လေး။

အသားဖြူဖြူ။ အရပ်မြင့်မြင့်၊ နှုတ်ခမ်းသားလေးတွေက နီတွေးနေပြီး နှာတံပေါ်ပေါ်၊ မျက်ခုံးမွေးကောင်းကောင်းနဲ့။ မျက်လုံး လေးတွေက ရွှန်းလဲ့တောက်ပနေခြင်းမဟုတ်ဘဲ ရီဝေဝေပုံစံမျိုးလေး တစ်မျိုးဆွဲဆောင်အားကောင်းနေသည်လေ။ နုံချာနေတဲ့ အဝတ်အစား တွေကို ဖယ်ထုတ်ပြီး မြို့ကောင်လေးတွေဝတ်တဲ့စတိုင်လ်နဲ့ အစားထိုး မြင်ယောင်ကြည့်လိုက်တော့ တမ်းတာက အလွန်ချောမောသော ကော လေး ဖြစ်လာသည်။ အဟင်း ကိုရီးယားမင်းသားတွေချောတာ ဘာ ဟုတ်သေးလဲ။ တို့မြန်မာတွေမှာလည်း ကိုရီးယားမင်းသားတွေထက် ချောတဲ့ တမ်းတာလိုရုပ်မျိုးတွေ ရှိနေတာပဲ။

"ဝသန်"





"ဟင်"

"တော်ပါသေးရဲ့ . . . ငါက နင် အသက်မှရှိသေးရဲ့လားလို့"

မြတ်ပန်းပြောတော့ ဝသန်က ရယ်လေသည်။ မြတ်ပန်းနှင့် ဝသန်က ငယ်ငယ်လေးကတည်းက ဝသန်တို့က တောကိုလာလိုက်၊ မြတ်ပန်းတို့က ရန်ကုန်ကိုသွားလည်လိုက်နှင့် အလွန်ခင်မင်သော သူငယ်ချင်းတွေ ဖြစ်လာပြီး ပြောမနာ ဆိုမနာတွေလေ။

"တမ်းတာက ခင်ဖို့ကောင်းတယ်နော်"

"အံမယ် . . . ချစ်ဖို့ကောင်းတယ်လို့ ပြောပါ"

"ဟ . . . တည့်တည့်ကြီးပါလား"

"တမ်းတာက သိပ်သနားဖို့ကောင်းတာ ဝသန်ရဲ့။ သူ့အမေ မှိုတုန်းကဆို ကျောင်းပဲတက်ရတာ။ ဒေါ်လေးယဉ်က သူ့သားကို ဆရာဝန်ကြီးဖြစ်စေချင်လို့ ဘာအလုပ်မှမခိုင်းဘူး။ စာကိုပဲ ကြိုးစား ခိုင်းတာ၊ ခုတော့ဟာ"

"ခု ဘာဖြစ်သွားတာလဲဟင် မြတ်ပန်း"

"ဘာဖြစ်ရမလဲ ဝသန်ရယ်၊ ဒေါ်လေးယဉ်ဆုံးပြီး ရှစ်လပဲ ကြာတယ် သူ့အဖေက နောက်မိန်းမယူတာ၊ သူ့ခမျာ ပညာရေး ကောင်းရဲ့သားနဲ့ ကျောင်းဆက်မတက်ရဘူး။ မိတွေးနဲ့မိတွေးကပါတဲ့



www.burmeseclassic.com

www.burmeseclassic.com



သားတွေ နိုင်းသမျှ ရာသီမရွှောင်တမ်း လုပ်နေရတာ။ ဒီကြားထဲ မလုပ်ရင် အရိုက်အနက်ခံရသေးတယ်။ ခုတောင် ကြည့်ပါလား၊ တစ်ယောက်ယောက် နိုင်းလိုက်လို့ ကျောင်းမှာ မုန့်လာတောင်းရတာ ပေါ့။ မဟုတ်ရင် … လူပျိုလေးတန်မဲ့ သူ ဒီလို ဘယ်လုပ်မလဲ၊ ရှက်မှာပေါ့"

ကြားရသည့်စကား နားဝမှာ မချမ်းသာလိုက်တာ။ အမိမဲ့ သား ရေနည်းငါးတဲ့။ သူ့ဘဝက ရေတစ်ပေါက်မျှမရှိအောင် ခြောက် သွေ့နေသတဲ့လား။

ဩော် … တမ်းတရယ်။

***

## အခန်း (၃)

ဝသန် ဘာရယ်မဟုတ် ဟိုဟိုဒီဒီ ငေးမောကြည့်ရင်း စိတ်က ဘာကိုမှ အာရုံမကျဘဲ သတိရမိသွားတာသည် တမ်းတကိုပါ။ ဒီ အရွယ်က သစ်ရွက်ကြွေရင်တောင် ရင်ခုန်တဲ့အရွယ်တဲ့။ လှလှပပ မြင်ရင် လိုချင်တပ်မက်ကြသည့်စိတ်အတိုင်း။

သတိရလိုက်တာ တမ်းတရယ်။

နင့်ရဲ့ ရီဝေဝေ မျက်လုံးလေးတွေကို မေ့လို့မရ။ နင့်ဘဝ အကြောင်းတွေ မြတ်ပန်းပြောပြလို့ သိလိုက်ရတော့ စိတ်မကောင်း လိုက်တာ။ နင့်ကိုငါ သနားမိတယ် တမ်းတ။ စတွေ့တဲ့နေ့က ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



ဝင်တိုက်မိတာမို့ ဘာရယ်မဟုတ် အားနာလို့ စကားတွေပြောရင်း စိတ်ထဲမှာ ခင်မင်မိသွားခဲ့တယ်။

အဲဒီနောက်မှာတော့ သူနဲ့ထပ်တွေ့ဖို့အကြောင်းက ဖန်လာတယ်နော်။

တမ်းတာက မြတ်ပန်းတို့အိမ်မှာ နွားလာငှားရင်း ဝသန်နဲ့ စကားတွေထပ်ပြောဖြစ်ခဲ့ကြပြန်တယ်။ တမ်းတာဆိုတဲ့ကောင်ချောလေးနဲ့ စကားပြောရင်း ဝသန် ရင်တွေခုန်တာတော်ခဲ့သည်လေ။ နှင်းနဲ့စတွေ့တဲ့ ဝါဆိုလပြည့် မိုးတွေရွာနေတာကို ငါမေ့လို့ ရမှာမဟုတ်တော့ဘူး တမ်းတာ။

ရင်ထဲမှာ

အမှတ်တရအဖြစ်နဲ့ ရှိနေမှာပါ။

"ဝသန်"

"............"

"ဝသန်"

"ဟင် ... သြော် ... မြတ်ပန်း"

"တစ်ယောက်တည်း ဘာတွေပြုံးနေတာလဲဟ"

ဝသန် မရုံမလဲပြုံးရင်း မျက်လုံးတွေက စောစောက သူ





ကြည့်နေသောနေရာသို့ ပြန်ရောက်သွားလေ၏။ မိုးတိတ်ပြီးစမို့ သစ်ရွက်ကလေးတွေပေါ်မှာ မိုးရေစက်တွေက ခိုတွဲနေဆဲပါ။ အချို့က အောက်သို့ လျှောခနဲ ပြုတ်ကျပြီး အချို့ကတော့ သစ်ရွက်ကလေးတွေပေါ်မှာ တင်ကျန်နေဆဲပေါ့။

"ဟောဟိုက သစ်ရွက်ကလေးတွေပေါ်မှာ တင်ကျန်ရစ်ခဲ့တဲ့ မိုးရေစက်ကလေးတွေလို ငါသာ နှင်တို့ရွာမှာ ခိုတွယ်ပြီး ကျန်ရစ်ခဲ့လို့ ရရင် သိပ်ကောင်းမှာပဲ သိလား ... မြတ်ပန်း"

"တယ်ဆိုတဲ့စာပါလား"

"ငါ တကယ်ပြောတာ မြတ်ပန်းရဲ့"

"ဘာဖြစ်လို့လဲ"

"ငါ နှင်တို့ရွာကနေ မပြန်ချင်တော့ဘူးဟာ"

"နှင်တို့ရွာမှာနေရတာ ပျော်သွားပြီလား ဝသန်"

ဝသန် ခေါင်းညိတ်ပြလိုက်၏။ သူမက ဟန်တွေ ပန်တွေ လုပ်ပြီး ညာမှမညာတတ်ပဲလေ။

"ထူးဆန်းတယ်နော်"

"ဘာကိုလဲ မြတ်ပန်း"

"အရင်နှစ်တွေကဆို နှင် ဒီလိုမှမဟုတ်တာ။ အလုပ်ပြီးတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြန့်မယ် တကဲကဲနဲ့လေ။ ကျောင်းတက်ရဦးမှာ ဘာညာနဲ့ တစ်ရက်ကလေးတောင် တားလို့မရဘဲနဲ့"

"ဒါလား"

"အင်း"

ဝသန်ဆင်ခြေပေးဖို့ အပြေးအလွှားစဉ်းစားပြီးနောက် ...

"အဲဒီတုန်းက တကယ်ပြန့်တာနဲ့ ကျောင်းတက်ရမှာမို့လို့ပါ ဟ။ အခုက နေလို့ရပါသေးတယ်၊ အေးဆေးပဲလေ။ ငါက အကောင်း ပြောတာကို"

"လာရှိုးမနေနဲ့ ... နင့်စိတ်ကို ငါမသိရင်ခက်မယ် ဝသန် ငါ သိတာပေါ့။ နင် တမ်းတနဲ့တွေ့ကတည်းက အချိုးပြောင်းနေတာ"

"မဟုတ်ပါဘူး"

"ဘာလို့ မဟုတ်ရမှာလဲ"

မျက်စောင်းထိုးရင်း မြတ်ပန်းက ဝသန်ဘေးတွင် ဝင်ထိုင်လေ၏။ ပြီး ဝသန်မျက်လုံးတွေကို စိုက်ကြည့်ကာ ...

"ပါးစပ်က လိမ်လို့ရပေမယ့် မျက်လုံးတွေက အမှန်တရား ဖော်ညွှန်းနေတယ် ဝသန်ရဲ့။ သူတို့က ပြောတယ်၊ နင့်စကားတွေ မယုံနဲ့ ညာနေတာတဲ့"





"ကြိုကြိုဖန်ဖန်ဟယ်၊ မျက်လုံးကပဲ စကားပြောရတယ်လို့"

မြတ်ပန်းက သရော်သလို ရယ်လိုက်ကာ ...

"ဒီမှာ ဝသန်"

"ဟင်"

"မျက်ဝန်းဆိုတာ နှလုံးသားရဲ့တံခါးပေါက်တဲ့။ နင် တစ်သက်တည်း ဒီမှာလာထိုင်နေကတည်းက ဘာဆိုတာ သိပြီးသားပဲ"

"ပြောပါဦး"

"ကြားချင်တယ်ပေါ့"

"နင်ကလည်းဟာ အိမ်ထဲမှာနေရတာပျင်းလို့ နင်တို့ တောသဘာဝ တောအလှကို ခံစားကြည့်နေတာ ရိုးရိုးလေးပဲ တွေးစမ်းပါ"

"ဟုတ်လား"

"ဟုတ်တယ် ... ဟုတ်တယ်"

"ဟော ... ဟိုမှာ တမ်းတပါလား"

"ဟင်"

တမ်းတဆိုသောနာမည်ကို ကြားလိုက်တာနှင့် ဝသန် ခေါင်းသား လည်ကာ လမ်းမဘက်သို့ ပြန်လှည့်ကြည့်မိ၏။ ဘယ်မှာများလဲ ဆို့ မျက်လုံးလေးတွေက ပြေးလွှားရှာဖွေကြည့်မိတော့ မြတ်ပန်းက



www.burmeseclassic.com

www.burmeseclassic.com



လက်ခုပ်လေးတီးပြီး ခစ်ခနဲ ရယ်လေလျှင် ...

"နင်က ဘာရယ်တာလဲ"

"ဘာရယ်ရမှာလဲ ... နင့်ကိုသဘောကျလို့လေ။ အဲဒါပဲ ဝသန်ရဲ့၊ တမ်းတဆိုတာနဲ့ နင် အမူအရာပျက်ပြီး ခေါင်းက ချာခနဲဖြစ်သွားတာလေ။ ငါ တရားခံဖမ်းတာ မမိုက်ဘူးလား၊ ပြော ... ဘာဆက်ညာဦးမလဲ"

ဝသန် မျက်နှာလေး ရှက်ရဲ့ရဲသွားပြီး ...

"မြတ်ပန်းစုတ်"

"ဟဲ ... ဟဲ"

"ကဲ ဟာ ... ကဲဟာ"

ဝသန်က မြတ်ပန်းပခုံးကို ထုလေသည်။ မြတ်ပန်းက လက်ကာရင်း ထပြေးလေတော့ ပြေးရင်းလွှားရင်း မြတ်ပန်း သရက်ပင်အောက်သို့ရောက်တော့ ဝသန့်ကို လှည့်ကြည့်လေလျှင် ဝသန်က မောနေဟန်နှင့် ရင်ဘတ်ကို လက်ကလေးနှင့်ဖိ၍ မျက်စိမှိတ်ထားလေတော့ ...

"ဟင်း ... မြို့သူတွေများနော် ဒီလောက်ကလေး ပြေးလိုက်ရတာကို မောနေတယ်။ ကျုပ်တို့ တောသူတွေများ စပါးတစ်တင်းခွဲ





ဖစ်တင်းကိုရှက်ပြီး တောင်စဉ်ခုနစ်ထပ်ကို ပတ်လို့ရတယ် ... သိသား"

"အံမယ် ... မြို့သူတွေလည်း အထင်မသေးပါနဲ့နော်။ အားလုံးက ကျွမ်းကျင်ရာ လိမ္မာကြတာပဲဟာ"

"ဟုတ်ရဲ့လား"

"စမ်းကြည့်လေ"

"ဒါဆို ... တမ်းတ ရှိနေနိုင်တဲ့နေရာကို လိုက်ပို့မယ်။ နောက်က လိုက်ခဲ့"

ဝသန်မျက်နှာလေးသည် လေပြေလေညင်းတို့ သယ်ဆောင်လာသည့် ပန်းဝတ်မှုန်လေးနှယ်။

မြူးကြွသွက်လက်စွာ မြတ်ပန်းဆီသို့ ပြေးသွားလျက် ...

"တကယ်နော်"

"အင်း"

ဝသန်က လက်ကလေး ကမ်းပေး မြတ်ပန်းက ဝသန့်လက်ကို ဆုပ်ကိုင်၊ နိုင်မြဲသောလက်တွဲခြင်းနှင့် ခြံဝန်းထဲမှ ပြေးထွက်ခဲ့ကြလေတော့ပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

"ဟဲ့ နွား . . . ခြေော် . . . ဒီနွားနယ်"

မိုးဖွဲတွေ တဖြောက်ဖြောက်ကျနေသည်။ နွားနှစ်ကောင်ကို တဟဲ့ဟဲ့မောင်းရင်း ထွန်သွားတွင်ကပ်ငြိနေသော ထွန်ချေး (သို့) မြက်ပင်များကို ထွန်ကိုမ၍ ခြေထောက်နှင့် ကန်ချနေသော တမ်းတ။

တောသဘာဝ တောင်သူ၏အလုပ်ဆိုတာထက် လေးနက်သိပ်သည်းသော ဘဝအကျိုးပေးကံကို တွန်းလှန်ဖို့ လက်နက်မပြည့်စုံစွာ သူတို့ထားရာနေ စေရာသွားနေရသည့် နုံချာလွန်းသည်က တမ်းတ၏ဘဝပင်။





"ဒီနွား သွားတာမဟုတ်ဘူး၊ ပေကပ်ကပ်နဲ့"

"တောက်"

"ဖြန်း"

မယားနှင့်နွား မသနားနှင့်ဆိုသည့်ဆိုရိုးကို တေးမှတ်ထားတာမဟုတ်ပေမယ့် ပေကပ်ကပ်နှင့် တွန့်ဆုတ်ဆုတ်လုပ်နေသော ညီကို ကြိမ်လုံးနှင့် ကျောပြင်ကိုရိုက်၍ သတိလှူပ်ပေးရခြင်းပါ။

"တမ်းတ"

". . . . . . . . . ."

"တမ်းတရေ"

". . . . . . . . . . . . ."

အပေါ်မှ မိုးသံအောက်က ရေသံ ဒီနှစ်သံကြားမှာ ခေါ်သံလေးတွေက မထိုးဖောက်နိုင်။

"တမ်းတ"

"တမ်းတ"

". . . . . . . . . . . . . . . ."

"တမ်းတရေ"

"တမ်းတ"



www.burmeseclassic.com

www.burmeseclassic.com



အသံလေးတွေက ဆက်ကာယ် ဆက်ကာယ် ပိုပို၍ ကျယ်လာသဖြင့် လေပြေက မနေသာနိုင်တော့စွာ အသံကို သယ်ဆောင်၍ တမ်းတနားစည်သို့ရောက်အောင် တွန်းပို့ပေးလိုက်သည့်အလားပင်။

"တမ်းတ"

ချိုမြိန်သောအသံလေးကြောင့် နွားနှစ်ကောင်၏ ဇက်ကြိုးကို ခပ်တင်းတင်းလေးဆွဲ၍ ရပ်စေပြီး လှည့်ကြည့်လိုက်သည်တွင် . . .

"ဟင် . . . ဝသန်"

အပြုံးကလေးနှင့် လက်ပြနေသော ဝသန်က တမ်းတရှိရာ လယ်ကွက်ထဲသို့ ပြေးဆင်းလာသည်မို့ . . .

"ဟာ . . . ဝသန် ဆင်းမလာနဲ့လေ၊ ရွှံ့တွေပေကုန်မှာပေါ့"

"ပေပစေပေါ့"

ပြောပြောဆိုဆို ဝသန်က တမ်းတကို ထီးကလေးမိုးပေးလာသည်။

"မိုးတွေ ဒီလောက်ရွာနေတာ မချမ်းဘူးလား"

"မိုးပါးမှ အလုပ်လုပ်မယ်ဆိုရင် တောသားတွေ ထမင်းငတ်မှာပေါ့ . . . ဝသန်ရဲ့"

"ဟုတ်လား ဟင်"





"အင်း . . . တို့ ရောဝတီတိုင်းကို မြန်မာနိုင်ငံရဲ့ ဆန်အိုးကြီးလို့ တင်စားထားကြတယ်လေ"

နှစ်ဦးသား မျက်ဝန်းလေးတွေ ဆုံစည်းသွားခိုက် ရင်ထဲမှာ သိုက်ခနဲ ပွန္နေးသွားကြလေသည်။ အချစ်ဆိုတာ လေဒဏ်မိုးဒဏ်ကို ကာကွယ်ပေးနိုင်သတဲ့လား။

မိုးတွေရွဲရွဲလို့ ချမ်းနေသည့် တမ်းတ ထီးကလေးရဲ့အောက်မှာ နွေးထွေးမှုတွေနှင့် ရှိန်းမြနေသည်လေ။

"ဝသန်"

"ဟင်"

"ဒီလောက် စိုရွဲနေတဲ့သူကို ဘာလို့ ထီးမိုးပေးထားတာလဲ"

"တမ်းတ ချမ်းမှာစိုးလို့လေ"

"ဝသန်ပဲ လုံအောင်ဆောင်းပါ"

တမ်းတ ထီးရွက်ကလေးကို ဝသန့်ဘက်သို့ တွန်းပို့လိုက်သည်။

"ဟော့ ဝသန် . . . ပြန်တက်ခဲ့တော့၊ မျှော့တွယ်နေမယ်"

"ဟင်"

မြတ်ပန်းလှမ်းအော်မှ သတိရကာဝသန် သူမ၏ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကို ရေထဲမှ မြှောက်ကြည့်လိုက်၏။

"အမယ်လေး ... မျှော့ကြီး"

"ဟာ"

ညာဘက် ခြေသလုံးတွင် တွယ်ကပ်နေသော မည်းမည်း အကောင်ကို တွေ့သည်နှင့် ဝသန် ကြောက်လန့်၍ တမ်းတအား ဖက်တွယ်ထားလိုက်မိ၏။

ထိုးကိုလည်း လွှတ်ပစ်လိုက်သဖြင့် အဝေးသို့ လွင့်စဉ်သွားလေသည်။

ကြောက်တာကလွဲ၍ ဝသန် ဘာကိုမှ သတိမထားမိတော့ ...

"ဝသန်"

"ဟင်"

"မျှော့မရှိတော့ဘူးလေ"

"ဘယ်ရောက်သွားပြီလဲ"

"မြတ်ပန်း ဖယ်လိုက်တာလေ"

သည်တော့မှ မျက်နှာနှစ်ခု နီးကပ်နေသည့်အဖြစ် ရင်ခွင်နှစ်ခု ပူးကပ်နေသည့် အနေအထားကို သတိရကာ ဝသန် လက်





ကလေးတွေ တမ်းတ ခါးပေါ်မှ လျှောကျ၍ မျက်နှာကလေးကလည်း နီမြန်းသွားလေသည်။

ဒါကို မြတ်ပန်းက မျက်စောင်းခဲလျက် ...

"လိမ္မာလိုက်တဲ့ မျှော့ပဲနော်"

"ဟင် ... မျှော့က လိမ္မာတယ်"

"အင်း ... လိမ္မာတာပေါ့။ အဲဒီမျှော့ကို နောက်တော့ နင် ကျေးဇူးတင်မှာပါ"

"ဒီလောက်ကြောက်စရာကောင်းတဲ့မျှော့ကို ကျေးဇူးတင်စရာလား"

"ဝသန်"

"အင်"

"ကန်သင်းပေါ်တက်ရအောင်နော်"

"အင်း"

မြတ်ပန်းရဲ့စကားတွေကို ဝသန် နားမလည်ပေမယ့် တမ်းတက ဘာသာပြန်ပြီးသားမို့ စကားလမ်းကြောင်းလွှဲ၍ ဝသန် လက်ကလေးကိုဆွဲကာ ကန်သင်းရိုးပေါ်သို့ တက်ခဲ့သည်တွင်။

"အရမ်းကြောက်သွားလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်တာပေါ့။ ရင်တုန်တောင် မပျောက်သေးဘူး"

"တို့ တောသူတောင်သားတွေရဲ့ဘဝက ဒီလိုပဲ ဝသန်
မျှော့ကိုကြောက်နေရင် ထမင်းမစားရဘူး။ ဝသန် ဒီဘဝမျိုးကို လက်ခံ
နိုင်ပါ့မလား"

"ဘာအဓိပ္ပာယ်လဲ ဟင်"

"ရှင်းပါတယ် ဝသန်ရာ။ ဥပမာ . . . နင် တောသားတ
ယောက်နဲ့ ချစ်ကြိုက်ပြီး ညားသွားပြီဆိုပါစို့"

ဝသန့်ဦးနှောက်ထဲသို့ လေးနက်သောအတွေးတစ်ခု ဖျတ်ခ
ဝင်လာပြီး မြတ်ပန်းမျက်နှာကို စူးစူးလေးကြည့်၍ ဆက်နားထောင်
သည်ပေါ့။

"တောသားတွေရဲ့ ရုန်းကန်ရတဲ့ဘဝကို လက်ခံနိုင်ပါ့မလာ
အပင်ပန်းခံနိုင်ပါ့မလား။ တမ်းတ မေးတာ ဒါပဲ"

ဝသန် . . .

အပြုံးလေးတစ်ပွင့်ကို လှလှပပ ပန်ဆင်လိုက်ရင်း . . .

"သူ့ကို ဒီဘဝထဲကလွတ်အောင် ဆွဲခေါ်လို့ရတာပဲဟာ"

"စိတ်ကူးမယဉ်နဲ့ ဝသန်၊ နင်ထင်သလောက် လက်တွေ့
မလွယ်နိုင်ဘူး။ ရာဇဝင်တွေထဲမှာ ကေရာဇ်ဘုရင်တွေကသာ တော





ချောချောလှလှလေးတွေကို မိဖုရားမြှောက်ကြတာ။ ဘုရင့်သမီးတွေ
အညတြနဲ့ကြိုက်ရင် ပြည်နှင်ဒဏ်ပေးတာတို့၊ သေဒဏ်ပေးတာတို့ပဲ
ငါ ကြားဖူးတယ်။ ဒန်းစီးမောင်နှမဇာတ်လမ်းထဲမှာဆိုရင် ဘုန်းကြီး
ကျောင်းသားလေး ဖိုးသီ တစ်ဝဂ္ဂထဲမှာကျတော့ စောင်းသမားလေး
သူတို့တွေဆိုရင် အသက်ပေးသွားကြရတာလေ"

"အဲဒီခေတ်က ကုန်ခဲ့ပါပြီဟာ"

"ဖြစ်လေ့ဖြစ်ထရှိတာကို ငါက ပြောပြတာ"

"ထားပါတော့လေ . . . ဒီခေတ်မှာ သတ်ပစ်လို့ရလောက်
အောင် တရားဥပဒေက လျစ်လျူရှုမထားပါဘူး။ ငါ့မိဘတွေကလည်း
ကေရာဇ်ဘုရင်တွေမှ မဟုတ်တာ။ ကိုယ့်ဘဝထဲကို ဆွဲခေါ်လို့မရဘူး
ဆိုရင် ကိုယ်က သူ့ဘဝထဲကို တိုးဝင်မယ်လေ"

"သတ္တိရှိလို့လား"

"ရှိတာပေါ့၊ ကမ္ဘာပေါ်မှာ အစွမ်းထက်ဆုံး လက်နက်က
မေတ္တာလို့ ငါယူဆတယ်"

"နင် တကယ်ပြောတာလား ဝသန်"

ခုတစ်ခါ မေးသူက တမ်းတပါ။

"တကယ်ပေါ့ တမ်းတရယ်၊ တကယ်ချစ်တတ်ရင် အနာဂတ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းဟာ ပန်းပွင့်တွေလို မွှေးပျံ့နေမှာပါ။ ငါ တောရဲ့သဘာဝဒဏ်ကို ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားမယ်"

"ဝသန်ရယ်"

တမ်းတရင်းမှ လှိုက်လှဲသောအသံနှင့် ဒီနာမည်ကို အမြဲတမ်း တမ်းတစွာခေါ်နေမိတော့မည် ထင်ပါရဲ့။

* * *



## အခန်း (၃)

♫ ဝါဆိုဝသန်မိုးသည်းချိန် xxx အရောက်ပြန်လာခဲ့ပါ့မယ် xxx မိဝသန်ရေ မင်းပြောခဲ့တယ်လေ xxx အတွေးမှာလေ ပြန်လည် ကြားယောင် မိုးသည်းရင်ဖြင့် လွမ်းတိုင်း မျက်ရည်ဝေ xxx စိမ်းကားသူ မိသန်ကြီးရေ xxx ဝါဆိုမိုးနဲ့ စောင့်မျှော်လျက်ပါပဲလေ xxx

ဝဥ္ဇာရှစ်ခွင် တိမ်ညိုအုံ့မှိုင်း xxx မိုးဝသန်ရောက်ချိန်တွေအား ဆက်ကောင်းကင်ပြိုတဲ့မိုးလို ကိုယ့်ရဲ့ရင်ထဲ အလွမ်းမိုးသွန်းရွာနေ xxx မိသန်ရေ မင်းတော့ မသိနိုင် xxx ဝါဆိုမိုးနဲ့ စောင့်မျှော်ပါပဲလေ xxx

မိုးသဲက် မုန်တိုင်းတို့ထန် xxx ဝါဆို ဝသန်မိုးများသည်းနေ



www.burmeseclassic.com

www.burmeseclassic.com



ချိန် သတိရနေဆဲ မိဝသန် ××× ဒါဆို မိုးရယ် ပြောပြလိုက်ပါလေ ×××မညှာမတာ စိမ်းသူကြီးရေ ဝါဆိုးမိုးနဲ့ စောင့်လျက်ပါပဲလေ ♪

ဩရှရှနှင့် အသံလေးက တေးတစ်ပုဒ်နှင့်ပတ်ဝန်းကျင်ကို သွေးဆောင်ဖြားယောင်းနေသယောင်။ လေပြေ၏ အနမ်းနုနုလေး ကြောင့် နဖူးစပ်ဆီမှ ဆံစတွေက လှုပ်လီလှုပ်ယဲ့။

သီချင်းဆုံးသွားသည်အထိ တိတ်ဆိတ်ငြိမ်သက်နေကြဆဲ မိုးရာသီတွင် ညနေချိန် လက်ခနဲသာသော နေ၏အရောင်က ရင်ကို ချမ်းမြေ့စေတာမှန်ပေမယ့် …

"ဝသန်"

"……….."

ထူးသံမကြား၍ လှည့်ကြည့်မိတော့ …

"ဟ … မျက်ရည်တွေဝဲလို့ပါလား။ နင် ငိုမလို့လား ဝသန် ငါ မချော့တတ်ဘူးနော်"

"အချော့ခံချင်လို့ မဟုတ်ပါဘူး တမ်းတရယ်။ နေလုံးကြီး နင် ကြည့်လိုက်စမ်းပါ"

"အင်း … မြင်နေတာပဲလေ ဘာထူးဆန်းလို့လဲ"

"နင် သေချာစဉ်းစားကြည့်စမ်း။ မကြာခင်မှာ နေလုံးကြီး





တောင်စွယ်နောက်ကို ဝင်သွားရတော့မှာ"

"ဒါ … သဘာဝပဲလေဟာ။ နင်ကလည်း အထူးအဆန်း လုပ်လို့"

"ငါလည်း တစ်နေ့ ဒီနေလုံးကြီးလို ပြန်ရတော့မှာလေ တမ်းတရဲ့"

တမ်းတ နှုတ်ခမ်းပေါ်က အပြုံးရိပ်ကလေး ရုတ်ချည်း ကွယ် ပျောက်သွားလေ၏။

"နင် ဘာမှမခံစားရဘူးလား တမ်းတ"

"စိတ်မကောင်းတာတော့ အမှန်ပဲပေါ့ဟာ"

"စိတ်မကောင်းရုံပဲလားဟင်"

"ဒါ့အပြင် … ငါ ဘာတတ်နိုင်မှာမို့လို့လဲ ဝသန်ရယ်"

"တမ်းတ"

"ပြောလေ ဝသန်"

နှစ်ဦးသား မျက်ဝန်းလေးတွေ ဆုံဆည်းကာ နှလုံးသားမှ စကားတွေ မပြောဖြစ်ကြသော်လည်း မျက်ဝန်းမှ စကားလေးတွေ ဆိုဖြစ်ကြသည်။

နင့်ရင်ထဲကစကားတွေကို ငါ ကြားချင်လိုက်တာ တမ်းတ



www.burmeseclassic.com

www.burmeseclassic.com



ရယ် . . . နင် သိပ်မျှိုသိပ်နိုင်တာပဲနော်။

ငါ့ရင်ထဲက စကားတွေကို ငါပြောချင်ပါတယ် ဝသန်ရယ်။ ဒါပေမဲ့ နင့်ဘဝနဲ့ ငါ့ဘဝက မိုးနဲ့မြေကြီး လက်ခုပ်တီးလို့မရနိုင်သလို ပါပဲဟာ။ ကမ္ဘာတော်ဝင်ရိုးစွန်းနဲ့ မြောက်ဝင်ရိုးစွန်းလို ဘယ်တော့မှ ဆုံဆည်းခွင့်ရနိုင်မှာ မဟုတ်မှန်းသိလျက်နဲ့ သောကတွေကို လက်ယပ် မခေါ်ပါရစေနဲ့။

နင့်ကိုငါ ချစ်မိနေပြီ ဝသန်၊ အဲဒါ နင်သိရဲ့လား။

လေထန်ပါလျက်နဲ့ ရေဆန်ကို လက်ပစ်ကူးနေရတဲ့ ငါ့ဘဝ ပင်လယ်ပြင်ကြီးထဲကို တိုးဝင်ဖို့အထိ မဓိုက်စမ်းပါနဲ့ ဝသန်ရယ်။ နင့်ဘဝလေး နစ်မြုပ်သွားလိမ့်မယ်။ ငါ ဆွဲမခေါ်ရက်ဘူး။ အဲဒါ နင့်အပေါ်ထားတဲ့ ငါ့ရဲ့ စေတနာ မေတ္တာတွေပါ။

“ငါ ပြန်ရတော့မယ် တမ်းတ”

ပထမဦးဆုံး မျက်ဝန်းကို လွှဲဖယ်လိုက်သူက တမ်းတပင် စိုင်းဆိုင်မော့ရဲ့ သီချင်းတစ်ပုဒ်ကိုသာ အော်ဆိုပစ်လိုက်ချင်၏။ သီချင်း ထဲကလို အစကမတွေ့ကြရင် အကောင်းသားလား ဝသန်ရယ်။

“နင်က ညှော်သည်းပဲ ဝသန်ရယ်။ အချိန်တန်ရင် အိမ်ပြန်ရ ပေါ့”





“စောစောက နင်ဆိုသွားတဲ့သီချင်းထဲက မိဝသန်လိုပဲ ငါ နင့်ကို ပြောခဲ့ပါရစေ”

“ဘာလဲ . . . ဝါဆိုဝသန်မိုးသည်းချိန် အရောက်ပြန်လာခဲ့ပါ့ မယ်လို့ နင် ပြောမလို့လား”

“ငါ တကယ်ရောက်အောင် ပြန်လာမှာပါ”

တမ်းတ ကောင်းကင်ဆီသို့ မော့ကြည့်လိုက်သည်။

“မိုးကို ဖားကလေးတွေက မျှော်တယ်၊ ဆောင်းကို နှင်းပွင့် ကလေးတွေက လက်ကမ်းကြိုဆိုတယ်။ နွေကို ဥသြငှက်ကလေး တွေက လွမ်းတယ်။ သူတို့ရဲ့တမ်းတမှုတွေက တစ်နေ့ သေသေချာ ချာ ပြန်လာပေမယ့် ငါကတော့ နင့်ကို မတမ်းတရဲတာအမှန်ပဲ ဝသန်”

“တမ်းတရယ်”

နှလုံးသားမှာ သံစဉ်တွေ ထည့်ဆိုဖွဲ့ရမယ့်တေးတစ်ပုဒ်က အလွင့်ခြင်းရဲ့ နောက်ဆုံးခြေရာတော့ မဖြစ်ပါရစေနဲ့။ ဝသန် မျက်ရည် သားတွေကို ဖယ်မသုတ်မိ။

တမ်းတကတော့ မျက်ဝန်းတံခါးပေါက်မှ ခုန်ပေါက်၍ ဆင်းဖို့ ကြိုးစားနေသော မျက်ရည်ဥကို လက်ညှိုးနှင့် မသိမသာ ပြန်လည် သိမ်းသွင်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီး . . . တံတွေးတစ်ချက်မျိုချရင်း အသံတုန်တုန်နှင့် . . .

"ကံမကုန်ရင်တော့ ပြန်ဆုံကြမှာပါဟာ"

"တမ်းတ"

"နင်ခေါ်တဲ့ တမ်းတဆိုတဲ့နာမည်ကို ကြိုးနဲ့သီပြီး လည်ပင်းမှာ ဆွဲထားရရင် အင်္ဂလိမာလလည်ပင်းက လက်ညှိုးပေါင်း တစ်ထောင်ထက် များလိမ့်မယ်ထင်တယ်နော်"

"နင်နော် . . . ငါက အကောင်းခေါ်တာကို"

"ဆိုးတယ်လို့ ငါရောပြောမိလို့လား"

"ကြည့်ပါလား"

"ငါ စိတ်တိုလာပြီနော်"

"စိတ်တိုရင် ကျိတ်ငိုတတ်သလား"

"တမ်းတ"

ဝသန် ဒေါသကြီးသလို အော်လိုက်၏။

"အင်္ဂုလိမာလရဲ့လက်ညှိုးထက်များဖို့ ရာနှုန်းပြည့်ပဲ"

"တော်ပြီ . . . နင့်ကို မခေါ်တော့ဘူး"

ဝသန် ခြေကလေးဆောင့်၍ ပြေးထွက်သွားလေသည်။

ခွင့်လွှတ်ပါ ဝသန်။





နင် ငါနဲ့အတူရှိနေတဲ့အချိန်မှာ နင်ငိုနေတာကို ငါ မမြင်ချင်ဘူး။ ဒါကြောင့် နင်ရယ်အောင် စလိုက်တာပါ။ နင်သာမငိုဘူးဆိုရင် ငါ့ကို ကျောခိုင်းသွားလည်း မငြိုငြင်ပါဘူး ဝသန်။ ငါ့ဘဝကို ငါ ပိုင်သေးလို့ပါ။ ငါ့မှာ အရင်တုန်းက အနာဂတ်ဆိုတာ မရှိခဲ့ပေမယ့် ခု ငါ့ဦးနှောက်ထဲကို နင်နဲ့ပတ်သက်ပြီး အနာဂတ်တွေ၊ မျှော်လင့်ချက်တွေ၊ ခိုင်မာတဲ့ဆုံးဖြတ်ချက်တွေ ဝင်ရောက်လာပြီ။

ငါကြိုးစားမယ် ဝသန်။

နင့်ကို ရွှေပဝါခြုံလွှာ မပေးနိုင်ပေမယ့် ပိုးပဝါကို အမိုးအကာအဖြစ်နဲ့ ပေးနိုင်တဲ့နေ့ နင့်ကိုငါ လာရှာပါ့မယ်။ ခုနေများတော့လည်း လေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"သမီး ပြန်မလိုက်လို့မရဘူး"

"တစ်ပတ်တည်းပါ ဖေဖေရယ်"

"တစ်ပတ်ဖြစ်ဖြစ်၊ တစ်စက္ကန့်ဖြစ်ဖြစ် . . . ဒီရွာမှာ သမီးကို ဖေဖေ မထားခဲ့နိုင်ဘူး"

ဝသန် ရန်ကုန်သို့ ပြန်မလိုက်ချင်သေး၍ ကိုကျနေသော် လည်း တင်းမာနေသော ဖေဖေ့မျက်နှာကိုကြည့်၍ မျက်ရည်ကလေး ဝဲသွားလေသည်။

"နေစမ်းပါဦး . . . ငါ့သမီးက ထူးထူးခြားခြား ဘာဖြစ်





ကျန်ခဲ့ချင်တာလဲ။ အရင်တုန်းက ဒီရွာကိုလာရတာ မပျော်ဘူးဆိုကွဲ့"

မေမေ့စကားကြောင့် အဖြေရခက်သွားသည်လေ။ ဆင်ခြေ ပေးဖို့တော့ ကြိုးစားရဦးမည်သာ။

"သမီး မြွတ်ပန်းကို ခင်မိသွားလို့ပါ"

"အရင်ကရော မခင်လို့လား"

"ခင်တော့ ခင်ပါတယ်။ ခု . . . အရင်ထက် ပိုခင်လို့၊ ပြီးတော့ မြွတ်ပန်းက သမီးကို ပျော်အောင် အလိုလိုက်နေပြီလေ"

"မလိမ်တတ်ပဲညာရင် ကွာတာတွေက အများကြီးပဲ သမီး၊ အဖေတို့ သမီးကိုလွှတ်ထားတယ်ထင်ရင် သမီး မှားတယ်။ သမီး ဘယ်ကိုသွားတယ်၊ ဘာတွေလုပ်ခဲ့တယ်ဆိုတာ ဖေဖေ အားလုံးသိ တယ်"

"ရှင်"

ဖေဖေက မဲ့ပြုံးတစ်ချက် ပြုံး၍ ဝသန့်ကို စိုက်ကြည့်ကာ . .

"ဒီရွာထဲမှာ ဖေဖေရဲ့အငှားမျက်လုံးတွေ အများကြီးပဲ၊ ရှင် အရင်နဲ့ညား မိဖုရား၊ တောင်သူနဲ့ညားရင်တော့ တောချုံအုံကြားမှာပဲ ဝဋ်ဘဝ ဇာတ်သိမ်းသွားလိမ့်မယ်။ အဲဒါကို သမီး နားလည်ရဲ့လား"

ဝသန် ခေါင်းကလေး ငုံ့ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမိုက်ချင်စမ်းပါနဲ့ သမီးရယ်။ တမ်းတဆိုတဲ့ကောင်မှာ မက်မောစရာ ဘာများရှိလို့လဲ။ နေမကောင်းလို့တောင် ဆေးရုံတက်ဖို့ ပိုက်ဆံရှိမှာ မဟုတ်ဘူး။ သမီး နေမကောင်းလို့ ဆေးခန်းတစ်ခါ သွားပြရင် ပိုက်ဆံ ဘယ်လောက်ကုန်သလဲ၊ အဲဒါ အရင်ဖြေ"

ဝသန် ဘာဖြေရမလဲ တမ်းတရယ်။ ငါ့သမီးစီးတဲ့ ဖိနပ်တစ်ရံဖိုးတောင် ရှာနိုင်ရဲ့လားလို့ ခပ်ရိုင်းရိုင်း စကားလုံးကို မသုံးပေမယ့် တမ်းတရဲ့အားနည်းချက်ကို မီးမောင်းထိုးပြနေတာ ဝသန်သိနေတယ်လေ။

"ဖေဖေ အဲဒီလောက်အထိ တမ်းတရဲ့ နွမ်းပါးမှုကို လက်ထောက်ပြနေရအောင် သမီးနဲ့ တမ်းတ ဘာမှမဖြစ်ဘူး။ ရိုးရိုးလေးပါပဲ"

"အရိုးခံသက်သက်ကနေ အမျိုးမမှန်တဲ့ဘက်ကို ခြေဆန့်ပြီး ကျူးကျော်ဖို့ မဖြစ်နိုင်ဘူးလို့ ဖေဖေ သတိပေးတာ"

"သမီးကို အခွင့်အရေးတစ်ခုတော့ပေးပါ ဖေဖေ"

"ဆိုပါဦး"

"သမီး ရန်ကုန်ကို ပြန်လိုက်ခဲ့ပါ့မယ်"

"အဲဒီတော့"





"သမီး တမ်းတကို နှုတ်ဆက်ပါရစေ"

ဝသန်၏မိခင် ဒေါ်မိုးပွင့်ဖြူ ခင်ပွန်းသည်၏မျက်နှာကို မော့ကြည့်လေသည်။ ဦးဆက်နိုင် ခေါင်းတစ်ချက်ညိတ်၍ . . .

"ကောင်းပြီ . . . ဖေဖေ ခွင့်ပြုတယ်"

"ကိုဆက်"

ဦးဆက်နိုင် လက်ကာပြလိုက်၏။

"မင်းရဲ့သမီးက မုန့်ပေးပြီး မျှားခေါ်လို့ရတဲ့အရွယ် မဟုတ်တော့ဘူး မိုး။ အနိမ့်အမြင့် အဆင်းနဲ့အတက်ကို သူသိတယ်"

မေတ္တာစစ်တို့မည်သည် ဖြောင့်ဖြူးရာလမ်းမရှိတဲ့။ တမ်းတရယ်၊ နင့်အပေါ်မှာထားတဲ့ ငါ့ရဲ့မေတ္တာတရားတွေက ဘယ်လောက်တောင် ခိုင်မြဲနေပြီလဲဆိုတာ နင်မသိလေရော့သလား။

ခဏသာတွေ့ပေမယ့် တစ်ဘဝတာမေ့လို့မရနိုင်တော့တဲ့ တမ်းတဆိုတဲ့နာမည်ဆန်းနဲ့ အချိုးအစားမညီတဲ့ ဒီမိုးရာသီကို မေ့နိုင်ဖို့ ဆော်တော် ခက်လိမ့်မည်ထင်ပါရဲ့။

မရနိုင်တာကိုမှ ပိုပြီး မြတ်နိုးကြတာ လူတွေရဲ့သဘာဝ မဟုတ်လားလေ။ မဖြစ်နိုင်မှန်းသိကာမှ အချစ်အစိုင်အခဲတစ်ခုက ရင်ထဲသားတစ်ခုလုံးကို ဝါးမျိုသိမ်းပိုက်နေပြီ တမ်းတ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သမီးသွားလို့ရပြီ။ မြတ်ပန်းကိုခေါ်သွား"

"ဟုတ်ကဲ့ ... ဖေဖေ"

ဝသန် ခြေလှမ်းတွေသွက်လိုက်တာ။ ဒါ ... အချစ်က ဖန်တီးပေးလိုက်တဲ့ လေဟုန်စွင်းတဲ့ မြားတစ်စင်းလား။

* * *



## အခန်း (၇)

♫ ဝါဆိုဝသန်မိုးသည်းချိန် xxx အရောက်ပြန်လာခဲ့ပါ့မယ် မိဝသန်ရေ မင်းပြောခဲ့တယ်လေ xxx အတွေးမှာလေ ပြန်လည် ယောင် မိုးသည်းရင်ဖြင့် လွမ်းတိုင်း မျက်ရည်ဝေ xxx စိမ်းကားသူ သန့်ကြီးရေ xxx ဝါဆိုမိုးနဲ့ စောင့်မျှော်လျက်ပါပဲလေ xxx ♫

လေဆန်ကိုခွင်း၍ ပျံလွင့်လာသော တိုးသဲ့သဲ့သီချင်းစာသား နှလုံးသားကို ချိန်ရွယ်၍ ပစ်ခွင်းလိုက်သည့် မြားတစ်စင်းနှယ်။ ဘတ်ထဲသို့ ဆွဲနစ်ဝင်သွားလေ၏။

"ရှပ် ရှပ် ရှပ်"



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖွေးနေသော တရုတ်စကားပွင့်များကို မနင်းခြေရက်စွာ ရှောင်ရှား၍ ခြေလှမ်းကို ဖွဖွလှမ်းရင်း အသံရှင်ဆီသို့ တိုးကပ်လာသည့်အထိ ငြိမ်သက်စွာ ရှိနေဆဲပါ။

♬ ဝဋ္ဋာရှစ်ခွင် တိမ်ညိုအုံ့မှိုင်း ××× မိုးဝသန်ရောက်ချိန်တွေ အား ထက်ကောင်းကင်ပြိုတဲ့မိုးလို ကိုယ့်ရဲ့ရင်ထဲ အလွမ်းမိုးသွန်းရွာနေ ××× မိဝသန်ရေ မင်းတော့ မသိနိုင် ××× ဝါဆိုမိုးနဲ့ စောင့်မျှော်ပါပဲလေ ××× ♬

တမ်းတရယ် ...

ငါ့နှလုံးသားတစ်ခုလုံးကို ဒီသီချင်းနဲ့ ပိုင်စိုးဖို့ ကြိုးစားနေတာလား။ ဒီသီချင်းက ထိုနှစ်ဦးအတွက်များ ဖွဲ့ဆိုထားလေရော့သလား။ အချစ်ဆိုတာ တကယ်တော့ အချိန်တွေကို ကန့်သတ်မတားဆီးနိုင်ပါဘူး။

နင်နဲ့တွေ့လိုက်ရတဲ့အချိန်မှာ လူတစ်ယောက်ရဲ့ရင်ထဲက နှလုံးသားတစ်ခု။ စက္ကန့်၊ မိနစ်ဆိုတဲ့ ခဏလေးမှာ ပြောင်းလဲပြီး အချစ်တွေ နှိုးကြားရှင်သန်တတ်ခဲ့တယ်ဆိုတာ ငါ ယုံလိုက်ပြီ တမ်းတရယ်။

လူတစ်ယောက်က တစ်ယောက်ကို မြင်မြင်ချင်း မချစ်ရ





လို့ ဘယ်သူကမှ ဘယ်လိုဥပဒေမှာ ပြဋ္ဌာန်းပြီး ပုဒ်မတွေ တပ်မထားခဲ့တော့ နင့်ကိုငါချစ်မိသွားတာ အပြစ်မရှိပါဘူးနော်။

♬ မိုးသက် မုန်တိုင်းတို့ထန် ××× ဝါဆို ဝသန်မိုးများသည်း နေချိန် သတိရနေဆဲ မိဝသန် ××× ဒါဆို မိုးရယ် ပြောပြလိုက်ပါလေ ××× မညှာမတာ စိမ်းသူကြီးရေ ဝါဆိုမိုးနဲ့ စောင့်လျက်ပါပဲလေ××× ♬

ဝသန် တမ်းတမျက်နှာကိုပဲ ငေးမောကြည့်နေရင်း အရာအားလုံးကို မေ့လျော့နေသည့်နှယ် အာရုံက သီချင်းထဲမှာပဲ ရောက်နေစဉ် ...

သီချင်းသံက တိခနဲ ပြတ်တောက်သွားလေပြီ။ မျက်ရည်တို့က အတားအဆီးမဲ့စွာ ကျဆင်းလာပြီး ဝသန် သူမနှလုံးသားကို ထိန်းချုပ်နိုင်စွမ်း မရှိတော့ပြီ၊ အချစ်ကြောင့် အသိတရားတွေ ကင်းမဲ့စွာ တမ်းတ၏ခါးကို နောက်ကနေ သိုင်းဖက်လိုက်မိသည်နှင့် ...

"တမ်းတရယ်"

"အဟင့် ... ဟင့်"

"ဟင်"

တမ်းတ၏ကျောပြင်တွင် မျက်နှာအပ်၍ ငိုကြွေးမိသည်ဆိုရင် တမ်းတက သူမလက်ကိုဆုပ်ကိုင်ကာ ကိုယ်ကို လှည့်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဝသန်"

ဝသန့်လက်ကို ဖြေချ၍ တမ်းတ ဝသန်နှင့်မျက်နှာချင်းဆိုင် လိုက်သည်။ သူကိုယ်တိုင်လည်း မျက်ရည်တွေဝဲလို့ ဝသန် ပခုံးကို ကြင်နာစွာ ဆုပ်ကိုင်လိုက်ကာ . . .

"မငိုပါနဲ့ ဝသန်ရယ်"

ဝသန့်မျက်ဝန်းက မျက်ရည်စတွေကို သူကိုယ်တိုင် သုတ် ပေးကာ . . .

"တိတ်တော့နော်၊ တို့နှစ်ယောက် ခွဲခွာကာနီးမှာ မျက်ရည် တွေ မပါစေချင်ဘူး . . . ဝသန်"

"တမ်းတ"

"ပြောလေ"

တမ်းတမျက်နှာကို ဝသန် တမ်းတ မြတ်နိုးစွာ မော့ကြည့်နေ သလို တမ်းတကလည်း ဝသန့်မျက်နှာကို အကြင်နာတွေ ကာရံကာ ဖြင့် ငုံ့မိုးကာ ကြည့်နေသည်။

"ငါ့ကို အထင်မသေးပါနဲ့နော်"

"ငါက ဘာကိုအထင်သေးရမှာလဲ"

မျက်ဝန်းလေးတွေ စက္ကန့်ပေါင်းများစွာ ဆုံးစည်းမိခိုက် . . .





"နင့်ကို ငါလေ"

"အင်း"

". . . . . . . . . . . . ."

"ဆက်ပြောလေ"

"အရမ်းချစ်တယ်သိလား"

"ဝသန်ရယ်"

တမ်းတ ဝသန့်ကို မြတ်နိုးစွာ ဖက်တွယ်ထားမိသည်။ ဘာ တပ်မက်မှုမှမရှိသော ဖြူစင်သော မေတ္တာတရားနှင့် အနမ်းနွေးနွေး တစ်ပွင့်ကို သူမပါးပြင်ပေါ်သို့ ခြွေချလိုက်သည်နှင့် . . .

"တမ်းတ"

"ဝသန်"

"နင်ရောဟင်"

"ဘာကိုလဲ ဝသန်"

"နင်ရော ငါ့ကို မချစ်ဘူးလား"

တမ်းတ မျက်လုံးကို ဖြည်းညင်းစွာမှိတ်၍ ဝသန့်ခေါင်းလေး ပေါ်တွင် မေးတင်ထားလိုက်၏။ သူ့နှလုံးသားရဲ့ တံခါးပေါက်ကို သော့ခတ်ထားနိုင်စွမ်း မရှိတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောပြမယ် နားထောင်နော်"

တမ်းတာရင်ခွင်ထဲမှာ ဝသန်တစ်ယောက် ငြိမ်သက်နေသည်။ တမ်းတာ့ရဲ့ရင်ခုန်သံကို အနီးကပ် နားဆင်နေရခြင်းသည် သူမ၏ နှလုံးသားကန္တာရကြီးထဲသို့ စမ်းချောင်းကလေးတစ်ခု စီးဆင်းလာသည့်နှယ်။

"အချစ်ဆိုတာ အချိန်ကာလနဲ့ မဆိုင်ဘူးဆိုတာ ငါ ယုံသွားပြီ ဝသန်။ စိတ္တဇနောမ်တစ်ခုကို နှလုံးသားထဲ ထည့်ဖို့ ငါ ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ဘူး။ ဘုန်းကြီးကျောင်းမှာ ကောင်မလေးတစ်ယောက်နဲ့ ဝင်တိုက်မိတဲ့နေ့က ကောင်မလေးကိုမြင်ပြီး ငါ့ရင်တွေ ပရမ်းပတာခုန်သွားခဲ့တယ်။ အဲဒီနေ့ကစပြီး ငါ ဘာဖြစ်ပါလိမ့်လို့ ငါ့ကိုယ်ငါ အကြိမ်ကြိမ် ဆန်းစစ်မိတယ်။ မိတွေးရဲ့ အသိုင်းအဝိုင်းတွေ နိုင်းသမျှကို ကြိုးကုန်းလုပ်ပြီး ငါ့အနာဂတ်ကို ဖေဖေကိုချစ်တာ တစ်ခုတည်းနဲ့ သူတို့လက်ထဲကို ဝကွက်အပ်ခဲ့သမျှ ကောင်မလေးနဲ့ ခင်မင်သွားပြီးတဲ့နောက်မှာ ကျုံ့နေတဲ့ ကြမ်းကြားကခြေထောက်ကို ရုန်းထွက်ချင်လာတယ်။ နောက်တော့ အမြင့်ရောက်အောင် ကြိုးစားချင်တယ်။ အရာရာ သိမ်ငယ်နေရတဲ့ဘဝကို ရွံမုန်းလာတယ်။ ကောင်မလေးကိုလည်း အမြဲတွေ့ချင်လာတယ်။ အဲဒါ ဘာဖြစ်လို့လဲသိလား"





"ဟင့်အင်း"

သိသော်လည်း ခေါင်းခါမိတာ ဘာကြောင့်လဲကွယ်။

"နင့်ကို ချစ်မိသွားလို့ပေါ့"

စောစောက ငိုခဲ့တဲ့မျက်ရည်တွေ ရင်နှစ်လွှာကြားမှာ ပုန်းကွယ် ငုံ့လျှိုးသွားလေ၏။ ချစ်သူ့ရင်ခွင်ကြားမှာ ကြယ်စင်ကလေးများ လင်းလက်ပြိုးပြက်နေသည့်နှယ်။ ခေါင်းကလေးကို ပို၍တိုးဝင်လျက် ထွက်သက် ဝင်သက်တို့ပင် ရှူနေတာ အမှားမှားအယွင်းယွင်းပါ။

ဥာနေကို ပြန်ရသည့်နေ့မှာတော့ ပျော်ခဲ့ဖူးတဲ့ရက်ကလေးတွေကို တမ်းတ လွမ်းမောစွာ တစ်ဦးက တိတ်ဆိတ်စွာလက်ပြ ... တစ်ဦးက နောင် ဝသန်ကို မှန်းမျှော် ...

ခြေသံ ... ခွဲကြရဦးမှာပါလား။

"ဝသန်"

မျက်ရည်တွေနှင့် ဝေ့ဝါးနေသည့်ကြားမှ ကိုယ့်ကိုယ်ကိုယ် အားပေး၍ ချစ်သူကို မော့ကြည့်မိခိုက် ...

"ရှေ့"

တုန်ယင်စွာ ကမ်းလာ၊ လက်ထဲကအရာလေးကို ဝသန် ငုံ့ကြည့်၍ နုတ်ခမ်းလေးတွေ တဆတ်ဆတ် တုန်လာခြင်းသည် ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မခံစားနိုင်လွန်းလို့ ထင်ပါရဲ့။

"ငါ့ရဲ့ ကက်ဆက်ဘောက်လေးထဲက ထုတ်ယူလာတဲ့ ကက်လေးပါ။ ငါကြိုက်တဲ့ "ရင်ခုန်ဖူးတဲ့ မိုးရာသီ" သီချင်းပါတယ်လေ။ နင် ရန်ကုန်ပြန်ရောက်ရင် ငါ့ကိုသတိရတဲ့အခါ နားထောင်ပေါ့။ နင့်အတွက် တန်ဖိုးမကြီးပေမယ့် ငါ့အတွက်ကတော့ အရင်းအနှီးကြီးပါတယ်ဟာ။ ငါ့နှလုံးသားကို တစ်စစီခွဲပြီး စီထည့်ထားတာလို့ ပြောလို့ရပါတယ်"

"တမ်းတရယ် ... လက်ဆောင်တစ်ခုရဲ့ တန်ဖိုးရှိခြင်း၊ မရှိခြင်းဆိုတာက လက်ခံသူရဲ့ ခံစားချက်နဲ့ပဲဆိုင်တာပါ။ လက်ခံသူက တန်ဖိုးထားရင် ဘယ်အရာမဆို တန်ဖိုးကြီးပါတယ်ဟာ။ အခု နင်ပေးတဲ့လက်ဆောင်က ငါ့အတွက် တန်ဖိုးဖြတ်လို့ မရပါဘူး"

ဝသန်စကားကြောင့် တမ်းတရင်ထဲမှာ ဆို့နစ်သွားရ၏။ ဘာမဟုတ်တဲ့အရာလေးကို တန်ဖိုးထားမယ်တဲ့လား ဝသန်ရယ်။ ဝသန်က သူပေးတာလေးကို မယူဖြစ်သေးတာမို့ ...

"ဒါဆိုယူလေ ဝသန်"

ကက်လေးကို လှမ်းယူပြီး ခေါင်းအင့်မှာ မျက်ရည်ပွင့်က လက်ဖမိုးပေါ်သို့ ပေါက်ခနဲ ကျသွားလေသည်။ ပြီးတော့ နှုတ်မှ ...





"ငါ ပြန်လာခဲ့မယ် တမ်းတ"

တမ်းတ ခေါင်းညိတ်ပြီး မျက်နှာလွှဲလိုက်မိတော့၏။

"နင်သွားတော့ ဝသန်"

"ငါ့ကို မနှင်ပါနဲ့ တမ်းတရယ်"

သူတို့နှစ်ဦးကိုကြည့်၍ မျက်ရည်ဖြိုင်ဖြိုင်ကျနေသူက မြတ်နှင်းနွယ်ပါ။ သူမသည်လည်း မချစ်ခဲ့ဖူးပေမယ့် နှလုံးသားနဲ့ တည်ဆောက်ထားတဲ့လူပဲလေ။

ဦးဆက်နိုင်။

ဖနီးသည်ကို လှမ်းအကြည့် မျက်လုံးချင်းအဆုံတွင် သမီးကိုခေါ်ရန် မျက်ရိပ်ပြလိုက်၏။ ဒေါ်မိုးပွင့်ဖြူလည်း ကားတံခါးကိုဖွင့်၍ ဆင်းလိုက်ကာ ...

"သမီး"

"ဒီလောက်ဆို လုံလောက်ပါပြီ၊ ကားပေါ်တက်တော့"

ဝသန် အင့်ခနဲ တစ်ချက်ရှိုက်ကာ ကားပေါ်သို့ တက်သွားလေသည်။

ဦးဆက်နိုင်၏ အထင်သေးသောအကြည့်၊ ဒေါ်မိုးပွင့်ဖြူ၏ ကျိုလားသောမျက်စောင်း၊ ဒါတွေရဲ့နောက်မှာ ကားလေးက



www.burmeseclassic.com

www.burmeseclassic.com



လျှော့ခနဲ မောင်းထွက်သွားလေပြီ။

ကျေနပ်တယ် ဝသန်။

မတန်မရာကို လှမ်းမိတော့လည်း မာန်ပါပါ မျက်ဝန်းတွေရဲ့ အောက်မှာ ငါ့ဘဝ နွမ်းကြွေခြောက်သွေ့သွားပါစေ။

တစ်နေ့ဆိုတဲ့ တစ်နေ့မှာတော့ . . . ။

နင်နဲ့ငါ။

* * *



## အခန်း (၈)

"ဝသန်"

သူမနာမည်ကို ခေါ်သံကြားလိုက်သဖြင့် သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။

"ဟယ် . . . ချမ်းမြေ့"

ချမ်းမြေ့က သူမဆီသို့ အပြေးရောက်လာသည်။

"မိန်းမ ဘယ်လိုဖြစ်တာလဲ၊ နောက်ကျနေပြီ"

"ပြောတော့ ချမ်းမြေ့ရေ . . . ဖေဖေ့ မေမေတို့နဲ့ တောင်ကို လိုက်သွားတာလေ ဟိုရောက်တော့ မယ်မင်းမပြန်နိုင်ဖြစ်နေတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကမှပဲ ရောက်တော့တယ်"

"ဟုတ်လား ... ဘာကြောင့်မပြန်နိုင်ဖြစ်တာလဲဆိုတာ ကျုပ် မသိရဘူးလား"

"တစ်ခုခုစားရင်း ပြောတာပေါ့ဟာ"

ချမ်းမြေ့သူက ခေါင်းညိတ်ပြသဖြင့် နှစ်ဦးသား နီးစပ်ရာ ဆိုင်တစ်ဆိုင်သို့ ဝင်ခဲ့ကြသည်။ ချမ်းမြေ့သူက ကျောပိုးအိတ်ကို စားပွဲပေါ်သို့ ဘုတ်ခနဲ ပစ်တင်လိုက်ရင်း ...

"ကဲ ... ပြော"

"မလောနဲ့လေ၊ စားစရာတစ်ခုခု မှာပါရစေဦး"

ဝသန်ပြောပြီး စားစရာများ လှမ်းမှာလိုက်သည်။ ပြီးမှ ချမ်းမြေ့ဘက်သို့ ပြန်လှည့်ကာ ...

"ချမ်းမြေ့"

"စ,လုံရေစ"

ဝသန် ပြုံးလိုက်သည်။ သူမကလည်း ရင်ဖွင့်ချင်နေသူပဲ

"တောသားတွေကို နင် ဘယ်လိုမြင်လဲ"

"ဟ ... ထူးဆန်းပါလား"

ချမ်းမြေ့က မျက်လုံးကြီးပြူး၍ ကြည့်လေလျှင် ...





"ဖြေလေဟာ"

"တောသားဆိုမှတော့ အသားမည်းမည်း ပုံတုံးတုံးကြီး နေမှာပေါ့"

"မှားတယ်"

"ဒါဆို တောသားလည်ရင် တို့မြို့သူမြို့သားတွေ နှပ်ချေး ချက်တတ်တယ်နော်၊ သတိထား"

"ဘာဖြစ်လို့"

"ဟဲ ဟဲ ... တောသားလည်ပင်းမှာ ဆွဲထားတဲ့ အိတ်ရှုံ့ထဲက ပိုက်ဆံကို မြို့က ခါးပိုက်နှိုက်က အလစ်ချောင်းရင်း မြို့ခါးပိုက်နှိုက်ရဲ့ ဘောင်းဘီအိတ်ထဲက ပိုက်ဆံအိတ်ကို တောသားက ပြန်နှိုက်သွားတာ ပေါ့။ အဲဒီတော့ မြို့ခါးပိုက်နှိုက်ဒေါသကြီးလို့ ငိုရင်း နှပ်ချေးတွေ ချက်တော့တာပေါ့"

ဝသန် သွားညီတန်းလေးတွေပေါ်အောင်ပင် ရယ်မိလေ သည်။ ပြီးမှ ...

"တမ်းတက မရိုးမဆန်းလေးပါဟာ"

"ဘာရယ် ... တမ်းတ ဟုတ်လား"

"အင်းလေ ... ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နာမည်ကတော့ တကယ်လှမ်းလောက်ပါတယ်"

"ရုပ်ကလည်း ရွက်ကြမ်းရေကျို မဟုတ်ဘူးဟ"

ချမ်းမြေ့က နှုတ်ခမ်းမဲ့ပြရင်း ပခုံးပါ တွန့်လေသည်။

"မဟုတ်မှလွဲရော ... လူပြုစားတာပဲဖြစ်မယ်"

"မိန်းမနော် ... အကောင်းမပြောဘူး"

ဝသန် မကျေမချမ်းနှင့်ဆိုကာ နှုတ်ခမ်းလေးစူထော်သွားသဖြင့် ချမ်းမြေ့က တခစ်ခစ်ရယ်လေသည်။

"ကဲပါ ... စိတ်မကောက်နဲ့ အမိဇာတ်လမ်းလေး နိဒါန်းပျိုးပါဦး"

သည်တော့မှ ဝသန် ရှက်ပြုံးလေးပြုံးကာ ...

"ဒီလိုဟ"

ဟု အစချီကာ သူမ မွေးနေ့ကို တောရွာလေးတစ်ရွာတွင် နှစ်စဉ်နှစ်တိုင်း ဘုန်းကြီးကျောင်းတွင် ဝါဆိုသင်္ကန်းကပ်ခြင်းဖြင့် အလှူလုပ်ခဲ့ကြောင်းမှ စ၍ ...

တမ်းတနှင့် စတင်တွေ့ဆုံခဲ့ပုံ၊

ရင်းနှီးခဲ့ကြသည့်ရက်၊

ခွဲခွာခဲ့ကြရသည့် အဖြစ်အပျက်





အားလုံးကို စိတ်ရှည်လက်ရှည် ရှင်းပြနေမိတော့သည်။

ဝသန့်စကားဆုံးတော့ ချမ်းမြေ့ တဟားဟားအော်ရယ်လေလျှင် ...

"ဘာရယ်တာလဲ ... ချမ်းမြေ့နော်"

"နင်တော့ ဂေါက်သွားပြီ ဝသန်"

"ဟင် ... နိုး"

ချမ်းမြေ့က ထောပနာပြုနေတာ မဟုတ်ပါဘဲ ကိုယ့်စိတ်ကူးနှင့်ကိုယ် ဝသန် ခြေထောက်ကလေး လှုပ်၍ လှုပ်၍ ပြုံးနေသည်။

"တောသားကိုများ ရင်ခုန်ရတယ်လို့ ဝသန်ရယ်"

"ဒီလိုတော့ မနိမ်နဲ့လေ၊ သူ့မှာ စွဲဆောင်မှုတွေအများကြီးရှိတယ်သိလား။ ရင်ခုန်တာ တောတွေ, မြို့တွေနဲ့ ဆိုင်မှမဆိုင်တာ"

"နင် ယုံကြည်ချက်ကိုသာ မြင်ရင် ရူးများသွားမလားမသိဘူး"

ယုံကြည်ချက်ဆိုသောနာမည်ဆန်းကြောင့် ဝသန့်မျက်လုံးသူလုလေး နှစ်ဖက် ထိလုမတတ် ကျုံ့သွားလေသည်။

"ယုံကြည်ချက် ဟုတ်လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ကလဲ"

"ကျောင်းကပေါ့"

"ဘာတူးဆန်းလဲ"

"ထူးဆန်းတာတော့ မဟုတ်ဘူးပေါ့၊ မိန်းကလေးတွေကို ရှုးလုမတတ်အောင်တော့ ဆွဲဆောင်မှုရှိတယ်"

"တယ်ဆိုတဲ့စာပါလား၊ အဲဒီအထဲမှာ နင်ရော ပါပါလေစ"

"ဟီး"

ချမ်းမြေ့ ဝန်ခံတဲ့သဘောကိုဆောင်သော ရှက်ရယ်ကို [illegible] ခနဲ ရယ်ချလိုက်လေသည်။

ဒါကိုသိသော ဝသန်က မျက်စောင်းနှင့် ပစ်ခတ်လိုက်[illegible]

"မိန်းမ အရှက်ကိုမရှိဘူး"

"ဘာကိုလဲဟ"

"ကိုယ်ရှုးတိုင်း သူများကိုပါ ထင်တာလေ"

"မယုံမရှိနဲ့ ဝသန်၊ ယုံကြည်ချက်က အရမ်းချောတာ [illegible] သလောက် မာနကလည်း ကြီးတယ်၊ မိန်းကလေးတွေကို မ[illegible] ကောင်းတဲ့ အသီးများထင်နေသလား မသိဘူး၊ ဘယ်မိန်းကလေး ကိုမှ စေ့စေ့မကြည့်ဘူး"





"ဒီလောက်တောင်ပဲလား"

ဝသန်က မယုံကြည်နိုင်စွာ ရော်သည်။

"ဒါထက် ဝိုတာရှိသေးတယ်ဟ"

"ဆိုပါဦး"

ချမ်းမြေ့က စားပွဲပေါ်သို့ လက်ထောက်လိုက်ကာ . . .

"သူ့အချစ်ကိုသာရရင် သေပျော်ပါပြီဆိုတဲ့ မိန်းကလေးတွေ [illegible]ကျောင်းမှာ အများကြီး အမိရဲ့"

"ဒါ . . . နင့်ဆန္ဒတွေရော မဖြစ်နိုင်ဘူးလား"

"ငါ အဲလောက်ထိ သိက္ခာမမဲ့ပါဘူး ဝသန်ရာ"

"သိဘူးလေ"

နှစ်ဦးသား စကားပြောရင်း "ဟယ်" ဆိုသောအသံနှင့်အတူ ချမ်းမြေ့ပါးစပ်ကလေး အဟောင်းသားနှင့် တစ်နေရာသို့ စူးစိုက်ကြည့် ပြန်လေတော့ . . .

"ဘာဖြစ်တာလဲ"

"ယုံကြည်ချက် လာနေပြီ"

ပထမတော့ . . .

လှည့်ကြည့်မလို လုပ်ပြီးမှ . . .



www.burmeseclassic.com

လှည့်မကြည့်ဖြစ်တော့။

ဂရုတစိုက် ကြည့်နေရလောက်အောင် သူက ဘာမို့လို့လဲ။ ဝသန့်ဆိုသည့် သူမကလည်း ကိုယ့်ကိုယ်ကိုယ်မို့လို့ ညွှန်းတာလို့ ထင်ချင်လည်းထင်ကြတော့။

ဝသန့်ကိုမြင်လိုက်တာနဲ့ မချစ်၊ မခင်သူ မရှိသလောက် ရှားပါသည်။

နူးညံ့ဝင်းမွတ် ပြစ်မျိုးလွတ်သည့် အလှတရားကို ပိုင်ဆိုင်ထားသူလေ။ ဒါကို ...

"ဝသန့်"

"အင်"

"မချောဘူးလား"

အပြုံးရဲ့နောက်ကွယ်မှာ ...

လှောင်ပြောင်ခြင်းက ကပ်ငြိလျက်။

"မဆိုးပါဘူး"

"နင် မကြည့်ဘဲနဲ့ ပြောနေတာ"

မှန်တာပေါ့။

ဝသန့်တစ်ချက်မှ ထိုလူကိုမကြည့်ရသေးတဲ့ ဝတ်ရေ





တန်းကျေ မှန်းပြောလိုက်ခြင်းပါ။

ချမ်းမြေ့ပြောမှ သူမနှင့် မျက်နှာတူရူဆီသို့ မသိမသာ လှမ်းကြည့်လိုက်သည့်တွင် ...

ဆံပင်တိုတိုကို ထောင်နေအောင် နောက်လှန်ဖြီးထားပြီး ဖြူဝင်းသောအသားအရေနှင့် အလွန်ချောပါသည်။

ဝိရိသေသဝ်စွာ ကကြီးပုံစံ နှုတ်ခမ်းလွှာက ဘာတွေပြောပြီး ရယ်နေသည်မသိ။ ရယ်လိုက်တိုင်း သွားတန်းညီလေးတွေ ပေါ်လာပုံက ရင်ခုန်ချင်စရာ။

စူးလက်တောက်ပနေသော မျက်ဝန်းအစုံက တစ်ဖက်လူကို ညှို့ယူဖမ်းစားနိုင်သည်ဆိုတာ မှန်ပါ၏။ ဒါပေမဲ့ ဝသန့်ရင်ထဲမှာ ကိုယ်နှလုံးမိခဲ့သော ရီဝေဝေမျက်လုံးလေးတွေကို မထိုးဖောက်နိုင်ပါဘူး။ သူမနှလုံးသားတစ်ခုလုံးကို သံယောဇဉ်သံကွန်ချာနှင့်အုပ်၍ စိုးမိုးနိုင်ခဲ့သူက တစ်ယောက်တည်းသာ။

သတိရလိုက်တာ တမ်းတရယ်။

"ဝသန့်"

မျက်ခုံးကိုပင့်၍ ထူးလိုက်ပြီး သူမနာမည်ကို ခဏခဏခေါ်နေသော ချမ်းမြေ့ကြောင့် တမ်းတအာသံလေးကို ကြားယောင်လာမိ

www.burmeseclassic.com



ပြန်သည်။

"နင်ခေါ်တဲ့ တမ်းတဆိုတဲ့နာမည်ကို ကြိုးနဲ့သီပြီး လည်ပင်းမှာ ဆွဲထားရရင် အင်္ဂလိမာလလည်ပင်းက လက်ညှိုးပေါင်းတစ်ထောင်ထက် များလိမ့်မယ်ထင်တယ်နော်"

ကိုယ့်အတွေးနှင့်ကိုယ် ပြုံးလိုက်မိသည့်တွင် ...

"ဘာပြုံးတာလဲ"

"တမ်းတကို သတိရသွားလို့"

ဝသန်ပြောရင်း ဆိုင်အပြင်ဘက်သို့ ငေးမောနေမိတော့သည်။ သူများတွေများ ချစ်လွယ်၊ မေ့လွယ်ကြသတဲ့။ ငါ့မှာတော့ နင့်ကိုချစ်ခဲ့တာ လွယ်ပေမယ့် မေ့ဖို့ရာ မလွယ်ပါလား တမ်းတရယ်။

***



## အခန်း (၉)

"ဝေါ"

"ဝေါ ဝေါ ဝေါ"

အမုန်းတွေထန်

ဒေါသမာန်နဲ့ အငြိုးသန်စွာ မိုးက တဝေါဝေါ ရွာသွန်းနေသည်နှယ်။

ကူဖော်လောင်ဖက် ကင်းမဲ့စွာ တစ်ယောက်တည်း မိုးသည်းထဲမှာ လျှောက်လာနေသူက တမ်းတ။

ကိုယ်ပိုင်အိမ်လယ်ကစိုက်ပြီးပေမယ့် အပိုဝင်ငွေရအောင်



www.burmeseclassic.com

www.burmeseclassic.com



သူများ ပျိုးခင်းလယ်မှာ ပျိုးလိုက်နုတ်ရသည်။ ကိုယ်က ပိုက်ဆံရှာပေး နိုင်မှ ထမင်းတစ်လုတ်ကို ရောရောရှူးရှူး မျိုချနိုင်သည့်ဘဝ။

သူများတွေက ပြောကြသည်။

"တမ်းတ . . . မင်း တစ်ရက်တလေလောက် နားပါဦးလား ကွ။ တစ်နေ့တစ်နေ့ ကြည့်လိုက်ရင် မင်းမှာ အလုပ်နဲ့လက်နဲ့ ပြတ် တယ်ကိုမရှိဘူး။ ခြေကုန်တဲ့နွားများလို မင်းရောဂါတစ်ခုခုဖြစ်ရင် မလွယ်ဘူးကွ"

"မနားနိုင်ပါဘူးဗျား ကျွန်တော် တစ်ရက်အလုပ်မလုပ်လို့ တစ်နေ့ ဝင်ငွေမရှိတာနဲ့ ကျွဲလည်ပင်းက ခလောက်လို တစ်ဒိုးဒိုး တစ်ဒေါင်ဒေါင်နဲ့ ဆူသံပူသံတွေ ကြားနေရတာ။ နားပူ မခံနိုင်ဘူးဗျာ"

အဲဒီလို ရှန်းကန်နေရသည့် တမ်းတ။ ဆယ်တန်းကို ဂုဏ်ထူး တွေ တသီကြီးနဲ့ အောင်ခဲ့ပေမယ့် "နောက်က ငွေလိုက်ပြီး အကုန် မခံနိုင်ဘူး။ လယ်သမားသားပဲ လယ်ပဲလုပ်ရမယ်" ဟူသော မိထွေး၏ တစ်ချက်လွှတ်အမိန့်ကြောင့် ကျောင်းဆက်တက်ခွင့်မရဘဲ နွားသွားတုံး ကို ခြေကန်ခဲ့ရသည်။

ဆုတောင်းတိုင်းသာပြည့်မည်ဆိုလျှင် . . .

သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရား





နောင်ဘဝအဆက်ဆက်

သံသရာအလယ်မှာ

မိရင်းဖကောင်း။ မေတ္တာလောင်း၍

အမြစ်တွယ်ကုပ်

ပန်းဆုပ်ကလေး ဖြစ်ပါရစေ။

ဤသို့မဟုတ်

သံသရာ နင်းဆုပ်ခဲ့ပါ၍

အတုလုပ်မည့်ရင်ခွင်မှာ

အမြင်မသာ ရှိရမည်ဆိုလျှင်

လူ့ဘဝနဲ့ ဝေးပါစေ . . .

လို့ ဆုတောင်းလိုက်ချင်သည်။

"ဝေါ ဝေါ"

"ဝူး ဝူး"

မိုး၏အော်သံကို ဖြိုခွင်း၍ ဆိုင်ကယ်တစ်စီး၏စက်သံက အုပ်စိုးသွားသည်။ ရိုးမြောင်းကလေးကိုဖြတ်ဖို့ဆောက်ထားသော ဂုံး တံတားလေးသို့ ရောက်ဖို့ အနည်းငယ်အလိုတွင် . . .

"ဝူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဟာ"

"ဗွမ်း"

ဂုံးတံတားပေါ်သို့ တက်လိုက်သော ဆိုင်ကယ်သည် ယိမ်းယိုင်၍ မြောင်းထဲသို့ ထိုးကျသွားသည်။ ဆိုင်ကယ်သမား အတတ်နိုင်ဆုံး ထိန်းလိုက်သော်လည်း ဆိုင်ကယ်ကသာ တံတားပေါ်မှာ တစ်စွန်းတစ်စ တင်ကျန်ခဲ့ပြီး လူက အရှိန်လွန်ကာ မြောင်းထဲသို့ ထိုးကျသွားသည်ကို မြင်ရလေတော့ . . .

တမ်းတ စဉ်းစားမနေတော့ဘူးလေ။

ထိုနေရာဆီသို့ အားကုန်ပြေးခဲ့တော့သည်။ အနားသို့ရောက်တာနှင့် ဆောင်းထားသော နီးခမောက်ကို လွှင့်ပစ်ခဲ့ပြီး ရေထဲသို့ ဒိုင်ဗင်ထိုးချလိုက်တော့၏။

မြုတ်ကျသွားသူ၏ကုပ်က အင်္ကျီစကို ဆွဲ၍ ခေါင်းကို အမိအရ ရေထဲမှ ဆွဲဖော်ဆယ်ယူခဲ့သည်။

ကုန်းပေါ်သို့ရောက်တော့ . . .

"ကျေး . . . ကျေးဇူးတင်လိုက်တာ ငါ့တူရယ်"

"အား . . . ကျွတ် ကျွတ်"

"ဟာ . . . သွေးတွေပါလား"





လူကြီးက ခြေထောက်ကိုဖျစ်၍ ညည်းသဖြင့် ငုံ့ကြည့်လိုက်တော့ ခြေဖဝါးမှ သွေးများ အဆက်မပြတ် ထွက်နေသည်။

"ဘာဖြစ်သွားတာလဲ ဦး"

"ရေထဲအကျမှာ အောက်က ငုတ်ထိုးမိသွားတာ"

"ဒဏ်ရာက အတော်နက်သွားတာပဲ"

အသေအချာကြည့်၍ ဆိုလိုက်ပြီးနောက် ထိုလူက . . .

"ဟုတ်တယ် . . . ခြေထောက် ထောက်နိုင်ပါတော့မလား မသိဘူး။ သွေးတွေလည်း အရမ်းထွက်နေတယ်"

"ဒီအတိုင်း ကြည့်နေလို့တော့ မဖြစ်ဘူး၊ ဦး ဆေးခန်းသွားရအောင်"

"ဟို"

လူကြီးက သူ့ဆိုင်ကယ်ကို လှမ်းကြည့်လေလျှင် . . .

"ရပါတယ် . . . ကျွန်တော် ဆိုင်ကယ်စီးတတ်တယ်။ ဦးသာ ကျွန်တော့်ကို တွဲပြီး ထကြည့်ပါဦး"

"ကျေးဇူးတင်ပါတယ် ငါ့တူရယ်"

"အား"

တမ်းတ လူကြီးကို တွဲထူရပ်ခိုင်းပြီး ဆိုင်ကယ်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ပြေးထူရသေးသည်။ ပြီး လူကြီးကို တွဲခေါ်ကာ အတော်အလုပ်ရှုပ်သွား၏။ လူကြီးက ခုမှသတိရဟန်ဖြင့် သူ့အကျီအိတ်ကို လက်နှင့်ပြန်စမ်းရင်း ...

"ဟာ ... သွားပါပြီကွာ"

"ဘာဖြစ်တာလဲ ဦး"

"အကျီအိတ်ထဲကပိုက်ဆံ ရေထဲကျန်ခဲ့ပြီ၊ ဆေးခန်းသွားပြီး ပိုက်ဆံမပါရင်"

"အဲဒီအတွက် ပူမနေနဲ့၊ အရေးကြီးတာက ဦး ခြေထောက်က ဇာတ်ရာ"

ပြောပြောဆိုဆို စောစောကလွှင့်ပစ်ခဲ့မိသော နီးခမောက်ကို ပြန်ကောက်ကာ ခေါင်းမှာဆောင်း၍ ...

"ကျွန်တော့်မှာ ပျိုးနုတ်ဖို့ ကြိုတင်ငွေယူထားတာနဲ့ ခု နုတ်လို့ရတာဆိုရင် လေးထောင့်ငါးရာပါတယ်။ ဦး ဆေးခန်းပြဖို့လောက်တော့ လောက်နိုင်ပါတယ်"

လူကြီးက တမ်းတကိုကြည့်၍ ခေါင်းတဆတ်ဆတ်ညိတ်သည်။ တမ်းတ ဆိုင်ကယ်ကို စက်နှိုး၍ လူကြီးကို ဆေးခန်းသို့လိုက်ပို့ခဲ့သည်။





ဒီလိုလူတစ်ယောက်ကို ကူညီခဲ့ရလို့ ရလိုက်တဲ့ဆုလဒ်ကတော့ ...

"ဒီလောက် အလှူအတန်း ရက်ရောပြီး တရားပြည့်နေရင်သည်း ဘုန်းကြီးသာ စီးလိုက်တော့ တမ်းတ။ ငွေလေးထောင်ကျော်ဆိုတာ တို့အဖို့ နည်းသလား"

"ဒုက္ခရောက်နေလို့ ကူညီတာပဲ အဒေါ်ရယ်၊ ကုသိုလ်ရပါတယ်"

"ဟဲ့ ... အူမတောင့်မှ သီလစောင့်နိုင်မယ်ဆိုတဲ့စကား နင်မကြားဖူးဘူးလား။ ဝ,မရှိဘဲ ဝိ,လုပ်ချင်တဲ့အကောင်။ ပိုက်ဆံ အိမ်ကို မပါတဲ့အတွက် ဒီမှာ နင့်အတွက် ငါးပိချက်ပဲ ရှော့"

"ဒေါက်"

စားပွဲပေါ်သို့ ဆောင့်ချသွားသော ငါးပိချက်ပန်းကန်ကို တမ်းတ ငုံ့ကြည့်လိုက်သည်။ ငါးပိရည်က ကြည်လောင်လောင်၊ ငရုတ်သီးမှုန့်လေးတွေက ဟိုကူးသည်ကူးနှင့် သူ့ကို သရော်နေသည့်နှယ်။

တမ်းတ သက်ပြင်းချ၍ ငါးပိချက်တစ်ဇွန်းခပ်၍ ထမင်းထဲသို့ ဆမ်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံပေးနိုင်သည့်အခါ ဘဲဥလောက်တော့ စားရသေး သည်။ ပိုက်ဆံမပေးနိုင်သည့်ရက် ငါးပိချက်ဆိုတော့ မနက်ဖြန်အတွက် ကြိုယူလာသည့်ပိုက်ဆံပါ ပါသွားတာမို့ မနက်ဖြန်လည်း တမ်းတ အတွက် ငါးပိချက်ပါပဲလား။

***



## အခန်း (၁၀)

"ယုံကြည်ချက်"

အနားကိုလာရပ်ပြီးခေါ်တာကြောင့် ခေါင်းငုံ၍ ကြည့်လိုက် သည်။ မြင်တော့ မြင်ဖူးသားပဲ။

ဒါပေမဲ့ ယုံကြည်ချက် သူမကို မသိပါ။ ကောင်မလေးက ဆံပင်ကိုနွဲ့ခါလျက် . . .

"တို့ကိုသိလား"

မသိဘူးလို့ဖြေလိုက်ဖို့ အားနာနေသလိုမို့ . . .

"အမှန်ကို ပြောရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပေါ့"

"မြင်တော့ မြင်ဖူးတယ်၊ ဒါပေမဲ့ . . . မသိဘူး"

ကောင်မလေးက ရယ်လျက် . . .

"ယုံကြည်ချက်က အရမ်းပွင့်လင်းတယ်နော်"

"ဒါက ငါ့ရဲ့ပင်ကိုစရိုက်ပါ"

"ယုံကြည်ချက် သတိမထားမိလို့ပါ။ တို့က ယုံကြည်ချက်ရဲ့ နောက်ဘက်ခုံနဲ့ဆိုရင် တစ်ခုံကျော်က။ တို့နာမည် သဲနုဖြူ"

"ဩော်"

ပါးစပ်ကသာ ဩော်ရသည် လူက ဝရန်တာကိုမှီနေဆဲနှင့် မျက်လုံးက သူငယ်ချင်းတွေလာရာလမ်းဆီသို့သာ။

"တို့ ယုံကြည်ချက်နဲ့ ခင်ချင်တယ် ရမလား"

သူ ပြုံးလိုက်သည်။ သူ့အဖို့ ဒါမျိုးတွေ ရိုးနေပါပြီလေ။ အကြောင်းအမျိုးမျိုးနှင့် သူ့ကို ချဉ်းကပ်နေကြသော မိန်းကလေးတွေကို အထင်လည်းမကြီး၊ အထင်လည်း မသေးပါ။

"ပြောလေ"

"အင်း . . . ခင်ပေါ့"

"ဟင် . . . ဖြေပုံကြီးကလည်း လိုက်လုပ်မှုမရှိလိုက်တာ"





"ဟ . . . ထွင်လုချည်လား။ မင်း ခင်ချင်တာကို ငါ မတားဘူးလေ။ ငါ့ကိုတော့ ဖွတ်မကျုပ်နဲ့။ မျက်နှာရှုံးစာရင်းထဲမှာ ငါ မပါဘူး"

"ဟာ . . . ယုံကြည်ချက်၊ တို့ကတော့ ရှာလိုက်ရတာ ဖတ်ဖတ်ကို မောနေပြီ။ မင်းက ဒီမှာလာပြီး အကြည်ဆိုက်နေတာကိုး"

အသံပြုကြီးတွေနှင့် ရောက်လာကြသော သူငယ်ချင်းတွေ . . .

"ပြော . . . မင်း ဘယ်တုန်းက စိတ်ပြောင်းသွားတာလဲ"

"ထုံးစံအတိုင်းပေါ့၊ ဒီမှာ နောက်နေပြီ"

ယုံကြည်ချက် စိတ်ရှုပ်သလို ဆံပင်ကို လက်နှင့်ထိုးဖွလိုက်သည်။ အခြေအနေကို နားလည်သွားသော သဲနုဖြူက နေရာမှ ချာခနဲ လှည့်ထွက်သွားတော့၏။ ရှေ့ဆက်ဆို သူမကို ဝိုင်းဖဲ့ကြတော့မှာ။ ယုံကြည်ချက်ကလည်း နေပါဦးလို့ မတားတာကြောင့်ပါ။

"ချက်ကြီး"

"ဟေ့ကောင်"

ယုံကြည်ချက်ကို အဖျားဆွတ်၍ ချက်ကြီးဟုခေါ်လျှင် ဆွေ့ဆွေ့ခုန် နာတတ်သူမို့ ယခု မျက်စိပျက် မျက်နှာပျက်စွာ။

"အဲဒီ တောကျတဲ့နာမည်ကြီး မခေါ်နဲ့လို့ ဘယ်နှစ်ခါ ပြော



www.burmeseclassic.com

www.burmeseclassic.com



ရှာလဲ ... မင်းယံ"

"မင်းကွာ ... ချက်ကြီးခေါ်လည်း ဘာဖြစ်လဲ။ ပိုင်းစိန်[illegible]ချင်သူတွေက ပေါလို့"

"မင်း တော်တော် စန်းပွင့်တဲ့ကောင်။ တို့ကိုများ တစ်မှုံ[illegible]လောက် ခွဲပေးပါလား"

"မင်းလို လူစဉ်မမီတဲ့ကောင်ကို ဘယ်ကောင်မလေး[illegible]ကြိုက်မှာလဲ"

သူငယ်ချင်းသုံးယောက်ထဲမှာ အရုပ်အပုဆုံးဖြစ်သည့် [illegible]ခေါ် မျိုးမြတ်ကို မင်းယံကစသည်။

"ဒီကျောင်းမှာ ငါ့ကို ဂရုတစိုက် မကြည့်မိဘူးဆိုတဲ့ မိန်[illegible]ကလေး ရှားတယ်နော်"

"သိပ်လည်း ဘဝင်မမြင့်နဲ့။ မင်းကို ဂရုမစိုက်တဲ့ မိန်း[illegible]လေး ရှိတယ်ကွ"

ယုံကြည်ချက် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး ...

"ဟုတ်လား ဘယ်သူလဲ"

"ဝသန်မိုးလေ"

"ဝသန်မိုးဆိုတာ ဘယ်သူလဲ"





"ဝသန်မိုးဆိုတာ ဝသန်မိုးပေါ့။ နွေလေညှင်းတို့ နွေဥသြ[illegible]တို့ မဟုတ်ဘူးပေါ့ကွာ"

ယုံကြည်ချက် တွေဝေစွာ စဉ်းစားကြည့်သည်။ ဝသန်မိုး[illegible]ဆိုတာကို သူမသိခဲ့ပါ။ မိန်းကလေးတွေရဲ့ ပါးစပ်ဖျားမှာ ယုံကြည်ချက်[illegible]ဆိုတဲ့နာမည်က အမြဲတမ်း ပြေးလွှားဆော့ကစားနေခဲ့တော့ ကိုယ့်[illegible]ကိုယ်ကိုယ် အထင်ကြီးမိတာတော့ အမှန်ပါပဲ။ ဘယ်မိန်းကလေးကိုမှ [illegible]မစိုက် မကြည့်သည့်အထိပါပဲ။ အားလုံးက သူ့ကို ဂရုတစိုက်[illegible]နေချိန်မှာ ဂရုမစိုက်သူရှိသည်ဆိုတော့ မခံချင်ပြန်။

"အဲဒီ ဝသန်မိုးဆိုတဲ့တစ်ယောက်ကို တွေ့ချင်တယ်ကွာ"

"တစ်ကျောင်းတည်းပဲဟာ တွေ့ရမှာပေါ့"

"သူက ဘယ်လိုပုံစံလဲ"

"အမိုက်စားလေးကွ"

ယုံကြည်ချက် ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်လိုက်ရင်း[illegible]ပါတွန့်ပြသည်။ သူကသာ သူများကို ဂရုမစိုက်ချင်တာ၊ သူ့ကို [illegible]မစိုက်သူကျတော့ သူတင်းချင်သည်လေ။

"ပြောရင်းဆိုရင်း ဟိုမှာ လာနေပြီ"

ယုံကြည်ချက်၏ လျှော့ရဲနေသော ခန္ဓာကိုယ်မှာ မတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလေ၏။ မင်းယံ မေးငေါ့ပြရာဆီသို့လည်း အကြည့်က ရောက်သွားသည်လေ။

ဝသန်မိုးဆိုတာ . . .

လျှောက်လာတဲ့ သုံးယောက်ထဲက အလယ်ကဟာမလေး ဖြစ်မယ်။ ရွှေအိုရောင်ဆံပင်လေးနဲ့ ဖြူဝင်းနုဖတ်နေသည့် ကောင်း လေး။ ဂျင်း(န်)ဘောင်းဘီနှင့် စပို့ရှပ်နီနှစ်ရောင်ကို ဝတ်ထားပြီး အပေါ် မှ ဂျာကင်အစိမ်းရောင်ပေါ်မှာ လက်မောင်းရင်းဘက်နားတို့မှာ အနီရောင် အနက်ကြောင်း နှစ်ကြောင်းပါသည်။ စတိုင်လ်က ယောကျ်ားလေး လိုလို ဘာလိုလို။

"ဘယ်ကိုလဲ"

"လိုက်မယ်လေ"

"ဖြစ်ပါ့မလား"

"ကြောက်တတ်ရင် ကျန်ခဲ့"

ယုံကြည်ချက် ခြေလှမ်းစလိုက်သည်နှင့် မင်းယံနှင့် မျိုးမြ နေလို့ မရတော့။ ကပ်လျက်ပါပြီးသားလေ။

"မင်း စိတ်ဝင်စားသွားပြီလား ယုံကြည်ချက်"

"ပြိုင်ဘက်အနေနဲ့ စိတ်ဝင်စားတာ"





"ဟာ"

"မဟုတ်ဘူး . . ဘာမှမကျွေးနဲ့။ အဲဒီကောင်မလေးနဲ့ ငါ မာန ခြင်း ပြိုင်ချင်တာ"

"ဟုတ်ပါ့မလား မောင်ကာဇူရယ်။ တော်ကြာ . . . မာနပြိုင် ရင်း ညားလေသတည်း ဖြစ်နေဦးမှာ မြင်ယောင်သေး"

ယုံကြည်ချက် ခြေလှမ်းတွေ ရပ်တန့်သွားသည်။ အလိုမကျ ခြင်း၊ စိန်ခေါ်ခြင်း စသည့် ရှုပ်ထွေးသောအဓိပ္ပာယ်နှင့် မျိုးမြတ်ကို ကြည့်ကာ . . .

"ယုံကြည်ချက်ဘဝမှာ မရဘူးဆိုတာ ရှိခဲ့လား"

"ဟုတ်ပါ့ . . . ဟုတ်ပါ့"

ခြေလှမ်းတွေ ဟန်ချက်ညီညီနှင့် ဆက်ခဲ့ကြသည်။

လူက နည်းနည်းရှုပ်လာ၏။ ဒါသည် ယုံကြည်ချက်အတွက် အခွင့်အရေးတစ်ခု ရသွားသည်ပေါ့။ မတော်တဆပုံစံမျိုးနှင့် သူမ လွယ်သိုင်းလွယ်ထားသော ဘေးအိတ်မှ ဖစ်ကလေးကို သူ့လက်မှ ကြားသို့ ထိုးသွင်းကာ ဖစ်ကို ကန့်လန့်ခံထားလိုက်၏။ ပြီးတော့ . .

"ဟာ . . . ဟော့ ဟော့"

ပါးစပ်မှလည်း အော်ကာ ကျန်တဲ့လက်တစ်ဖက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



သူမ၏လွယ်အိတ်ကြိုးကို လှမ်းဆွဲထားလိုက်သည်တွင် . . .

"ဘာလဲ . . . ဘာလုပ်တာလဲ"

"ဒီမှာလေ . . . ဒီမှာ"

သူလက်ကို မြှောက်ပြတော့ သူမက ငုံ့ကြည့်ကာ . . .

"ဆောရီး"

ဟုဆိုကာ သူမ လွယ်အိတ်ဇစ်ကို သူလက်နာရီကြားမှ ဆွဲထုတ်ပြီး ချာခနဲ လှည့်ထွက်သွားလေ၏။ သူဘေးကကောင်မလေးများကသာ ယုံကြည်ချက်ကို အားနာသလို လှည့်ကြည့်သွားသော်လည်း သူမကတော့ ယုံကြည်ချက်ကို ဖုတ်လေသည့်ငါးပိ ရှိတယ်လို့တောင် မမှတ်တော့။

"ဘယ့်နှယ့်လဲ ယုံကြည်ချက်"

"မဆိုးဘူး . . . ဒီပုံစံကို ငါကြိုက်တယ်"

"Heart ထိသွားတာလား"

ယုံကြည်ချက် မချိမချဉ်ပြုံးလိုက်သည်။

"အချစ်နဲ့ပတ်သက်လာရင် ငါ့ရင်ဘတ်ထဲမှာ အဖြူထည် သက်သက်လေးပဲရှိသေးတယ်"

ယုံကြည်ချက် ရဲဝံ့စွာပြောလိုက်သည်။ ဝသန်မိုးတဲ့။





လှတာထက် ချစ်စရာကောင်းတာ။ ဒါပေမဲ့ ယုံကြည်ချက် အချစ်ကို ရှေ့တန်းမတင်နိုင်ဘဲ မာနကြီးသောသူမကို ပြိုင်ဘက် အဖြစ်နဲ့သာ မျက်မုန်းကျိုးနေမိသည်။

"မင်း ဘာဆက်လုပ်မလဲ"

"ထဝ်ကြိုးစားရမှာပေါ့"

"ဒါဆို ဒီပစ္စည်းလေးက မင်းအတွက် အသုံးချစရာတစ်ခုပဲ ပေါ့"

မင်းယံပစ်ပေးသော ပစ္စည်းလေးကို ယုံကြည်ချက် ဖမ်းထား လိုက်၏။ ကြည့်လိုက်တော့ ဖုန်းတစ်လုံးလေ။

"ဒါ . . . ဘယ်ကရတာလဲ"

"သူ့ဂျာကင်အင်္ကျီအိတ်ထဲက နှိုက်ယူထားတာ"

"တော်လိုက်တာ"

ပြောပြီး ယုံကြည်ချက် မင်းယံပခုံးကို ခပ်ဖွဖွပုတ်လိုက်၏။ သူက ဆက်ရန်မရှိ ပုံစံအချိုး ချိုးသွားပေမယ့် ကိုယ့်ဘက်က ဆက်ရန် ရှိသေးသည်လေ။ အနိုင်အရှုံးသိရအောင်တော့ မင်းနဲ့ငါ ကစားကြည့် ချင်တယ် ဝသန်မိုး။ ငါက ကျားမဟုတ်သလို မင်းလည်း ကြောင် မဟုတ်ဘူးဆိုတာ သိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ချက်။

ဖုန်းစခရင်နကိုဖွင့်လိုက်တော့ Wall Paper တင်ထားတာ သည် ဝသန်မိုးရဲ့ပုံပါ။ အင်္ကျီအနီရဲရဲနှင့် ဦးထုပ်အဝိုင်းကလည်း နီနီ ရဲရဲပါ။ မေးထောက်ပြီး ရယ်နေပုံကတော့ အပြစ်ကင်းစင်တဲ့ ကလေး လေးအတိုင်းပါပဲ။ အနီရဲရဲနဲ့ဆိုတော့ ဖုန်းစခရင်နမှာလည်း အရောင် ပို၍တောက်လို့ပါ။

လက်ညှိုးလေးက ဟိုရွှေ့ ဒီရွှေ့နှင့်ပဲ Music ပေါ်လာတော့ မြားလေးကို တို့ထိကြည့်လိုက်စဉ် . . .

♫ ဝါဆိုဝသန်မိုးသည်းချိန် xxx အရောက်ပြန်လာခဲ့ပါမယ် xxx မိဝသန်ရေ မင်းပြောခဲ့တယ်လေ xxx အတွေးမှာလေ ပြန်လည် ကြား ယောင် မိုးသည်းရင်ဖြင့် လွမ်းတိုင်း မျက်ရည်ဝေ xxx စိမ်းကား သူ မိဝသန်ကြီးရေ xxx ဝါဆိုမိုးနဲ့ စောင့်မျှော်လျက်ပါပဲလေ xxx ♫

"ဟာ"

"ခွီးထဲမှ . . . ဟီး"

သူတို့က ဖွင့်လိုက်ရင် သူတို့ကြိုက်သလိုမျိုး လွမ်းမိုင်၊ ဘ[illegible] ဖြိုးတို့၊ ရဲရင့်အောင်တို့ သီချင်းသံထွက်လာမယ်ထင်တာ။ မိန်းကလေး သီချင်းဆိုရင်လည်း ဖြူဖြူကျော်သိန်းတို့၊ နီနီခင်ဇော်တို့လို အဆိုတော်





တွေရဲ့ သီချင်းသံထွက်လာမယ်ထင်တာ။ အခု အထင်နဲ့အမြင် လွဲသွား တော့ ရှုံ့သူက ရှုံ့၊ မဲ့သူကမဲ့ပါ။

♫ ဝဋ္ဋာရစ်ခွင် တိမ်ညိုအုံ့မှိုင်း xxx မိုးဝသန်ရောက်ချိန်တွေ အား ထက်ကောင်းကင်ပြိုတဲ့မိုးလို ကိုယ့်ရဲ့ရင်ထဲ အလွမ်းမိုးသွန်းရွာ နေ xxx မိဝသန်ရေ မင်းတော့ မသိနိုင် xxx ဝါဆိုမိုးနဲ့ စောင့်မျှော်ပါပဲ လေxxx ♫

အကြိုက်ချင်းမတူလို့ လှောင်ရယ်ရယ်နေကြပေမယ့် သီချင်း ကို ဝိတ်လည်းမပစ်နိုင်ပေ။ ဘာလို့လဲဆို မြန်မာသံစဉ်ကလည်း မြန်မာ သံစဉ်အလျောက် နားထဲမှာ နားထောင်လို့ကောင်းနေတာပဲလေ။ အကြိုက်ချင်း မတူကြပေမယ့် အရသာက တစ်မျိုးစီပါ။

ဒါကြောင့် . . .

သီချင်းကို ရယ်ရင်း ဆက်နားထောင်နေမိကြသည်သာ။

♫ မိုးသက် မုန်တိုင်းတို့ထန် xxx ဝါဆို ဝသန်မိုးများသည်း ချိန် သတိရနေဆဲ မိဝသန် xxx ဒါဆို မိုးရယ် ပြောပြလိုက်ပါလေ xxx မညှာမတာ စိမ်းသူကြီးရေ ဝါဆိုးမိုးနဲ့ စောင့်လျက်ပါပဲလေxxx

နားထောင်ရင်း ရယ်နေကြတာတော့ တခိခိနှင့်ပါ။

"မထင်ရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြတ်က မှတ်ချက်ပေးလေတော့ ယုံကြည်ချက်ကပါ။ ..

"အေးလေ ... သီချင်းက ဘိုးတော်ဘုရား လေးဘက်တွန်းကတည်းက သီချင်းကို သူစတိုင်လ်နဲ့မျှား ဘာရည်ရွယ်ချက်နဲ့ ကြိုက်တယ်မသိပါဘူး။ ကမ္ဘာ့တောင်ဝင်ရိုးစွန်းနဲ့ မြောက်ဝင်ရိုးစွန်းပဲ"

ပြောပြီး ယုံကြည်ချက်မှာ ခေါင်းတခါခါ။ သူတို့အတွက် လှောင်စရာဖြစ်နေပေမယ့် ဝသန့်အတွက်ကတော့ ဒီသီချင်းလေးသည် သူ့မရင်ထဲမှာ အထင်ကရဖြစ်နေခဲ့သည်ဆိုတာ။

* * *



## အခန်း (၁၁)

"ဒုက္ခပါပဲ ... ဘယ်ရောက်သွားပါလိမ့်"

"ဘာလဲ ... ဝသန့်"

"ငါ့ဖုန်း မရှိတော့ဘူး"

အပြင်မှာ မိုးဖွဲတွေကျလာသဖြင့် သတိတရ ဖုန်းလေးကို အိတ်ထဲမှာ စမ်းကြည့်တော့ မရှိတော့သဖြင့် ဝသန့် ဖင်မထိုင်နိုင်ဖြစ်သွားရသည်။

"ပါရောပါခဲ့ရဲ့လား"

"ပါတာပေါ့ ... ဖုန်းပါဆိုမှ ငါ့ကိုယ်နဲ့မကွာ အမြဲဆောင်



www.burmeseclassic.com

www.burmeseclassic.com



ထားတာကို''

''ပျောက်တော့လည်း အသစ်ဝယ်ပေါ့ဟာ''

''မဖြစ်နိုင်ဘူး''

''ဝသန်ရယ် . . . သူဌေးသမီးက ဖုန်းလေးတစ်လုံး ပျောက်တာများ စီးပွားပျက်သွားမှာ ကျနေတာပဲ၊ မျက်စိမျက်နှာပျက်လို့''

ဝသန် မျက်ရည်လေးများပင်ဝဲလာသည်အထိ စိတ်မကောင်းဖြစ်သွားရ၏။ သူမ ပေါ့လျော့မိလို့ ခုလိုဖြစ်တာ။

''ငါ့ဖုန်းကို နမြောလို့ မဟုတ်ပါဘူး ချမ်းမြေ့ရယ်''

''ဒါဆို ဘာကိုနမြောတာလဲ''

''အထဲက မန်မိုရီကတ်ကို''

''ဒါလည်း အသစ်ဝယ်လို့ရတာပဲဟာ''

''အနှစ်သာရခြင်း ဘယ်တူမှာလဲ''

သူငယ်ချင်းတွေက သူ့ကို နားမလည်သလို ကြည့်နေကြ[illegible]

''အဲဒီကတ်လေးက ငါ့ကို တမ်းတလက်ဆောင်ပေးထားတာဟ''

အသံက အဖျားလေးလှုပ်ခတ်သွားသလို မျက်ရည်တစ်ပွင့်က လွင့်ခနဲ ကြွေကျသွားသည်နှင့်အတူ . . .





''ငါ ပြန်ရှာကြည့်ချင်တယ်''

''နင် တမ်းတကို ဒီလောက်တောင် ချစ်တာပဲလား ဝသန်ရယ်''

''ဟုတ်တယ် . . . ငါ့အသက်နဲ့ ထပ်တူထပ်မျှ ချစ်တာ''

''ဒါဆို သွားရှာကြမယ်''

''ကျေးဇူးတင်ပါတယ် သူငယ်ချင်းတို့ရယ်''

စကားသံလေးရဲ့အဆုံး ထိုင်ရာမှ ထဖို့ စိတ်အကူး နားထဲသို့ [illegible]င်မြူးလာသည့်အသံက 'ရင်ခုန်ဖူးတဲ့မိုးရာသီ' ဆိုတဲ့ သီချင်းလေး။ [illegible]သံပင်လေးကို ခါရမ်း၍ လှည့်ကြည့်လိုက်စဉ် . . .

''ဒါ . . . မင်းဖုန်းလား''

ဝသန် အံ့သြသွားသလို ချမ်းမြေ့နှင့် နှင်းဦးဝေလည်း ထို့[illegible]ည်းတူပင် နှင်းဦးဝေက . . .

''ဟုတ်တယ် . . . အဲဒါ ဝသန်ဖုန်းလေး''

''ထင်တောင် မထင်မိဘူး''

''ဘာဖြစ်လို့လဲ ယုံကြည်ချက်''

''နားထောင်တဲ့သီချင်းနဲ့ လူက ဆန့်ကျင်ဘက်ဖြစ်နေလို့''

ဝသန်မျက်နှာ တင်းခနဲဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ရှော့ဝတ်ပြီး လေပါတီမပြရင်သီချင်းကို နားမထောင်ရဘူးလို့ ဘယ်ဥပဒေမှာ ပြဋ္ဌာန်းထားလဲ"

"မင်းက လက်လန်လောက်ပါတယ်"

ပြောရင်း လွတ်နေသောထိုင်ခုံတွေကို ဆွဲ၍ ထိုင်လိုက်ကြသည်။

"အပိုတွေ မပြောနဲ့ . . . တို့ဖုန်း ပြန်ပေး"

ယုံကြည်ချက် မျက်ခုံးနှစ်ဖက် မြင့်တက်သွားကာ . . .

"ရေအဆုံး ကုန်းတစ်ဝက်လေ"

"ရှင် ဘယ်လောက်လိုချင်လဲ ပြော"

သူ ဟက်ခနဲရယ်ကာ ဖုန်းကို မှောက်ချည် လှန်ချည် ကြည့်နေ၏။ ဝသန် စိတ်မရှည်နိုင်တော့။

"ပြောလေ . . . ဘယ်လောက်ပေးရမလဲလို့"

"မင်း တော်တော် ငွေစကားပြောပါလား။ ဘာလဲ ပေးမကုန်လှူမခမ်းဖြစ်အောင် ချမ်းသာနေသလား"

"ရှင်ပဲ ရေအဆုံး ကုန်းတစ်ဝက်ဆို"

"ဟုတ်တယ်လေ"

"အဲဒါ . . . ရှင် ပိုက်ဆံလိုချင်လို့ပြောတာ မဟုတ်ဘူးလား"





"ဒီမှာ ဝသန်မိုး"

"ဘာလဲ"

"မင်းချမ်းသာတာလောက်ကို ငါက ခိခိခိ၊ ခစ်ခစ်ခစ်၊ ဟားဟား ဟား . . . အဲဒီလိုအသံမျိုးစုံ ရယ်လို့ရတယ် သိလား"

ယုံကြည်ချက် အသံစုံရယ်ပြသဖြင့် ဝသန် ဒေါသတွေနှင့်ရှူးရှားရှား ဖြစ်သွားရ၏။ ဒီလူကို ကင်းအောင်နေကာမှ . . .

"ဒါဆို သူများပစ္စည်း ပြန်ပေးလေ။ ဘာလို့ယူထားလဲ"

"ဟ . . ကောက်ရလို့ ယူထားတာလေ။ မင်းပစ္စည်းကို ငါခိုးယူတာမှမဟုတ်တာ"

"မသိဘူး . . . ပြန်ပေး"

"မပေးဘူး"

"ဟာ . . . ဟော့ နေကြပါဦး"

ဖုန်းတစ်လုံးကို နှစ်ယောက်လုနေပုံမှာ ကြည့်မကောင်းကြတော့ပေ။ ရှေ့ဆက်မလိုလားတာတွေ ဖြစ်မည်စိုး၍ ဟိုဘက် သည်ဘက် သူငယ်ချင်းများ အားလုံး ရုပ်စီ ရုပ်စီဖြစ်ကြပြီး . . .

"တောက်"

"ကြားထဲက ချမ်းမြေ့တောင်းပန်ပါတယ် ယုံကြည်ချက်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကို ပြန်ပေးလိုက်ပါနော်"

"ဖုန်းကို ပြန်မပေးချင်လည်း နေပါနော်။ အထဲက ကတ်လေးပဲ ပြန်ပေးပါ။ အဲဒီကတ်လေးကို ဝသန်က အရမ်းမြတ်နိုးတန်ဖိုးထားလို့ပါ။ ဝသန့်ကိုယ်စား နှင်းဦးတို့ တောင်းပန်ပါတယ်"

မင်းယံနှင့် မျိုးမြတ်တို့လည်း မနေသာတော့။

"ပြန်ပေးလိုက်ပါ ယုံကြည်ချက်ရာ။ မင်းအတွက် အသုံးလည်း မဝင်ပါဘူး"

"ကောင်းပြီလေ ... ငါပြန်ပေးမယ်။ ဒါပေမဲ့ အပေးအယူတစ်ခုတော့ လုပ်ရမယ်"

"ပြောပါ ယုံကြည်ချက်။ ဝသန်ဘက်က အတတ်နိုင်ဆုံးလိုက်လျောဖို့ နှင်းဦးတို့ တာဝန်ယူပါတယ်"

ယုံကြည်ချက် ဝသန်မျက်နှာကို စူးစူးစိုက်ကြည့်လိုက်သည်။ မျက်နှာလေးတင်းပြီး နှုတ်ခမ်းကို ဖိကိုက်ထားပုံက ချစ်စရာ။ လျှပ်တစ်ပြက်အတွင်း ရင်တွေတောင်ခုန်မိပါရဲ့။ ရင်ထဲမှာလည်း စချင်စိတ်တွေက ကလီ ကလီ ဖြစ်နေ၏။ သို့သော် ...

"ကိုယ်တို့နှစ်ဖွဲ့ ပူးပေါင်းချင်တယ်"

"ဘာ"





"ဟ ... အသံကြား ဖျားသေပါစေဆိုတဲ့ဆုကို တောင်းလာသလားမသိဘူး"

မျိုးမြတ်က ဝင်၍ စပ်ပြေငြိမ်းစေရန် ...

"ဒီလိုပါ ဝသန် ... ကျွန်တော်တို့က ဝသန်တို့နဲ့ သူငယ်ချင်းဖြစ်ချင်တာ။ အဲဒါ"

"အဲဒါ ... စောစောကတည်းက ပြေလည်အောင် ညှိနှိုင်းပါလား"

မင်းယံက ယုံကြည်ချက်လက်ထဲမှ ဖုန်းလေးကိုဆွဲယူပြီး ဝသန့်ကို လှမ်းပေးလိုက်သည်။

"ရော့ ဝသန် ... ကျွန်တော်တို့ကို သူငယ်ချင်းအဖြစ်တော့ အသိအမှတ်ပေးပါနော်"

ဝသန်က ခွန်းတုံ့မပြန်ဘဲ တောင့်တောင့်ကလေးရပ်နေဆဲမို့ နှင်းမြေ့က ဝင်ထိန်းပေးရသည်လေ။

"ဟုတ်ပြီ ... ကဲ အားလုံးထိုင်ကြ။ ရှင်တို့ရဲ့တောင်းဆိုမှုကို လက်ခံတယ် ကျေနပ်လား"

"ဒီလိုလိုမှာစမ်းပါ"

အားလုံး ငြိမ်းချမ်းရေးယူကာ ရယ်ကြ၊ စားကြ၊ သောက်ကြ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ခင်မင်သွားကြသည်။ ဝသန်ကတော့ မကျေနပ်ချင်ပါ။

တမ်းတရယ် ...

နှင့်ကိုသာ ငါမချစ်ခဲ့မိရင် ယုံကြည်ချက်ဆိုတဲ့လူကို ငါ အရှုံး မပေးဘူး သိလား။ ခုတော့ ...

နှင့်ကို သိပ်ချစ်မိလို့ နှင်ပေးတဲ့လက်ဆောင်လေးကို မြတ်နိုး လွန်းလို့ သူ့ကိုငါ အရှုံးပေးလိုက်ရပြီ။

ငါ့ဘဝမှာ အရှုံးနဲ့ရင်ဆိုင်ရတာ ဒါ ပထမဆုံးအကြိမ်ပါပဲ။ ဒါတွေ နှင်သိစေချင်တယ် တမ်းတရယ်။

* * *



## အခန်း (၁၂)

"တမ်းတ ... မင်း ဒီနေ့ အလုပ်မသွားဘူးလား"

အိပ်ရာဘေးတွင် ခါးကြီးထောက်ပြီး မတ်တပ်ရပ်လာသော ...အသံကလည်း မာသည်ထက်ပိုနေသဖြင့် တမ်းတ မေးနေသော ...ခွံကို အသာဖွင့်ကြည့်လိုက်မိသည်။ မျက်ခွံတွေက အလွယ်တကူ ...သို့မရဘဲ လေးလံနေ၏။ ကိုယ်တွေလက်တွေကလည်း ထုံကျင် ...ခဲနေသည်လေ။

"မေးနေတာ ဖြေလေကွာ"

"ကျွန် ... ကျွန်တော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ထမင်းတစ်နပ်စရိတ်က သက်သာတာ မဟုတ်ဘူးနော်။ အလုပ်မလုပ်ရင် ဒီနေ့ ထမင်းစားရဖို့ မမျှော်လင့်နဲ့"

ဒါ ... ဖခင်တစ်ယောက်ရဲ့မေတ္တာတဲ့လား။ မိခင်မေတ္တာ ငတ်မွတ်ခဲ့လို့ ဖခင်ဆီကမေတ္တာကို လိုချင်တောင်းတခဲ့ပေမယ့် သူ့ ဖေဖေ့ဆီက ရနေတာက အလိုမကျမှုတွေ၊ ဆူပူကြိမ်းမောင်းမှုတွေ

အဆိုးဆုံးက နေ့ရှိသရွေ့ လူမှန်းသူမှန်းမသိ အရက်မူးနေ တာပါပဲ။ မယားပါသားနှင့် လည်ပင်းဖက်၍ နေ့စဉ်သောက်သည် မူးလာတော့ မယားနှင့်မယားပါသား သွေးထိုးကုန်းချောသမျှ ယုံကြည် ကာ တမ်းတကို လုံးဝ အကောင်းမမြင်တော့ဘူးလေ။

"ဟော့ကောင် သောက်ပျင်း ... ထစမ်း"

ဦးဖိုးပါတစ်ယောက် မိုးမလင်းခင် မူးနေပြီး မယားက အ အထောင်လုပ်လိုက်သဖြင့် သားဖြစ်သူအပေါ် အကောင်းမမြင်ဝါဒ ဆိတ်သုဥ်းကာ အကျီကုပ်ကိုကိုင်၍ တမ်းတကို ဆွဲထူလိုက်သည်

"ဖေဖေ"

"ဘာလဲကွ"

"ဒီနေ့ ကျွန်တော် နေမကောင်းလို့ အလုပ်မသွားတာ ဖေဖေရယ်။ ဒီတစ်နေ့တော့ နားပါရစေ"





"တမ်းတ"

"ဗျာ"

"မင်း ညာတ်မများနဲ့နော်"

"ကျွန်တော် ညာတ်မများပါဘူး။ တကယ် နေမကောင်းဖြစ် တာပါ ဖေဖေ။ မယုံရင် နဖူးကို ဖေဖေ စမ်းကြည့်ပါ"

တမ်းတက ဖခင်လက်ကို ယူ၍ သူ့နဖူးပေါ်တင်လိုက်စဉ် ဦးဖိုးပါ လက်ကို ဆောင့်ရုန်း၍ မျက်ထောင့်နီကြီးနှင့် တမ်းတကို ကြည့်ကာ ...

"အပိုတွေမပြောနဲ့ တမ်းတ။ ကိုယ်ပူရုံလောက်နဲ့ မင်း လော လောဆယ် မသေနိုင်သေးဘူး။ လောလောဆယ် သေသွားနိုင်တာက ... ဒီမှာ အရက်ဖိုးပိုက်ဆံ မရှိဘူး။ စံချိန်မမီရင် ငါ သေသွားနိုင်တယ်။ ... မင်းသိလား။ သွား ... ခု ပိုက်ဆံရအောင် ရှာပေး"

ပြော် ... နေမကောင်းတာတောင် စောင်ခြုံပြီး နွေးနွေး ... ထွေး မနေရတဲ့ဘဝပါလား တမ်းတရယ်။

မေမေ။

သားရဲ့အဖြစ်ကို ကြည့်လှည့်ပါဦးလား မေမေရယ်။ လူ့ ... ကကြီးထဲမှာ ဒုက္ခပေါင်းစုံနဲ့ သားကို ဘာဖြစ်လို့ထားခဲ့ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သားကို လာခေါ်လှည့်ပါ မေမေ။

သားဘက်က မေတ္တာတွေ ပျိုးထောင်ခဲ့ပေမယ့် မိုးခေါင်နေတဲ့ ဖေဖေ့ရင်ခွင်ကန္တာရကြီးထဲမှာ သားဘဝကို ဘယ်လိုခွန်အားနဲ့ ရှင်သန်ဖို့ ကြိုးစားရမလဲ။

"ဟော့ကောင် ... ပြောနေတာကြားလား"

"ကြားပါတယ် ဖေဖေ"

"ကြားရင် သွား"

တမ်းတာတစ်ယောက် မြဲထားသော စောင်ပါးလေးကို ကိုယ်ပေါ်မှခွာ၍ အိပ်ရာပေါ်မှ ထရပ်လိုက်သည်။ ခေါင်းတွေက အုံခဲနေသည် ကျိုနေသည်လေ။ ခြေလှမ်းကို ယိုင်နဲ့မသွားအောင် ထိန်း၍ လှမ်းနေသည်သာ။ အိမ်ပေါက်ဝသို့အရောက်တွင် ဒေါ်ကျင်ယုံမျက်နှာကြီး တွားခနဲ ပေါ်လာပြီး ...

"သား"

မြတ်စွာဘုရား။

တမ်းတာ နားကြားများမှားလေရော့သလား။ အိပ်မက်လား ထင်ယောင်မှား၍ မျက်လုံးကို ပွတ်သပ်ကြည့်မိသော်လည်း အိပ်မက် မဟုတ်။ ဒေါ်ကျင်ယုံမျက်နှာက မှိုရထားသလို ပြုံးချိုနေသည်





မျက်ဝါးထင်ထင်။ ကွက်ကွက်ကွင်းကွင်းကြီးပင်။

"သားလေး မျက်နှာမကောင်းပါလား။ ဘာဖြစ်လို့လဲ၊ နေကောင်းလို့လား"

"ဟုတ်ပါတယ်"

"အို ... ဟုတ်လား မှန်းစမ်း"

ဆတ်ဆတ်ဖျတ်ဖျတ်နှင့် တမ်းတာနဖူးကို စမ်းကြည့်ပြီး ...

"ဟုတ်ပါရဲ့ ... ကိုယ်တွေ အရမ်းပူနေတယ်။ နေမကောင်းလည်း စောင်ခြုံပြီးအိပ်နေပါလား သားရယ်။ အပြင်မှာ မိုးတွေရွာနေတယ်။ အအေးပတ်ပြီး ပိုဆိုးနေပါဦးမယ်။ သားလေးတစ်ခုခုဖြစ်ရင် အမေ ရင်ကျိုးရချည်ရဲ့။ လာ လာ ... အထဲပြန်ဝင်"

အမေဆိုပါလား။ ဒီမိန်းမကြီး လူပြုစားလို့များ စိတ်တွေ ယောင်ချောက်ချား ဖြစ်သွားပြီလား။

"ဩော် ... ဦးရှိန်ဝါ ကြွပါရှင်"

လက်စသတ်တော့ ညှိသည်ပါလာတာကိုး။ ဒါပေမဲ့ ... ရှုခြားနေတာက ဘယ်ညှိသည်ပဲလာလာ တမ်းတာ မကောင်းကြောင်းကို ရှာကြံပြီးပြောတတ်တဲ့ ဒေါ်ကျင်ယုံက ခုတော့ တမ်းတာ့ကို ...တဲ့။



www.burmeseclassic.com

www.burmeseclassic.com



“မောင်တမ်းတ”

“ဗျာ”

“ဦးကို မှတ်မိလား”

တမ်းတ ညှော့်သည့်မျက်နှာကိုကြည့်မိခိုက် . . .

“ဟင် . . . ဦး”

ဦးရှိန်ဝါက ခေါင်းညိတ်ပြရင်း ဒေါ်ကျင်ယုံ ခင်းပေးသော သင်ဖြူးပေါ်တွင် ဝင်ထိုင်လိုက်သည်။

“ထိုင်ပါဦး မောင်တမ်းတရဲ့”

“ဟုတ်ကဲ့”

“ဦးနာမည်က ဦးရှိန်ဝါပါ။ ရန်ကုန်က ဒီရွာလေးကို ကံ တစ်ခုနဲ့လာခဲ့တာ။ ဟိုနေ့က လူတစ်ယောက်ကို အရေးတကြီးလိုက်ရ ရင်း မိုးရွာတော့ လမ်းချော်ပြီး ရေထဲကိုကျသွားတာ။ မောင်တမ်း နဲ့သာ မတွေ့ရင် ဦးတော့ မင်းတို့ရွာသချိုင်းက မြေကျင်းထဲကို ရော နေပြီပေါ့”

“မဟုတ်တာ ဦးရယ်”

ဒေါ်ကျင်ယုံတစ်ယောက် မီးဖိုထဲသို့ ပြေး၊ လက်ဖက်သုပ် ရေနွေးအိုးယူရန်ဖြင့် ပျာယာခတ်နေသည်လေ။





“ဦးရှိန်ဝါ လက်ဖက်သုပ်နဲ့ရေနွေးကြမ်းလေး သုံးဆောင်ပါ ဦးရှင်”

“ရပါတယ်”

“အို . . . ဘယ်ကရရ ရမှာလဲ၊ စားပါဦး”

“မောင်တမ်းတကို တွေ့လိုက်ရတော့ အလိုလို ဗိုက်ပြည့်သွား သလိုပါပဲဗျာ”

ဦးရှိန်ဝါ၏နွေးထွေးသော အပြုံး၊ လိုက်လဲသောဆက်ဆံ မှုကြောင့် တမ်းတရင်ထဲမှာ လှိုက်ခုန်မှုနွေးသွားလေသည်။

ဖေဖေသာ တမ်းတအပေါ် ဦးရှိန်ဝါလို ဆက်ဆံခဲ့လျှင် ဘယ် လောက် ကောင်းလိမ့်မလဲ။

“မောင်တမ်းတ”

“ဗျာ”

“အချိန်မရှိဘူး သွားကြစို့”

“ဗျာ”

အံ့ဩစွာ ဒေါ်ကျင်ယုံမျက်နှာကို လှမ်းကြည့်လိုက်တော့ မျက်နှာက ထောပတ်လိမ်းထားသည့်နှယ်။ တမ်းတက ဘယ်ကိုသွား ရမှာတဲ့လဲ။ တမ်းတအဖြစ်ကို ကြည့်၍ ဦးရှိန်ဝါ ပြုံးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်တမ်းတကို ဒေါ်ကျင်ယုံ ပြောမထားဘူးလား"

"အဟင်း . . . သား အံ့သြသွားအောင် မပြောဘဲထားတာ"

တမင်တကာ မပြောဘဲထားတာ။

ဒီကိစ္စ ကြိုပြောထားရင် တမ်းတဆိုတဲ့ကောင်က ဖေဖေ့ မခွဲနိုင်ဘူး။ ဘာဘူး, ညာဘူးနဲ့ လာဦးမှာ။ ဦးရှိန်ဝါပေးထားသေ ငွေငါးသိန်းကို ဒေါ်ကျင်ယုံ ယူထားပြီးပြီ။ တမ်းတမရှိတဲ့အခါ ရင်း စားသောက်ဖို့တဲ့။ ဘယ်လောက်ပိုင်လိုက်သလဲ။ ငွေငါးသိန်းဆိုတ နည်းတာမှတ်လို့။ လက်လွှတ်မခံနိုင်ပါဘူး။ ဒါကြောင့် စာချုပ် လွယ်လွယ်လေး လက်မှတ်ထိုးပေးခဲ့တာ။

"ဦး"

"ဦးလို့မခေါ်နဲ့တော့ မောင်တမ်းတ"

"ဘာဖြစ်လို့လဲ ခင်ဗျာ့"

"မောင်တမ်းတက ဦးရဲ့အမွေစားအမွေခံသားဖြစ်သွား ဒါကြောင့် . . . ဖေဖေလို့သာ ပြောင်းခေါ်လိုက်တော့"

တမ်းတ တစ်ကိုယ်လုံး ကိုက်တာခဲတာတွေပင် ဘယ်ရော ကုန်မှန်းမသိတော့။ ဘာကိုမှ နားမလည်နိုင်သော တမ်းတကို ဦးရှိ က ဆက်၍ ရှင်းပြလေသည်။





"ဦးမှာ မောင်တမ်းတပေးတဲ့အသက်ပဲ ရှိတော့တယ်လေ"

ထိုစဉ် တမ်းတဖခင် ဦးဖိုးပါဝင်လာပြီး . . .

"ဦးရှိန်ဝါက မုဆိုးဖို၊ သားသမီး မရှိဘူး။ စီးပွားရေးလုပ်ငန်း တော်တော်အောင်မြင်နေပေမယ့် သူ့ဘဝက အထီးကျန်နေတာ၊ မွေဆက်ခံမယ့်မျိုးဆက်သစ်လည်း မရှိဘူး။ ဒါကြောင့် အသက် ခင် ကျေးဇူးရှင်ဖြစ်တဲ့မင်းကို ရှိသားမှုတွေပါ သဘောကျပြီး စာချုပ် တမ်းနဲ့ သားအဖြစ် မွေးစားလိုက်တာ"

"ဖေဖေ"

"နေဦး"

တမ်းတဆိုလာမည့်စကားကို ကြိုသိနေသော ဦးဖိုးပါ လက် ၍ တားဆီးလိုက်သည်။ ကိုယ်က မွေးထားတဲ့ ကိုယ့်သွေး၊ ကိုယ့် ကို ဦးဖိုးပါ မချစ်ဘဲနေပါ့မလား။ သားလေးကို ကျောင်းထုတ်လိုက် တည်းက ဦးဖိုးပါ စိတ်မကောင်းဖြစ်ခဲ့ရတာ။

မယားကိုလည်း မပြတ်နိုင်တာမို့ . . .

ဆုပ်လည်းရူး၊ စားလည်းရှူး၊ နမ်းလည်း မှူးရတဲ့အခြေအနေ မှာ သူ့အနားမှာ ကပ်နေပြီး သားဘဝကို မနစ်မွန်းစေချင်။ ဒါကြောင့် ာက်သော ဖခင်တစ်ယောက်ထင်ပြီး သားလေး သူ့ကို စိတ်နာ



www.burmeseclassic.com

www.burmeseclassic.com



အောင် ငါယောက်ျားဆိုတဲ့ မာန်နဲ့ ကြိုးစားချင်အောင် ရင်နာနာ
နှိပ်စက်ခဲ့ရတာ။ ခုတော့ မြို့က ဦးရှိန်ဝါက မွေးစားချင်သည်ဆိုတော
ဦးဖိုးပါ ကျိတ်ငိုပြီး ရင်ကွဲသေချင်သေပါစေ။

သားကောင်းစားဖို့အတွက် ဦးဖိုးပါ ရက်စက်ပြရဦးမယ်သ

"မင်းလိုက်သွားရမယ် တမ်းတ"

"ဖေဖေ . . . သား"

"တော်တော့ တမ်းတ။ မင်းပေးမယ့် ဆင်ခြေက. ရိုးနေ
မေတ္တာဆိုတာ ရောင်ပြန်ဟပ်တယ်ဆိုပေမယ့် မင်းပေးသလောက်
ပြန်မပေးနိုင်ဘူး။ ရှင်းရှင်းပဲ ပြောမယ်ကွာ၊ စိုးမင်းနဲ့တမ်းတ
ယောက်စလုံးကို မေတ္တာမှစလို့ အဝတ်အစားအားလုံး ခွဲဝေမပေး
ဘူး။ စိုးမင်းကိုပဲ ငါ ပုံအောပြီး ပေးချင်တယ်"

တမ်းတ ဖေဖေ့မျက်နှာကို အံ့ဩမှင်တက်စွာ ကြည့်လို
သည်။ ဒီစကားကို ဖေဖေ ပြောထွက်ရက်သတဲ့လား။ တမ်းတကို
ထဲမှာ လည်ပတ်စီးဆင်းနေတဲ့ သွေးတွေဟာ ဖေဖေ့သွေးတွေ
ဖေဖေရယ်။ ကိုစိုးမင်း ဖေဖေ့သားမှ မဟုတ်တာ။ ဖေဖေက ကို
သွေးထက် သူတစ်ပါးသွေးကို ပိုပြီးမြတ်နိုးသတဲ့လား။

"ဒီမှာတမ်းတ"





"................"

"မင်းမှတ်ထားရမှာက ငါ မင်းကို မေတ္တာမထားနိုင်တော့
ဘူး။ ဒီမယားကို မပြတ်နိုင်သရွေ့ သူ့သားကိုပဲ ငါ ဦးစားပေးရမှာ။
အဲဒီတော့ ငါနဲ့ပတ်သက်ပြီး မင်းရင်ထဲမှာ ဒဏ်ရာမရခင် မင်း ဒီက
ထွက်သွားပါ။ မင်းကို ငါ့သားအဖြစ်လည်း ဆက်ပြီး မသတ်မှတ်နိုင်
ဘူး။ ဦးရှိန်ဝါက မင်းကို ငါ့ထက် တန်ဖိုးထားလို့ ငွေငါးသိန်းနဲ့
ဝယ်လိုက်တာ"

"ဦးဖိုးပါ"

ဒီစကားကို မပြောစေလို၍ ဦးရှိန်ဝါတားသော်လည်း . . .

"စာချုပ်မှာလည်း ငါလက်မှတ်ထိုးပြီးပြီ၊ ငွေငါးသိန်းကို ငါ
ယက်လွှတ်မခံနိုင်ဘူးကွ။ အဲဒီတော့ မင်းလိုက်သွား"

နောက်ဆုံးစကားသံက နှလုံးသားကို ကျင်စက်နှင့်ထိုးလိုက်
သည့်နှယ်။ ခပ်ဆောင့်ဆောင့် ခပ်တိုတိုနှင့်လေ။ ပိုဆိုးသည်က နောက်
ဆုံးသော နှုတ်ဆက်စကားတစ်ခွန်း နားထဲမှာ ပဲ့တင်ထပ်လို့နေသည်။

"ငါ မင်းကို ရောင်းစားလိုက်တာ" တဲ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မြန်မာ့အသံမှ မွေးနေ့လက်ဆောင် သီချင်းတောင်းအစီအစဉ်
ကနေ ထုတ်လွှင့်နေသော သီချင်းလေးတွေက ကောင်းနေသဖြင့်
ယုံကြည်ချက်တစ်ယောက် ရေဒီယိုကို ဘေးချ၍ အိပ်ရာထက်မှာ
ငြိမ့်နေရာစဉ် သူ့ဖုန်းက မြည်လာသဖြင့် "ကျွတ်" ခနဲ လှမ်းကာ
ကောက်ယူနားထောင်လိုက်ရ၏။ ဘယ်သူများပါလိမ့်လို့ နံပါတ်ကို
ကြည့်ပြီး ...

"ဟဲလို"

"...............…"





"အာ ... အန်ကယ် ပြန်ရောက်နေပြီလား"

"...............…"

"ပြောလေ ... ဘာကူညီရမလဲ"

"...................…"

"ရှော့ပင်ထွက်ဖို့လား"

"...............…"

"မသွားဖြစ်တာ တစ်ပတ်လောက်ရှိပြီ။ မနက်ဖြန်တော့
သွားမလားလို့ စိတ်ကူးထားတယ်။ အန်ကယ်လ် ဘာမှာချင်လို့လဲ
ပြောလေ"

"...................…"

"ဗျာ ... အန်ကယ့်လ်သား ... ဟုတ်လား"

တစ်ဖက်ကအပြောကြောင့် ယုံကြည်ချက် ဆတ်ခနဲ တွန့်
သွားသည်။

"အန်ကယ်လ်က ဘယ်ကသားတစ်ယောက် ဘွားခနဲပေါ်
လာတာလဲ။ အန်ကယ်က တစ်ကောင်ကြွက်ဆို"

"...................…"

"မွေးစားသား ... ဟုတ်လား အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"................"

"အိုကေ ... ခုပဲ လာခဲ့မယ်"

ယုံကြည်ချက် ဟန်းဖုန်းကိုပိတ်ပြီး ရုတ်ချည်းပင် တစ်ဖက်သို့ ကူးခဲ့သည်။ ခြံချင်းကပ်လျက်မှ အန်ကယ်ရှိန်ဝါ ဖုန်းဆက်တာပင်။

အန်ကယ်ရှိန်ဝါနှင့် ဒယ်ဒီက ညီအစ်ကိုရင်းလို ချစ်ကြသူတွေပင်။ ယုံကြည်ချက်ကိုလည်း တူရင်းနောင်မယ်လို ချစ်ခင်၍ အလိုလိုက်ခဲ့သူ။ ခု အန်ကယ်က သားတစ်ယောက် မွေးစားလိုက်ပြီတဲ့။ အရည်အချင်းရှိသူ တစ်ယောက်တော့ ဖြစ်နိုင်သည်။ အန်ကယ်ရှိန်ဝါက တော်ရုံလူကို ဂရုစိုက်တတ်တာ မဟုတ်ဘူးလေ။ သူ့ကိုမြင်သည်နှင့် အန်ကယ်ရှိန်ဝါက ...

"ဟော ... ပြောရင်း ဆိုရင်း ဖိုးယုံလေး လာပြီ"

ငယ်ငယ်ကတည်းက အန်ကယ်ရှိန် သူ့ကို ချစ်စနိုးနဲ့ ဖိုးယုံလေးဟု ခေါ်ခဲ့သည်။ သူကလည်း သဘောမကျသော်ရှိ မငြင်းဆန်ခဲ့။ ရောက်သည်နှင့် မျက်လုံးကို အလုပ်ပေးကာ ...

"ဘယ်မှာလဲ ... အန်ကယ့်မွေးစားသား"

"ရှိပါတယ်ကွ ... အပေါ်မှာ"

"ခေါ်လိုက်လေ"





"ခေါ်မယ်လေ၊ တစ်ဆိတ် ကျေးဇူးပြုပြီး သူ့ရှေ့မှာ မွေးစားသားလို့ မပြောပါနဲ့ ဖိုးယုံလေးရေ။ သူက သူ့ဘာဝ သူ့အားငယ်နေတာ"

"အိုကေ ... အိုကေ"

အင်း ... ပုံစံကြည့်ရတာတော့ လဲနေသူထူပေးပါ။ အားငယ်သူ အားပေးပါဆိုတဲ့ တာဝန်ကြီးကို ယုံကြည်ချက် ထမ်းဆောင်ရဦးမည် ထင်ပါရဲ့။

"သားရေ"

"ဗျာ"

"အောက်ခဏဆင်းခဲ့ပါဦးကွာ"

"ဟုတ်ကဲ့"

အသံကြားရတာ နူးညံ့မှုတွေ ရှိသလို ခံစားရပေမယ့် ယုံကြည်ချက်က ထိုအချက်တွေကို သဘောမကျတတ်သူ။ ယုံကြည်ချက်တို့က တုံးဆိုတိုက်၊ ကျားဆိုကိုက်မှ ကြိုက်တာ။ အန်ကယ်ရှိန်ကို အားနာသောအားဖြင့် မကြိုက်သည့်မှုတွေကို ပြုပြင်၍ သူငယ်ချင်းအဖြစ် သတ်မှတ်ရဦးမည်။ သူတွေးနေတုန်းမှာပဲ ...

"ယုံကြည်ချက်ဆိုတာလား ဒယ်ဒီ"

"ဟုတ်တယ် သား။ ဖိုးယုံလေး ... ဒါ အန်ကယ့်သားလေ၊



www.burmeseclassic.com

www.burmeseclassic.com



တမ်းတာတဲ့"

ယုံကြည်ချက်က သူ့ကို ခြေဆုံးခေါင်းဆုံး အကဲခတ်သလို ကြည့်တော့ တမ်းတ မလုံမလဲဖြစ်ကာ ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်မိသည်။ အင်္ကျီလက်ရှည်အဖြူနှင့် အစိမ်းရောင်ပုဆိုးကွက်စိပ်ကို တွဲဝတ်ထားသဖြင့် အထက်တန်းကျောင်းသားကိုက်ဝင်နေသည်လေ။ ဒီကောင် တော်တော်ချောတဲ့ကောင်ပဲ။ ဒီ ရိုးရိုးတုံးတုံး အဝတ်အစားတွေကို ဖယ်ပြီး ယုံကြည်ချက် စိတ်ကြိုက်အဝတ်အစားတွေ အစားထိုးလိုက်ရင်

"ရက်ဘာစ်"

"သား"

"အာ ... ယောင်လို့ ဆောရီး ဒယ်ဒီ"

တမ်းတ ကိုယ့်ပါးစပ်ကိုယ် ဘရိတ်အုပ်လိုက်ရသည်။ ဦးရှိန်ဝါက သူ့ကို ဒယ်ဒီလို့ခေါ်ဖို့ သင်ပေးထားသလို လူနေမှုစရိုက်အားလုံးကို မြို့နှင့် အံဝင်ခွင်ကျဖြစ်အောင် သင်ပေးထားခဲ့သည်လေ။ ထို့ပြင် ယုံကြည်ချက်အကြောင်းကို ပြောပြထားခဲ့သည်။ ဖိုးယုံလေးဟူသော နာမည်ကို ပါးစပ်ဖျားက မချွဲ နောက်ပြောင်ကာ ရက်ဘာစ်ဟုခေါ်ရင်း ခုတော့ လွတ်ခနဲ ထွက်သွားပြီ။

"မင်းက တကယ့် ပိုးစော်နံကောင်ပဲ"





"ဗျာ"

"ဪ ... ဒီလိုပါ"

"ဒီလို ဟိုလိုတွေ ခဏထားကြ ဖိုးယုံလေး"

"ပြောပါ အန်ကယ်"

"အန်ကယ့်လ်သားကို ယုံကြည်စိတ်ချစွာ မင်းလက်ကို အပ်ပါတယ်ကွာ။ စတိုင်လ်လေးတွေလည်း မြှုပြင်ပေးပါလို့"

"သင်တန်းကြေး ဘယ်လောက်ပေးမှာလဲ"

ယုံကြည်ချက်က စသည်။

"လိုချင်တာပြောလေ"

"ကမ္ဘာတစ်ခြမ်းကို လက်ဖက်နဲ့သုပ်စားချင်တယ်"

သုံးယောက်သား ရယ်မိကြသည်။ ဦးရှိန်ဝါက နာရီကို ငုံ့ကြည့်ပြီး ...

"ကဲ ... သူငယ်ချင်းတွေ စကားပြောကြဦး။ အန်ကယ် အလုပ်သွားလုပ်ဦးမယ်"

"ဘိုင့် ဘိုင်"

ဦးရှိန်ဝါ ထွက်ခွာသွားပြီးနောက် ...

"ကဲ တမ်းတ ... မင်း ငါ့တပည့်ဖြစ်သွားပြီနော်။ ငါ လမ်း



www.burmeseclassic.com

www.burmeseclassic.com



ညွှန်သမျှ မင်း လိုက်နာရမယ်၊ ဘယ့်နှယ်လဲ"

"ဟုတ်ကဲ့ . . . ကျွန်တော် လိုက်နာပါ့မယ်"

"ဟာကွာ . . . ဘယ်လိုကြီးပြောတာလဲ"

"ဘာဖြစ်လို့လဲ"

"မင်းနဲ့ငါပဲ ပြောပါကွာ။ သူငယ်ချင်းလုပ်ရမယ့်ဟာကို"

"ဟုတ်သားပဲ . . . ဆောရီး"

ယုံကြည်ချက်က အဖော်အပေါင်း ခုံမင်သူမို့ သူငယ်ချင်း တစ်ယောက်တိုးလာသည်ကို အရမ်းပျော်နေပုံရသည်။ တမ်းတမှာ လည်း ဦးရှိန်ဝါမျက်နှာကို တစ်ရှာထင်ပြီးလိုက်လာခဲ့သော်လည်း အား ငယ်စိတ်လေးတော့ ရှိနေသည်လေ။ ခုတော့ အားကိုးရာတစ်ယောက် တိုးလာပြီမို့ အင်အားတွေ ရှိလာခဲ့၏။

"တမ်းတ"

"ဟင်"

"မင်းရော ငါ့ကို ခင်ချင်ရဲ့လား"

"မြင်မြင်ချင်းကို ခင်သွားတာ"

"ငါကတော့ အတိုင်းထက်အလွန်ပဲ"

"သီချင်းလား"





သီချင်းဆိုကာမှ ယုံကြည်ချက် သတိရသွား၏။ အလုပ်မရှိ အကိုင်မရှိ ထိုင်နေရမယ့်အစား lesson...1 အနေနဲ့ ဂစ်တာတီးသင် ပေးမည်ဟု စိတ်ကူးလိုက်ကာ . . .

"တမ်းတ"

တမ်းတက စောင်းငဲ့ကြည့်လေလျှင် . . .

"မင်း ဂစ်တာတီးတတ်လား"

"တေးသားလေကွာ . . . ဘယ်လိုလုပ်တီးတတ်မှာလဲ"

"သင်မလား"

"ဟာ . . . ကောင်းတာပေါ့၊ ငါက သီချင်းဆိုတာ သိပ်ဝါသနာ ပါတာ"

"ဒါဆို . . . ငါ ဂစ်တာပြန်ယူဦးမယ်"

ယုံကြည်ချက် အိမ်မှာ ဂစ်တာပြန်ယူပြီး တမ်းတကို ဂစ်တာ စီး သင်ပေးလေသည်။ ထိုနေ့မှစ၍ နောက်များတွင် တမ်းတနှင့် ယုံကြည်ချက်တို့ နှစ်ယောက် တစ်ဦးကိုတစ်ဦး ခင်မင်စွာ တစ်ပူးတွဲတွဲ နေခဲ့သည်။ ကြာလာတော့ တစ်ဦးရဲ့သဘောကို တစ်ဦးက နားလည် ဆို အခန့်မသင့်လို့ သဘောထားကွဲလွဲကာ ဆန့်ကျင်နေရင် တစ်ဦး က အလျှော့ပေးတတ်ကြသည်လေ။ တမ်းတက အမှတ်ကောင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းအောင်ခဲ့သူ။ ယုံကြည်ချက်တို့က ရိုးရိုးသမားတွေ။ မေရှ
ချင်းမတူ၍ တမ်းတနှင့်ယုံကြည်ချက်တို့ ကျောင်းတက်ချိန်တော
တစ်နေရာစီပေါ့။

တမ်းတ ယုံကြည်ချက်နှင့် မေရှာတူယူဖို့ပြောကြည့်သေး
ပေမယ့် ...

"အခွင့်အရေးဆိုတာ နှစ်ခါမရဘူး။ ရတဲ့အခွင့်အရေး
လက်လွှတ်မခံနဲ့"

ဆိုသည့်စကားကြောင့် ကျောင်းကွဲခဲ့ကြသည်။ ကျောင်
တက်နေချိန်မှာ မဆုံဖြစ်ကြသော်လည်း ကျန်တဲ့အချိန်မှာတော့ အ
တမ်း အတူတူ။ အချစ်ဆုံးသူငယ်ချင်းဆိုသည့် ဝေါဟာရထက် သေ
နက်သော သွေးသောက်ညီအစ်ကိုဆိုသည့် စကားစုကို တရုတ်သိုင်း
ကားတွေထဲက အတုယူတာ မဟုတ်ပေမယ့် အတုယူသလို တစ်ဦး
ထိရင် တစ်ဦးက ဆတ်ဆတ်ထိမခံအောင် ဖြစ်ရသည်အထိ ချစ်ခဲ့
သည်လေ။

"မင်းကို ငါ ယုံကြည်ချက်လို့ မခေါ်ချင်ဘူး။ ရက်ဘစ်လို့
ခေါ်မယ်"

"ခေါ်ပေါ့၊ ငါကလည်း မင်းကို မိုင်းလို့ခေါ်မယ်"





မိုင်းဆိုသောနာမ်စားလေးကြောင့် တမ်းတ မျက်စိလည်သွား
သည်။

"ဘာဖြစ်လို့ မိုင်းလို့ခေါ်တာလဲ"

ယုံကြည်ချက်က ဟက်ခနဲ တစ်ချက်ရယ်ကာ ...

"မိုးရွာတဲ့နေ့တွေဆိုရင် မင်းမျက်နှာက မိုးလိုပဲ အုံ့မှိုင်းနေလို့
လေ"

နှစ်ဦးသား အပြန်အလှန် သဘောတူလျက် ရက်ဘစ်နှင့်မိုင်း
ဆိုသည့် နာမည်ကို အတည်ပြုခဲ့ကြသည်။

သည်လို ပျော်ရွှင်ခဲ့ရတဲ့ အချိန်လေးတွေထဲမှာ တစ်နေ့
သောကတွေ ကာရံထားတဲ့ ဆိုက်ကလုန်းမုန်တိုင်းတစ်ခု တိုးဝင်လာ
လိမ့်မယ်လို့ သူတို့ ထင်မှတ်ထားကြမှာ မဟုတ်ပါဘူးလေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ချိတက်လာပါပြီ ဗရုတ်အုပ်စု"

ချမ်းမြေ့က မေးငေါ့ပြီးပြသဖြင့် ဝသန် လှည့်ကြည့်လိုက်သည်

ယုံကြည်ချက်က သူမကို ပြုံးပြသဖြင့် သူမက ပြန်၍ မဲ့ပြလိုက်၏။

"ငါ့ကိုမြင်တာနဲ့ နှုတ်ခမ်းကို အရင်မဲ့တော့တာပဲ။ ဘယ်ဘ

က ရေစက်ကြောင့် ငါ့ကို ဒီလောက်ခါးနေရတာလဲ မိုးရာ"

"ယုံကြည်ချက်"

"ပြော"

ဝသန့်အသံက မာဆတ်ဆတ်ဖြစ်သွား၏။





"နင် ငါ့ကို မိုးလို့မခေါ်နဲ့လို့ ဘယ်နှစ်ခါ ပြောရမလဲ"

"နင်ကလဲဟာ ... တွန့်တိုစရာမရှိ တွန့်တိုနေပြန်ပြီ"

"နင်မသိဘူး နှင်းဦး။ ဒီကောင့်အချိုးကို ငါသိတယ်"

"ငါက နင့်ကို သူများတွေထက် ပိုပြီးခင်လို့ တန်ဖိုးထားလို့ မြင့်ကို ပိုပြီး မိုးလို့ခေါ်တာ ဘာဖြစ်လဲ"

"မခေါ်ရဘူး"

"ခေါ်မယ်"

ယုံကြည်ချက်တစ်ယောက် ဝသန် ဒေါသဖြစ်သွားပုံလေးကို ကြည့်၍ အသည်းယားသွားသည်။ အစက သူ ဝသန်ကို မာနခြင်းပြိုင် ၍ ချဉ်းကပ်ခဲ့တာပေမယ့် ခုတော့ သူသာ မာနတွေကိုချ၍ အရှုံးပေး ရသည်လေ။

ဘာကြောင့်လဲလို့မေးရင် အမုန်းရဲ့နောက်ကွယ်မှာ အပြုံးတွေ တာကို သူတစ်ချိန်က မသိခဲ့လို့ပါ။ မုန်းလွန်းလို့ မဟုတ်ခဲ့ပေမယ့် ဆိုင်လို့မှုက ဆုံစည်းဖို့ ဖန်လာခဲ့လေသလား။ ခုတော့လည်း တိုင်းမှာ • နှလုံးသားက ဝသန်၊ ဝသန်ဖြစ်နေပြီ။ ချစ်ခဲ့မိပြီ နိုးရယ်။

"ဘာကြည့်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လှလို့"

"တောက်"

ခပ်ပြင်းပြင်း တောက်ခေါက်သံကိုပင် သံစဉ်တွေနှင့် ပျော်မြူ ခဲ့သော တေးတစ်ပုဒ်ဟု ထင်နေသည့်အလား။ ပြုံးစွခြင်း အလျှင်းမရှိဘဲ ရယ်နေမိသည်။ ယုံကြည်ချက် မာနတွေ ဘယ်ရောက်ကုန်ပြီလဲ။ ဝသန်မကြိုက်တာကို ရှောင်ကြဉ်ချင်မိလာတာက ဘာလဲ။

"မင်းတို့နှစ်ယောက်ကလည်း မတွေ့လိုက်နဲ့ တွေ့လိုက်တာ နဲ့ ခွေးနဲ့မျောက်လိုပဲ"

"ငါက ခွေးပဲဖြစ်မှာပါ"

"ကိုယ့်အဆင့်အတန်း ကိုယ်နားလည်ရင် ပြီးတာပဲ"

ဝသန်တို့အုပ်စုနှင့် ယုံကြည်ချက်တို့အုပ်စု ခင်မင်လာကြတာ တက္ကသိုလ်ကာလ နှစ်ဝက်ပင်ကျိုးနေပြီ။ ကျန်တဲ့သူတွေ အဆင်ပြေ နေကြသော်လည်း ဝသန်နှင့် ယုံကြည်ချက်ဆက်ဆံရေးက သိပ် အဆင်မပြေလှ။ မင်းယံက အစသန်သူပီပီ . . .

"ယုံကြည်ချက်အပေါ် နည်းနည်းလောက် လျှော့ဆက်ဆံ လား ဝသန်ရာ"

"လုံးဝပဲ"





"မရေရာတာကြီးကို မျှော်လင့်နေမယ့်အစား ရတာကိုပဲ ယူ ထားပါလား ဝသန်ရာ"

ဝသန် ချမ်းမြေ့ကို မျက်စောင်းထိုးလိုက်သည်။ အရင်တုန်း ကမှ တမ်းတအကြောင်းတွေ ပြောမိရင် နားထောင်ကြသေးသည်။ အခုဆိုရင် တမ်းတအကြောင်းပြောရင် ချမ်းမြေ့ရော နှင်းဦးပါ ဟိုလိုလို ဒီလိုလို စကားလမ်းကြောင်း လွှဲပစ်ကြသည်လေ။ အဲဒါက ဘာအချိုး လဲ။ တစ်ခါတစ်ရံ သီသီသာသာကြီး နားပိတ်ထားတတ်ကြတာတွေ။ တောသားနဲ့ သဘောမတူဘူးတဲ့။

"နှင့်အပေါ်မှာ ယုံကြည်ချက် မရိုးသားတော့ဘူး ဝသန်"

"သူဖွင့်ပြောရင် ပြန်သာကြိုက်လိုက်"

"တို့ကတော့ အတိအလင်း ကြေညာတာနော်။ နှင့်ကို ယုံကြည်ချက်နဲ့ပဲ သဘောတူတယ်"

သူငယ်ချင်းတွေ ဒီလိုပြောလာတော့ ယုံကြည်ချက်ကို ပိုပြီး အမြင်ကတ်မိသည်။ သူမက ဘာဖြစ်လို့ ယုံကြည်ချက်ကို ပြန်ချစ်ရမှာ လဲ။ ယုံကြည်ချက်လည်း ဖွင့်ပြောသေးတာ မဟုတ်ဘဲနဲ့များ။ ဖွင့်ပြော သည်း ဝသန် ဂရုမစိုက်ပါဘူး။ တမ်းတအပေါ်ထားခဲ့တဲ့ သူမရဲ့မေတ္တာ နဲ့ သစ္စာတရားကို အသက်နဲ့ခန္ဓာ တည်နေသရွေ့ စောင့်ထိန်းဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ပြီးသားပဲဥစ္စာ။ တမ်းတဘက်မှာ ရပ်တည်ပေးမယ့်သူ တ
ယောက်မှမရှိပေမယ့် ဝသန် စိတ်ပျက်မသွားပါဘူးလေ။ တမ်းတ
ပတ်သက်ပြီး ဘာအကြောင်းမှ သူငယ်ချင်းတွေကို ပြောမပြတော့
စိတ်ချပါတမ်းတရယ်။ ရင်ထဲက ခံစားချက်တွေကို ရင်ထဲမှာပဲ သိမ်း
ထားတော့မယ်။ တို့နှစ်ယောက် ပြန်ဆုံကြတဲ့အခါကျမှ . . .

"ဝသန်က ဘယ်သူ့ကို စောင့်မျှော်နေလို့လဲ"

ယုံကြည်ချက်၏အမေး။

ဝင်ဖြေသူက နှင်းဦးဝေ။

"ဩော် . . . ဟိုလေ၊ ဝသန်က သူ့အိပ်မက်ထဲက မင်းသာ
လေးကို လိုက်ရှာနေတာ။ အပြင်မှာ ရှိကိုရှိရမယ်လို့ တယူသန်ပြော
နေလို့။ အဲဒါ တကယ်မဖြစ်နိုင်ဘူးလို့ ပြောတာ . . . အဟဲ"

သည်တော့မှ ညိုနေသော ယုံကြည်ချက်၏မျက်နှာက ပြ
ယောင်သမ်းသွားသည်။

"အိပ်မက်ဆိုတာ တကယ်မှမဟုတ်တာ"

"အေးလေ . . . ကြုံရာ ဆုံရာ မက်တတ်တာပဲဟာ"

"အစွဲအလမ်းထားမနေနဲ့"

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသော်လည်း ဝသ





တတော့ မတုန်မလှုပ်။ မျိုးမြတ်က . . .

"နင် တကယ်မသိတာလား ဝသန်"

"ဘာလဲဟ . . . အရင်းမရှိ အဖျားမရှိနဲ့"

"ယုံကြည်ချက် နင့်ကို ချစ်နေတာလေ"

ဝသန် နှုတ်ခမ်းလေးကိုကွေးသွားအောင် မဲ့လိုက်သည်။

"မဲ့ပြန်ပြီ"

ယုံကြည်ချက်က ဝသန့်မျက်နှာလေးကို ခပ်ငေးငေးကြည့်
တာ ဆို၏။

"သူငယ်ချင်းတွေအားလုံးက ငါ့ရင်ထဲက ခံစားချက်ကို
ဖောက်ထွင်းပြီးမြင်နေရဲ့သားနဲ့ နင်က ဘာဖြစ်လို့ ဥပေက္ခာပြုထားရ
တာလဲ ဝသန်ရယ်"

ဝသန်က အအေးဖန်ခွက်ထဲမှ ပိုက်တံလေးကို စုပ်ယူမပျက်

"သူတို့ပြောသလို နင့်ကို ငါချစ်တယ် ဝသန်"

"သေလိုက်ပါလား"

"ဝသန်ရယ်"

ယုံကြည်ချက် စိတ်မောစွာ ညည်းတွားလိုက်မိသည်။ တစ်နှ
တ မာနတံခွန်ထူခဲ့သမျှ ခုတော့ ကျရှုံးခဲ့ပါပြီလေ။ ဝသန်က ကျောပိုး



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကလေးထဲမှ တစ်စုံတစ်ရာကို ထုတ်ယူပြီး လက်ညှိုးကလေး ဆော့ကစားလိုက်၏။ ဖုန်းထဲကသီချင်းကို ဖွင့်တာလေ။ တီးလုံးသံလေးက ငြိမ့်ညောင်းစွာ ထွက်ပေါ်လာသည်မှာ ရင်ခုန်ဖူးတဲ့ မိုးရာသီသီဆိုတဲ့ သီချင်းလေးပေါ့။

ယုံကြည်ချက်၊ မှိုင်းကို သတိရသွားမိ၏။ မိုးရိပ်တွေထင်လာတိုင်း မှိုင်း ဒီသီချင်းကို အမြဲဆိုတတ်တာကြောင့်ပါ။

မှိုင်းနဲ့ဝသန်။

ဘာကြောင့် အကြိုက်ချင်းတူနေရတာလဲ။

"ယုံကြည်ချက်"

ယုံကြည်ချက်က မျက်ခုံးပင့်၍ ထူးဟန်ပြတော့ ဝသန် သွားတက်ကလေးပေါ်အောင် ရယ်လေသည်။ ပြီးမှ . . .

"ဒီသီချင်းကို ငါ ဘာကြောင့် ကြိုက်တာလဲ နင်သိချင်လား"

"မသိချင်နဲ့နော် ယုံကြည်ချက်။ ဝသန် သက်သက်အရူး နေတာ"

ချမ်းမြေ့၏ ဖျက်ဆီးရေးမှုဝါဒကို ဝသန် မချေဖျက်လိုတော့ပြီ။ အများနဲ့တစ်ယောက်မို့ စောဒကလည်း မတက်ချင်ပါဘူး။ ထမင်းတစ်ချက်တွန့်ပြပြီး ထိုင်ရာမှ ထသွားလေတော့ . . .





"လက်စသတ်တော့ တို့နဲ့လွတ်တဲ့နေရာမှာ သီချင်းသွားနားထောင်တာကိုး"

ပြတင်းမှတစ်ဆင့် အဝေးသို့ငေးမျှော်ရင်း သီချင်းနားထောင်နေသော ဝသန့်ကိုကြည့်၍ မင်းယံက မကျေမချမ်းဆိုသည်။ ဝသန် ရယ် နင့်အိပ်မက်ထဲက ကောင်လေး ငါဖြစ်ချင်လိုက်တာ။

"ယုံကြည်ချက်"

"ဘာလဲကွာ"

"ဟ . . . အသံက မညှက်ညောပါလား"

"ဒီမှာ နောက်နေတာလေ၊ မင်းတို့ သိလျက်နဲ့"

ယုံကြည်ချက်၏ မအီမလည်မျက်နှာပုံကိုကြည့်၍ ခွီးခနဲ ရယ်ကြလေသည်။ မျိုးမြတ်က ရယ်သံမပြယ်သေးသောအသံနှင့်။

"ဒီဘက်လှည့် ပြောစရာရှိလို့"

"ပြောကွာ"

"မှိုင်းနဲ့ဝသန် စိတ်ချင်းများ ဆက်နေသလား မသိဘူးနော်"

ယုံကြည်ချက် တွေခနဲဖြစ်သွားလေသည်။ မှိုင်းနဲ့ဒီကောင်လေးလည်း ယုံကြည်ချက်နှင့်ပတ်သက်၍ သူငယ်ချင်းတွေ ဖြစ်ခဲ့တော့ အကြောင်းကို ယုံကြည်ချက်သိသလို သူတို့တွေလည်း သိနေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်လေ။

"မှိုင်းဆိုတာ ဘယ်သူလဲဟင်"

"မှိုင်းဆိုတာ တို့သူငယ်ချင်းပဲ . . . သူက တို့နဲ့ ကျောင်းချ မတူတော့ အိမ်မှာပဲ ဆုံကြတာ"

နှင်းဦးဝေ၏အမေးကို မင်းယံက ဖြေပေးသည်။ တစ်ေ တော့ နှင်းဦးဝေတို့အဖွဲ့နှင့် မှိုင်းကို ဆုံပေးချင်ပါသည်။ သဘော သော မှိုင်းကို သူတို့ခင်ကြမှာပါ။ ယုံကြည်ချက်က ကင်းခြေများ ဖြစ်ခဲ့သည်ဟု မင်းယံနှင့်မျိုးမြတ် စနောက်ခဲ့ဖူးသည်။ ယုံကြည်ချ ကိုယ်တိုင်ကလည်း ဝန်ခံခဲ့ဖူးသည်လေ။

"ငါတော့ လောကမှာ ငါ့လောက် ခြေထောက်များတဲ့ကော မရှိဘူးလို့ ကြွေးကြော်တဲ့ ကင်းခြေများလိုဖြစ်နေပြီ"

"ဘာဖြစ်လို့လဲကွ"

"ကိုယ့်ထက် ခြေထောက်များတဲ့ ပိုးစော်နံကောင်နဲ့လည် တွေ့ရော ငါပြောတဲ့အထဲမှာ မင်းမပါဘူး ဖြစ်သွားရတာလေ"

ယုံကြည်ချက်က ဟက်ဟက်ပက်ပက် ရယ်၍ ဆိုသည် နားမလည်နိုင်ကြစွာ။

"ရှင်းရှင်းပြောကွာ နားမလည်ဘူး"





"ဪ . . . မင်းတို့ကလည်း တုံးပါ့။ မှိုင်းက ရုပ်ရော၊ ပညာအရည်အချင်းရော၊ လူမှုဆက်ဆံရေးကော ငါ့ထက်သာနေတော့ ငါက ကင်းခြေများ ဖြစ်သွားတာပေါ့။ မှိုင်းက ပိုးစော်နံကောင်လေ"

"ဟင်း . . . နံလိုက်တာ"

မျိုးမြတ်က မှိုင်းနားမှာထိုင်နေသူမို့ နှာခေါင်းကိုရှုံ့၍ လက်နှင့် ယပ်ခတ်ကာ နောက်သို့ ဆုတ်ထိုင်လေသည်။

"မနာလိုမရှိနဲ့။ မင်းတို့ အကျင့်ပုပ်တာ ဒီက သိတယ်"

"အို . . . သူများကို စွပ်စွပ်စွဲစွဲ . . . ဟင်း"

မင်းယံက မိန်းမလျာလို နွဲ့ခါလျက် မှိုင်းပခုံးကိုပုတ်၍ ဆို သည်။

"အကျင့်ပုပ်မှာပေါ့၊ မင်းက မနာလိုဖြစ်ချင်စရာ"

"ငါတို့ ဒီကောင့်ကို အဲဒါကြောင့် ပွဲမထုတ်ဘဲထားတာ"

"ဘာလဲ . . . မင်းကောင်မလေး ငါ့ကို ကြိုက်သွားမှာစိုး လို့လား"

"ဒါပေါ့"

တကယ်ပဲ မှိုင်းကို ဝသန်နှင့်တွေ့ပြီး မိတ်ဆက်မပေးချင်ခဲ့ သော ယုံကြည်ချက်ပင်။ မတော်တဆကိုပင် ကြောက်နေမိသလိုလို။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအတွက်တော့ စိတ်ချ ရက်ဘစ်"

"အာမခံ မရဲနိုင်နော်"

"ဒီမှာ"

အားလုံး လှည့်ကြည့်တော့ မှိုင်းက သူ့ရင်ဘတ်ကို တစ်ဘုတ်ဘုတ် ပုတ်ပြရင်း ...

"ငါ့ရင်ဘတ်ထဲမှာ နေရာယူပြီးသားသူ ရှိတယ်"

"ဟုတ်လား ... လျင်လိုက်တာ"

သူတို့နဲ့ပေါင်းမိပြီး သွက်လက် ဖျတ်လတ်လာသော မှိုင်းသည် ဘာမဆို လုပ်ရဲကိုင်ရဲရှိလာသလို ရိုးသားပွင့်လင်းစွာ အရာရာကို ဝန်ခံတတ်သည်။ သူ့ခံစားချက်တွေကို ရင်ဖွင့်တတ်သည်။ မှိုင်းနှလုံးသားကို ချုပ်ကိုင်စိုးမိုးခဲ့သူသည် မှိုင်း နှုတ်ဖျားက ခေါ်သည့် 'ငါ့ကောင်မလေး' ဟူသာ သူတို့သိထားခဲ့ကြသည်သာ။

* * *



## အခန်း (၁၅)

တမ်းတတတ်စဖွယ် ယုံကြည်ချက်မပါပဲလည်း ရန်ကုန်မြို့ ဒီလောက်တော့ သွားတတ်လာတတ်နေပါပြီ။ ဒါတွေအားလုံး ယုံကြည်ချက်ရဲ့ကျေးဇူးတွေကြောင့်ပါ။ ရက်ဘစ်ဆိုတဲ့ သူငယ်ချင်း ဆရာရဲ့ အသင်အပြကောင်းမှုကြောင့် ဝတ်တာ၊ စားတာမှအစ မြို့ပုံ ပုံလုံး ပေါက်ခဲ့ပါပြီလေ။ ခုဆိုရင် ကျောင်းမှာ ကောင်မလေးအတော် အများရဲ့ ပါးစပ်ဖျားမှာ ...

"တကယ်တော့ တို့ကျောင်းမှာ ကင်းဘွဲ့ရသင့်တာက ဒင်းတာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ . . . တို့ကျောင်းမှာ ကင်းရွှေ့ပြီးမှ သူက နောက်ကျရောက်လာတော့ ဒုတိယနေရာ မရသင့်ဘဲ ယူသွားရတာ"

"နှမြောစရာလေး"

ဆိုတဲ့ အသံတွေက တိုးတိုးကျယ်ကျယ်။

တမ်းတ ကျောင်းမှာ သူငယ်ချင်းများများမထားခဲ့ပါ။ ရှားရှားပါးပါး လွှမ်းအောင်ဆိုသည့် သူငယ်ချင်းတစ်ယောက်သာ တွဲဖြစ်ခဲ့သည်။ ယုံကြည်ချက်တို့နှင့်တွေ့မှသာ အပီကဲတတ်သူလေ။

ခုလည်း ယုံကြည်ချက်က သူ့အဖေအလုပ်ကိစ္စခိုင်း၍ ခရီးထွက်သွားသည်။ ကျောင်းပိတ်ထားသည့်မို့ ဟိုကောင်တွေကလည်း မလာတော့ ပျင်းပျင်းရှိတာနှင့် တစ်ယောက်တည်းပဲ စွေစွေငေါ်ငေါ် ထွက်လာခဲ့သည်လေ။

ယုံကြည်ချက် မွေးနေ့တောင်နီးလာပြီ။ ဘာ လက်ဆောင်ပေးရကောင်းမလဲဟု စင်တာထဲမှာ တဝဲလည်လည်။ ပစ္စည်းရှာနေ နိုက် . . .

♫ ဝါဆိုဝသန်မိုးသည်းချိန် xxx အရောက်ပြန်လာခဲ့ပါမယ် xxx မိဝသန်ရေ မင်းပြောခဲ့တယ်လေ xxx အတွေးမှာလေ ပြန်လည်ကြား ယောင် မိုးသည်းရင်ဖြင့် လွမ်းတိုင်း မျက်ရည်ဝေ xxx စိမ်းကာ





ချ မိဝသန်ကြီးရေ xxx ဝါဆိုမိုးနဲ့ စောင့်မျှော်လျက်ပါပဲလေ xxx ♫

တိုးသဲ့သဲ့သီချင်းသံကြောင့် နာရီတစ်လုံးကို ကိုင်လှဆဲဆဲ က်သည် နာရီကိုမကိုင်ဖြစ်တော့ဘဲ ခါးလေးမတ်၊ ခေါင်းကလေး ထောင်သွားမိ၏။

မိုးဝသန်ကို ကာလများစွာ ကျော်လွန်နေပါလျက် . . . ခွေကို ... ရွှေညှိသြတွေ ဘယ်လောက်ပဲအသံချိုချိုနဲ့ လက်ယက်ခေါ်နေပါ ...

စိတ်တွေက အတိတ်က မိုးသည်းဖူးသည့်တစ်နေ့တွင်သာ ...မ်မူးပျော်ဝင်နေခဲ့မိသည်။

ဒီသီချင်းလေးသည် သူ့နှလုံးသားဗဟိုတည့်တည့်၌ စိုက်ဝင် ...ခဲ့သော မြားတစ်ချောင်းမို့ တဖြည်းဖြည်းဝေးသွားသော သီချင်းသံ ...က်သို့ မျက်လုံးက ကပျာကသီလိုက်ကြည့်မိလေလျှင် . . .

"ဟင်"

စင်တာထဲမှထွက်သွားသော ကောင်မလေးသုံးယောက်။ ...က်ကျောမှ မြင်နေရသည်က ကောင်မလေးတစ်ယောက်၏ လက် ...ာ ဖုန်းကို တစ်ယောက်ကလုနေသည်။ နောက်မှ မြင်ရသည့် ...ွင်းမို့ မျက်နှာများကိုမမြင်ရ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ဝသန့်များလားဟု ပြေးလိုက်သွားမိခိုက်။

"မလုပ်နဲ့ဟာ"

"ဒီသီချင်းကို တို့ရှေ့မှာ နားမထောင်နဲ့"

"ဘာဖြစ်လဲ . . . ဒီသီချင်းက ငါ့အသည်းနှလုံးပဲဟာ"

"နားကြားပြင်းကတ်တယ် ပေး"

"မပေးဘူး"

ဖုန်းလေးတစ်လုံးကို သုံးယောက်လုနေသောမြင်ကွင်း

အလယ်ကတစ်ယောက်မျက်နှာလေး တစောင်းအနေအထားနှင့်

မပြင် ပေါ်လာသည့်တွင်။

ဝသန့်မှ ဝသန့်အစစ်ပါ။

မျက်စိမှားတာတော့ မဖြစ်နိုင်ပါဘူး။

ဒီမျက်နှာလေးက တမ်းတနှလုံးသားရဲ့ ပုံရိပ်တစ်ခုပဲ

လျှပ်တစ်ပြက် မြင်လိုက်ရတာနှင့် မှတ်မိစွာ မေ့မရနိုင်ခဲ့သည့် အသည်း

ထဲက ပုံရိပ်လွှာ။

တမ်းတ ခြေလှမ်းတွေသွက်နေ၏။

"ဝသန့်"

"မောင်တမ်းတ"





ကားပေါ်တက်တော့မည့် ဝသန့်ကို အမိအရ လှမ်းခေါ်လိုက်

သော်လည်း သူ့လက်ကို လှမ်းဆွဲ၍ နှုတ်ဆက်လိုက်သူက ဒယ်ဒီ့

တ်ခွေ ဦးမြင့်ဇော်။

ဦးမြင့်ဇော်ကို အလျှင်စလို နှုတ်ဆက်ပြုံးပြနေခိုက်မှာပဲ ဝသန့်

ကလေးက ရှော့ခနဲထွက်သွားလေသဖြင့် နမြောတသ ဖြစ်သွား

"သွားပါပြီကွာ"

"ဘာသွားတာလဲ မောင်တမ်းတ"

"သြော် . . . ဟို သူငယ်ချင်း"

"အန်ကယ့်ကြောင့် လွဲသွားပြီ ထင်တယ် . . . ဆောရီးနော်"

"အဟင်း"

သူ့ အားနာသလို ပြုံးလိုက်ရင်း . . .

"ရပါတယ် အန်ကယ် . . . ကိစ္စမရှိပါဘူး"

"မောင်တမ်းတ လိုက်ချင်လိုက်သွားလေ"

"ကျေးဇူးပဲ အန်ကယ်"

ဦးမြင့်ဇော်ကို နှုတ်ဆက်ပြီး ခပ်သုတ်သုတ်ထွက်ခဲ့သော်လည်း

နှံတားလေးက အစအနပင် မမြင်ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မာတတ်ကျစ္စာနဲ့ပဲ တမ်းတ နောက်ကြောင်း ပြန်လှည်
တော့၏။

ဩော် ... ဝသန်ရယ် ... နှင်နှင့်ငါ့ရဲ့ရေစက်က ဆုံ
တော့ဘူးတဲ့လား။

* * *



## အခန်း (၁၆)

"ရှေ့ကို ကြည့်မောင်းစမ်းပါ ဝသန်ရာ။ တော်ကြာ ... သုံးလောင်းပြိုင် ဖြစ်နေပါဦးမယ်"

"ပါးစပ်ပုပ်ကြီးနဲ့ ဖွဟဲ့ လွဲပါစေ ပယ်ပါစေ"

ကားမောင်းရင်း နောက်သို့ နောက်ဆံတင်းနေသော ဝသန်ကို ချမ်းမြေ့က စိတ်မရှည်သလိုဆိုတော့ နှင်းဦးဝေက ပျာပျာသလဲ မြစ်သွားသည်လေ။

"သေမှာကြောက်သလား။ တရားမရှိလိုက်တာ"

"ဘာတရားရှိရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တို့အားလုံး အပုပ်ကောင် ရှပ်သောင်နေကြတာ"

"မိချမ်းနော် . . . ကြောက်ပါတယ်ဆို"

"ဟီး ဟီး"

"တော်ကြစမ်းပါဟာ . . . ဒီမှာညစ်နေရတဲ့အထဲ"

ကားမောင်းထွက်လာကတည်းက ဝသန် စိတ်တွေမကြည်လင်တော့။ သူမ နားကြားမျှားမှားသလား။

ဝသန်လို့ ခေါ်လိုက်တဲ့အသံက အပီအပြင်ကြားလိုက်ရတာလေ။ သူမ နောက်ပြန်လှည့်ဖို့ ကြိုးစားတော့ နှင်းဦးနှင့် ချမ်းမြေ့က ဝသန့်ကို ကားပေါ်သို့ တွန်းတင်ကာ . . .

"စိတ်ထင်လို့ပါဟာ။ ငါတို့သုံးယောက် အတူလာတာ နှင်းကြားတာ။ ငါတို့နှစ်ယောက် ဘာခေါ်သံမှ မကြားဘူး"

ချမ်းမြေ့ အဲလိုပြောသည်ကို နှင်းဦးက ခေါင်းမညိတ်ခဲ့ပေ။

"နှင်းပဲ နားကန်းနေသလား၊ ငါတို့ပဲ နားပါးနေသလားတော့ မသိဘူး။ ခေါ်သံကို ငါလည်း ကြားမိသလိုလိုပဲ"

"နှင် တကယ်ကြားတာလား နှင်းဦး"

"အင်း"

ဝသန်မျက်နှာတွင် ချွေးရိပ်ကလေး သန်းသွားရ၏။





ကားမောင်းလာခဲ့သော်လည်း စိတ်တို့က ဂနာမငြိမ် ဖြစ်ခဲ့ရသည်သာ။

မဖြစ်နိုင်မှန်းသိပေမယ့် မျှော်လင့်ချက်အလင်းတန်းလေးကခင်ထဲကို မီးမောင်းထိုးပြနေခဲ့သည်လေ။

တိတ်ဆိတ်မှုကို ဖောက်ခွင်းလိုက်သူက နှင်းဦးပေ။

"ဝသန်"

"အင်"

"နှင်ပြောတော့ တမ်းတက တေသားဆို"

"ဟုတ်တယ်လေ"

"ခု ရန်ကုန်မြို့ကြီးမှာ တမ်းတရဲ့ခေါ်သံ ကြားရတယ်ဆိုတော့ မဖြစ်နိုင်တာ"

"အလုပ်လာလုပ်တာတို့ ကျောင်းလာတက်တာတို့ရော . . . ဖြစ်နိုင်ဘူးလား"

"ဟင်း . . . နှင့်မှာလည်း ဒုက္ခပဲနော်"

ချမ်းမြေ့က ညည်းတွားလေသည်။

အချစ်ဆိုတာ မျှော်လင့်ခြင်း၊ တမ်းတခြင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ စိတ္တဇနာမ်တစ်ခုပဲလား တမ်းတရယ်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကာလတွေသာ ကျယ်ဝန်းတဲ့ မြစ်တစ်စင်း ဖြစ်ခဲ့ရင် အချစ်ဆိုတဲ့ စွမ်းအားတန်ခိုးတွေနဲ့ ခုန်ကျော်ပြီး နင့်ဆီကို အရောက်လာချင်လိုက်တာ။

ဝါဆိုလရယ် မြန်မြန်ရောက်ပါတော့။

ဝါဆိုလမှာ ငါ နင့်ဆီကို အရောက်ပြန်လာခဲ့မယ် တမ်းတ။

* * *



## အခန်း (၁၇)

နံနက်ခင်းရဲ့ နေခြည်နုနုအောက်မှာ စိမ်းမြနေသော မြက်ခင်းပြင်နဲ့ ရောင်စုံပန်းပွင့်ကလေးတွေက ပန်းချီကားတစ်ချပ်သဖွယ် တင့်တယ်လို့နေသည်လေ။

ထိုပန်းချီကားထဲမှာ ပြီးပြည့်စုံသောကျက်သရေနှင့် တည်ကြည်ခန့်ညားစွာ ကျွဲညီအားဖြည့်နေသည်က ဆယ်ကျော်သက် လူရွယ်နှစ်ယောက်။

တစ်ယောက်ကဂစ်တာကို ပိုက်၍ မြက်ခင်းပြင်ကို စိုက်ကြည့်နေပြီး တစ်ယောက်က ပက်လက်အနေအထားမှ ကောင်းကင်ကြီးအလှ



www.burmeseclassic.com

www.burmeseclassic.com



ကို ခံစားနေသည်။

"မင်းမွေးနေ့တောင် နီးလာပြီနော်"

"အင်း . . . မင်း လက်ဆောင်ပေးဖို့ စဉ်းစားပြီးပြီလား"

"ခုထိ စဉ်းစားလို့ မရသေးဘူး။ ခု စဉ်းစားနေတာ"

"ဘာလဲ"

"ကောင်းကင်က မိုးတိမ်တွေကို ဖုံ့ယူပြီး ပါဆယ်ထုပ်ပေ
ရင် ကောင်းမလားလို့"

"ကောင်းသားပဲ"

နှစ်ဦးသား ရယ်မိကြသည်။

"ငါက မိုးကို ချစ်တဲ့ကောင်"

"ငါက ဝသန်ကို ချစ်တာကွ"

"ဘုန်းကြီးနဲ့ဦးပုဥ္ဆင်း နည်းနည်းပဲကွာတယ်"

တမ်းတ ပက်လက်ကနေ ယုံကြည်ချက်ဘက်သို့ စောင်း
လှည့်ကာ လက်တစ်ဖက်နှင့် မေးကိုထောက်ထားလိုက်သည်။

ပြီးမှ ယုံကြည်ချက်ကို စေ့စေ့ကြည့်၍ . . .

"မင်းက ဘာဖြစ်လို့ မိုးကိုချစ်တာလဲ"

"ချစ်ချင်လို့ပေါ့ကွာ"





ယုံကြည်ချက်က ဂစ်တာကြိုးကို ဒင်ခနဲ ဆွဲလိုက်၏။ ပြီးမှ
ဆက်ပြောသည်က . . .

"ငါ့မွေးနေ့မှာ မင်း မလာရဘူးနော်"

"ဘာဖြစ်လို့လဲ"

ယုံကြည်ချက်က တမ်းတနှာခေါင်းဖျားလေးကို ဆွဲလိမ်လိုက်
င်း . . .

"ငါ့ကောင်မလေး မင်းကိုမြင်ပြီး ကြိုက်သွားမှာစိုးလို့"

"ရှူးပေါ့"

"မင်းကို သီးသန့်ရှယ်ညှော်ခံပါ့မယ် မှိုင်းရာ"

"တော်တော် အူတိုတဲ့ကောင်၊ မင်းရည်းစားကို ငါ့က လု
သား"

"သိနိုင်ဘူးလေ"

တမ်းတက ယုံကြည်ချက်လက်မောင်းကို လက်သီးနှင့် လှမ်း
. . .

"ငါကတော့ လိုအပ်ရင် မင်းအတွက် ငါ့နှလုံးသားကို ပေးရဲ

ယုံကြည်ချက်က မချိုမချဉ်ပြုံးသည်။ ဟုတ်ရဲ့လားဟု့လေ။



www.burmeseclassic.com

www.burmeseclassic.com



"မယူရက်ပါဘူးကွာ။ မင်းရော ငါရော ကိုယ့်လိုင်းနဲ့ကိုယ်ပဲ ဟာ"

တမ်းတက ကိုယ်ကိုပြန်လှဲချ လက်ပိုက်၍ ကောင်းကင်ကို ပြန်မော့ကြည့်ပြီး . . .

"ငါ့အတွက် စိတ်ချ ရက်ဘစ်။ မင်းက ရက်ရက်ရောရောနဲ့ ရေစက်ချပြီး လှူတောင် မင်းကောင်မလေးကို ငါ စိတ်ဝင်စားမှာ မဟုတ်ဘူး"

"တယ်ဟုတ်ပါလား"

"ဝသန်က သိပ်ချစ်ဖို့ကောင်းတာကွ"

"ဘာ"

"ဘာ" ဆိုသောအသံနှင့်အတူ ယုံကြည်ချက် ခါးမတ်ပြီးသား ဖြစ်သွားလေ၏။ တမ်းတလည်း ထထိုင်လိုက်ကာ . . .

"ဘာဖြစ်သွားတာလဲကွ"

"ဘာ . . . ဘာမှမဖြစ်ပါဘူး။ ဒါနဲ့ မင်းကောင်မလေးနာမည် က ဘယ်သူ"

"ဝသန်မိုးလေ"

ယုံကြည်ချက် မျက်နှာပေါ်တွင် အမည်မတပ်နိုင်သော





ဝေဒနာအရိုးအငွေ့လေးတွေ ခိုကပ်သွားလေ၏။

နာမည်တူတာပဲ ဖြစ်ပါစေ မှိုင်းရယ်။

ဝသန်နဲ့ပတ်သက်လာရင် ငါ့နှလုံးသားတွေက အမြဲတမ်း ဂယက်ထနေခဲ့တာမို့လို့ပါ။

ငါ နောက်ကျခဲ့ပြီလား။

"သားရေ"

ခေါ်သံကြောင့် ဖြိုင်တူ လှည့်ကြည့်လိုက်ကြသည်တွင် . .

"ညှိသည်ရောက်နေလို့ ခဏ၊ ဖိုးယုံလေးပါ ခေါ်ခဲ့"

"ဟုတ်ကဲ့ . . . လာပြီ ဒယ်ဒီ"

တမ်းတ ယုံကြည်ချက်ပခုံးကိုဖက်၍ အိမ်ပေါ်သို့တက်ခဲ့ကြသည်။ ယုံကြည်ချက် မျက်နှာမသာမကြည် ဖြစ်သွားတာကို တမ်းတ သတိထားမိသွားပြီး . . .

ဘာကြောင့်လဲ ရက်ဘစ်ရယ်။

မင်းနဲ့ဝသန် ပတ်သက်မှုများ ရှိနေလို့လား။

နာမည်တူတာလည်း ဖြစ်နိုင်တာပဲဟာ။

ရက်ဘစ်နဲ့ဝသန် တစ်မြို့တည်းသားတွေဆိုတော့ ဖြစ်နိုင်ခြေ ရှိသလား။ ကံစီမံရာပဲပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



"သားတို့ ထိုင်ကြ"

ဦးရှိန်ဝါက ပြုံးပြုံးကြီးဆိုသလို ညှော်သည်ဆိုသည့် ဦးမြင့်ဖော်ကလည်း သူတို့နှစ်ယောက်ကို ရွှန်းရွှန်းစားစားကြီး ကြည့်နေကာပင်။

"သားတို့နှစ်ယောက်စလုံး ထိပေါက်တာပဲ"

"ဘာဖြစ်လို့လဲ ဒယ်ဒီ"

ဦးမြင့်ဖော်က တမ်းတကို တစ်လှည့်၊ ယုံကြည်ချက်ကို တစ်လှည့် ကြည့်ကာ . . .

"အန်ကယ်က ပန်းစံပယ်ဗီဒီယိုထုတ်လုပ်ရေးတိုင်ရှင်ပါ။ ဒါရိုက် တာလည်း ဦးပဲ"

"ကျွန်တော် သိပါတယ်"

"ခု အန်ကယ်ရိုက်မယ့်ကားမှာ မင်းသားအသစ် သုံးချင် တယ်။ မင်းသားနှစ်ယောက် အားပြိုင်ရမယ့် ကားလေးပေါ့။ အဲ အန်ကယ်က မောင်တမ်းတနဲ့ မောင်ယုံကြည်ချက်တို့ နှစ်ယောက်စ ကို ရုပ်ရော ရှုပကာရော သဘောကျလို့ လာပြီး ကမ်းလှမ်းတာပ

တမ်းတမျက်နှာလေး ဝင်းထိန်သွားလေ၏။ ဝမ်းသာအ နှင့် ယုံကြည်ချက်ကို လှည့်ကြည့်လိုက်တော့ ဘာမှ မထူးခြားသ





ခပ်တည်တည်ပင်။

တမ်းတကတော့ အနုပညာကိုပါ ဝါသနာပါခဲ့သူမို့ . . .

"ကျွန်တော် ကြိုးစားကြည့်မယ် အန်ကယ်"

ဦးမြင့်ဖော်က ယုံကြည်ချက်ဘက်သို့ လှည့်ကာ . . .

"မောင်ယုံကြည်ချက်ကရော"

"ကျွန်တော် ပရိသတ်ကို ဟန်ဆောင်လိမ်ညာပြီး ငိုပြလိုက်၊ ရယ်ပြလိုက်၊ အိုက်တင်တွေ လုပ်ပြရတာ ဝါသနာမပါဘူး အန်ကယ်"

အမြဲတမ်း ပွင့်လင်းစွာ ပြောဆိုတတ်သည့် ယုံကြည်ချက်၏ အဖြေ။

"လိမ်ညာတာတော့ ဘယ်ဟုတ်ပါ့မလဲ ဖိုးယုံလေးရဲ့။ ပရိ သတ်တွေရဲ့ ခံစားမှုလေးတွေကို ပရိသတ်ရင်ထဲ ကိုယ်က ပြန်ထည့် ပေးတာပဲ။ အချို့လူတွေရဲ့ တကယ့်ဖြစ်ရပ်ကလေးတွေဟာ မရည်ရွယ် ဲ့ ဗီဒီယိုဇာတ်ကားတစ်ကားနဲ့ ဆင်ဆင်တူသွားတယ်။ အဲဒီအခါမျိုး ာ အဲဒီလူက သြော် ငါ့ဘဝနဲ့ တူလိုက်တာဆိုတဲ့ ခံစားချက်ကလေးနဲ့ ကိုယ်သူ ဖြေသိမ့်သွားနိုင်တာမျိုးလည်း ရှိတယ်လေ"

ယုံကြည်ချက်က ခေါင်းကိုခါယမ်းလျက် . . .

"အဆိုးဆုံးက လွတ်လပ်မှုမရှိတာပဲ။ ဘယ်နေရာကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



သွားသွား ပြေးလိုက်လာပြီး လက်မှတ်ထိုးခိုင်းကြမယ့် စာအုပ်တွေ စာရွက်တွေကြားမှာ ကျွန်တော် စိတ်ရှုပ်မခံနိုင်ဘူး။ ကျွန်တော်က လွတ်လွတ်လပ်လပ်ပဲ နေချင်တာ"

ဆန္ဒမပါသော ယုံကြည်ချက်ကို ဦးရှိန်ဝါနှင့် ဦးမြင့်ဇော် မတိုက်တွန်းတော့ပါ။ ဝါသနာပါသူကိုသာ လှေကားထောင်ပေးတော့မည်လေ။ အောင်မြင်မှုဆိုတာ လိုချင်သူအတွက်တော့ အဆင်သင့် လက်တစ်ကမ်းအကွာကနေ စောင့်နေမှာပါလေ။

* * *



## အခန်း (၁၈)

ယနေ့ ယုံကြည်ချက်၏မွေးနေ့။

အရင်းနှီးဆုံး သူငယ်ချင်းတွေကိုသာ ဒီးသိန်ရှေ့ဖိတ်ထားခဲ့သည်လေ။

"ယုံကြည်ချက်ရေ"

"ဝုတ်-ဝုတ် ဝုတ် ဝုတ်"

"မင်းအတွက် လက်ဆောင်ဟေ့"

မင်းယံက လက်ဆောင်ဟူသော အမွေးဖွားဖွားခွေးရုပ်ကလေးကို မြှောက်ပြတော့ ... ခွေးရုပ်ကလေးက တဝုတ်ဝုတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဟောင်နေသည်။

ဒါကို သဘောတကျ လက်ခုပ်ကလေးတီး၍ ရယ်သူက ဝသန်။

ယုံကြည်ချက်ကတော့ ...

"ကလေးကလားနဲ့ကွာ။ ငါက ကလေးလား"

"အရုပ်ကလေးက ချစ်စရာလေးပါ ယုံကြည်ချက်ရဲ့"

"ဝသန် သဘောကျလို့လား"

"အင်းပေါ့"

"ဒါဆို ကိုယ်ယူလိုက်မယ်"

ပြောပြောဆိုဆို ယုံကြည်ချက်က မင်းယံလက်ထဲမှ ခွေးရုပ်ကလေးကို ဆတ်ခနဲ ဆွဲယူလိုက်လေသည်။ ပြီးတော့ ...

"ခဏစောင့်"

ဟုဆိုကာ အပေါ်ထပ်သို့ ပြေးတက်သွားလေလျှင် မျိုးမြတ်က ချမ်းမြေ့နားသို့ကပ်၍ ...

"ဝသန်သာ ခွေးရုပ်ကလေးကိုမချစ်ရင် ဒီကောင် မယူဘူးလား မသိဘူးနော်"

"နင်တို့ကလည်း လက်ဆောင်ပေးစရာရှားလို့"





အားလုံး ယုံကြည်ချက် ဘာလုပ်လာမလဲဟု စောင့်နေကြသည်။ ယုံကြည်ချက်က သူများတွေထက် ထူးခြားအောင် အမြဲလုပ်တဲ့သူလေ။ ခုလည်းကြည့် ... ဘာစိတ်ကူးပေါက်လည်း မသိဘူး။ အချစ်ဆုံးသူငယ်ချင်းဆိုသော မှိုင်းကို သူ့မွေးနေ့ပွဲကို မတက်ရဟု တားဆီးထားသည်။

တကယ်တော့ မင်းယံနှင့်မျိုးမြတ်က မှိုင်းကို ပါလာစေချင်တာလေ။ သူငယ်ချင်းတွေ စုံစုံလင်လင်နဲ့ ပျော်ချင်တာ။

ခုတော့ ...

"ဟော ... ပြန်လာပြီ"

ယုံကြည်ချက်လက်ထဲတွင် စောစောက ခွေးမွေးပွရုပ်ကလေးနှင့်အတူ ဝက်ဝံရုပ်ကလေးပါ ပူးတွဲ၍ ပါလာ၏။

"ရော့ ... ဝသန်၊ ဝသန့်အတွက် ကိုယ့်ရဲ့လက်ဆောင်"

"မဟုတ်တာ။ ဝသန်က မွေးနေ့ရှင်ကို ပေးရမယ့်ဥစ္စာ"

"ဝသန့်ဆီကလည်း ကိုယ်တောင်းမှာပါ"

ဝသန် တွေခနဲဖြစ်သွားလေသည်။ ဝက်ဝံရုပ်ကလေးကို စိုက်ကြည့်တော့လည်း ဘာမှ မထူးခြားတာမို့ ယူသင့်မယူသင့် စဉ်းစားနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝသန် မပေးနိုင်တဲ့အရာတစ်ခုကိုသာ သူတောင်းခဲ့ရင်...

"ယူပါ ဝသန်၊ ကိုယ် ဝသန့်အတွက် တမင်ဝယ်ထားခဲ့ရတာပါ။ တန်ဖိုးကတော့ သီချင်ရင် ဝသန် သူ့ရင်ဘတ်ကို ပုတ်ကြည့်လိုက်ပေါ့"

သူကလည်း အတင်းထိုးပေးနေသည်။ မယူဘဲ လှည့်ပြန်ရရင် လူမှုရေးခေါင်းပါးရာကျမလား။ ယူလိုက်ပြန်ရင်လည်း လက်ဆောင်ပစ္စည်းရဲ့နောက်ကွယ်က ကပ်ပါလာမည့် တောင်းဆိုမှုတွေကို ဝသန် လိုက်လျောနိုင်မှာ မဟုတ်ပါ။

"ယူလိုက်လေ ဝသန်"

ချမ်းမြေ့က ဝသန့်လက်ကိုကိုင်၍ ယူစေသည်။ ဝသန့်လက်ထဲသို့ အရုပ်ကလေးရောက်သည်နှင့် မတော်တဆပုံစံနှင့် ဝက်ဝံရုပ်ကလေး၏ ရင်ဘတ်ကို ဖိချလိုက်တော့ ...

"I love you . . . I love you"

"အဟင်း ... ခစ် ခစ်"

ဝက်ဝံရုပ်ကလေးဆီမှ ထွက်လာသောအသံကြောင့် ချမ်းမြေ့နှင့် နှင်းဦးဝေက တိုးတိုးကျိတ်ကျိတ် ရယ်ကြလေသည်။

မင်းယံနှင့် မျိုးမြတ်ကတော့ ပြုံးဖြီးဖြီးမျက်နှာပေးနှင့်။ ဝသန်





ပုံကြည်ချက်မျက်နှာကို ဖျတ်ခနဲ မော့ကြည့်လိုက်စဉ် ယုံကြည်ချက်တ သူမကို ရွှန်းရွှန်းစားစားကြီး စိုက်ကြည့်နေပြီး တစ်ခုခုပြောရန်ခံပြင်လိုက်ချိန်။

♫ ဝါဆိုဝသန်မိုးသည်းချိန် ××× အရောက်ပြန်လာခဲ့ပါ့မယ် ××× မိဝသန်ရေ မင်းပြောခဲ့တယ်လေ ××× အတွေးမှာလေ ပြန်လည်ကြား ယောင် မိုးသည်းရင်ဖြင့် လွမ်းတိုင်း မျက်ရည်ဝေ ××× စိမ်းကားသူ မိဝသန်ကြီးရေ ××× ဝါဆိုမိုးနဲ့ စောင့်မျှော်လျက်ပါပဲလေ ×××

ဝဋ္ဋာရစ်ခွင် တိမ်ညိုအုံ့မှိုင်း ××× မိုးဝသန်ရောက်ချိန်တွေအားဆက်ကောင်းကင်ပြိုတဲ့မိုးလို ကိုယ့်ရဲ့ရင်ထဲ အလွမ်းမိုးသွန်းရွာနေ ××× မိဝသန်ရေ မင်းတော့ မသိနိုင် ××× ဝါဆိုမိုးနဲ့ စောင့်မျှော်ပါပဲလေ ××× ♫

"ဟင်"

ဝသန့်ခေါင်းလေး နောက်ကြောင်းပြန်လည်သွားလေ၏။ ဘိုးညင်းသော သီချင်းသံကဝသန့်ကို မှော်ဆရာတစ်ဦးလို ညို့ယူခေါ်ဆောင်သွားလေသည်နှယ်။

ခြေလှမ်းတွေ လှမ်းဖို့ဟန်အပြင် ...

"ဝသန်"



www.burmeseclassic.com

www.burmeseclassic.com



ဝသန်လက်ကောက်ဝတ်ကို ယုံကြည်ချက် ဖျတ်ခနဲ လှ
ဆွဲထားလိုက်၏။

"လွှတ်စမ်း ... သီချင်းဆိုနေတာ တမ်းတမဟုတ်လာဟ
ဒါ ... တမ်းတအသံ"

ယုံကြည်ချက် ကွက်ခနဲပျက်သွားသောမျက်နှာကို ပြန်ထိ
ရင်း သူ့လက်ကို အတင်းဖယ်ချနေသော ဝသန့်လက်ကို ပို၍ တင်းကျ
စွာ ဆုပ်ထားလိုက်၏။ သူ သဘောပေါက်ပါပြီ။

"ဝသန်"

"လွှတ်ပါဆို"

"မင်းထင်သလို ဘာတမ်းတမှမဟုတ်ဘူး။ အဲဒါ ဟိုကော
မှိုင်း ... ရှုးကြောင်မှူးကြောင်နဲ့ ထင်ရာစွပ်အော်နေတာ"

"မဟုတ်ဘူး ... နင် ညာနေတာ"

"ဩော် ... ဟုတ်ပါတယ်ဆို။ မယုံရင် မင်းယံနဲ့မျိုးမြတ်
မေးကြည့်ကွာ"

ဝသန် မျှော်လင့်ခြင်း မျက်ဝန်းလေးတွေနှင့် မင်းယံနှ
မျိုးမြတ်ကို ကြည့်လိုက်မိတော့ ...

"ဟုတ်တယ် ဝသန်၊ မှိုင်းသီချင်းဆိုနေတာ နင်ကလည်း





ဖွဲ့အလမ်းကြီးနေတယ်"

ဝသန့်ထံမှ အင့်ခနဲ ရှိုက်သံလေးထွက်ပေါ်လာသည်။ စိတ်
တော့ မကောင်းပါဘူး ဝသန်။ မင်းယံနှင့်မျိုးမြတ်လည်း မှိုင်းနဲ့ စတွေ့
ကတည်းက မှိုင်းလို့ပဲ သိပြီး ခင်မင်ခဲ့ကြတာ။ မှိုင်းရဲ့နာမည်အမှန်
မ်းတဆိုတာ သူတို့ လုံးဝမသိခဲ့ကြပါဘူး။ သူတို့ လိမ်ညာနေတာ
ဟုတ်ဘူး။

အမှန်ကိုပြောနေကြတာ၊ တမ်းတနဲ့စတွေ့ကတည်းက မှိုင်းလို့
ပြောင်လှောင်ပြီး ခေါ်ခဲ့တာ။ ခုလို ဝှက်ဖဲတစ်ချပ်ဖြစ်ဖို့ ရည်ရွယ်ချက်
ရှိခဲ့တာ အမှန်ပါ။

အားလုံး ရှိုးသားနေကြပါလျက် မရိုးသားခဲ့သူက ငါပါ ဝသန်။
တွေအားလုံး ငါ မရိုးသားခဲ့တာပါ။ အဲဒါ ...

နင့်ကိုသိပ်ချစ်လို့ပါ ဝသန့်ရယ်။

လူ့စိတ်ဆိုတာ ပြိုင်ဘက်ရှိရင် ပိုချစ်တတ်သတဲ့လား။

"နင့်ကို ငါ သိပ်ချစ်တယ် ဝသန်"

နှလုံးသား၏ဆန္ဒကို

ဦးနှောက်က မတားဆီးလိုက်နိုင်။

"ငါ ပြန်ပါရစေတော့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ခြင်းတွေနှင့် ထွက်ခွာသွားခဲ့သူ။ နင် တမ်းတ ဒီလောက်တောင်ပဲ ချစ်ရသလား။ နင် တမ်းတကိုချစ်သလို ငါ လည်း နင့်ကို။

* * *



## အခန်း (၁၉)

"ဟယ် ... ချောလိုက်တာဟယ်"

"အေးနော် ... စတိုင်လ်ကလည်း အရမ်းမိုက်တာပဲ"

"ရယ်နေတာလေးက ပိုပြီးချစ်ဖို့ကောင်းတယ်"

"ဟဲ့ ... သူက တို့ကျောင်းကို လာတတ်တယ်တဲ့"

"ဟုတ်လို့လား"

ပိုစတာစာရွက်တွေကို ဖြန့်ကြည့်လျက် ချီးကျူးသံတွေက ပေါက်ပေါက်ဖောက်လို့ပင်။

"နာမည်က ဘယ်သူ"



www.burmeseclassic.com

www.burmeseclassic.com



"ပိုစတာအောက်ဘက်ကြည့်လေ ကျီးကန်းမရဲ့"

"အဟဲ . . . နည်းနည်းပဲ အ,တာပါဟ့်"

ပိုစတာဘက်က သရုပ်ဆောင်ဆိုသည့်နေရာသို့ မျက်လုံးကို ချကြည့်လိုက်တော့ . . .

"တမ်းတတဲ့"

"နာမည်ကလည်း ချစ်စရာလေး"

သဲနုဖြူက ပိုစတာစာရွက်တွေ ဝယ်လာသဖြင့် အားလုံး စိတ်ဝင်တစား ကြည့်မိရာမှ ရုတ်တရက် ဝင်ရောက်လာသောရောဂါ ပိုးတွေ။ သဲနုဖြူက . . .

"သရုပ်ဆောင်သစ်ထွက်နေတယ်ဟဲ့ ကြည့်မလား။ အရမ်း ချောလို့ စိတ်ဝင်စားပြီး ငါဝယ်လာတာ ငါးပုံတောင် အဟီ"

သဲနုဖြူက စိတ်လှုပ်ရှားဟန်နှင့်ဆိုသဖြင့် ရှုးတာဟူသော အကြည့်နှင့် ပစ်ခတ်ပြီးမှ သရုပ်ဆောင်သစ်ဟူ၍ ယူကြည့်မိရာမှ မင်းသားကို မြင်လိုက်ရတော့ 'ဟယ်' ခနဲ ဖြစ်သွားကြသည်။

"ချမ်းမြေ့"

"ဘာလဲဟ"

"နာမည်က ဆင်တယ်နော်"





"ဘာလဲ"

"ဝသန့်ရဲ့"

ချမ်းမြေ့ တွေခနဲစဉ်းစားပြီးမှ . . .

"မဖြစ်နိုင်ဘူး . . . ဟိုက တောသားဟဲ့"

"ပြောလို့ရမလား။ ဒီနာမည်က ရှားပါးနာမည်။ ပြီးတော့"

"ပြီးတော့ . . . ဘာဖြစ်လဲ"

နှင်းဦးက တံတွေးမျိုချနေစိုက် ချမ်းမြေ့က ဆက်မေးသည်။

"ဝသန့် ဒီလောက်ဖွဲလမ်းနေတာ ခပ်ညှို့ညှို့တော့ မဖြစ်နိုင် ဘူ"

"ဒါလည်း ဟုတ်တာပဲ"

"ဝသန့်လာရင် ပြကြည့်ရအောင်"

သဲနုဖြူ အပါအဝင် သုံးယောက်သား ဝသန့်အလာကို မျှော် မိသည်။ ယခုဆိုရင် သူမတို့ ဒုတိယနှစ်ကို တက်နေရပြီလေ။ သုံးယောက်သား လည်ပင်းလေးဆန့်၍ မျှော်နေရှာ၏။ သဲနု သည်း ဒီနှစ် သူတို့နဲ့ပေါင်းမိသွားသလိုဖြစ်ကာ . . .

"သူ တမ်းတရှိတဲ့တောကိုများ သွားသလားမသိဘူး"

ခုမှ ချမ်းမြေ့က သတိတရဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တယ်ဟ"

လည်တဆန့်ဆန့်ဖြစ်နေသော သူတို့ကို အချို့ကောင်လေး တွေက ကွက်ကြည့် ကွက်ကြည့်။ အချို့က ခပ်တိုးတိုး စသွားကြ သည်မှာ ...

"တို့ကိုမျှော်နေတာလားမသိဘူး"

"နည်းနည်းနောက်ကျလို့ စိတ်များကောက်နေလားမသိဘူး"

နှင်းဦးဝေက မျက်စောင်းလှည့်ထိုးရင်း ...

"သေနာကောင်တွေ"

"အပေါ်ကို ငမ်းကြောတူနေတုန်း အောက်က ခွေးချေးပုံ တက်နင်းမိပါစေတော်"

သဲနုဖြူက မေတ္တာပို့သည်။ ဒါကိုပင် တစ်ဖက်က မခံချင် အောင် ...

"စေတနာတွေ တောင်ပုံ ယာပုံပဲဟေ့"

"မျက်စိရှိတာပဲ ကြည့်ရှောင်တတ်ပါတယ်"

ချမ်းမြေ့က စိတ်ရှုပ်သလို သက်ပြင်းချ၏။

"တော်စမ်းပါဟယ် ... တုပြောမနေနဲ့"

ချမ်းမြေ့တားဆီးမှုကြောင့် ငြိမ်သက်သွားကြသည်။ နောက်





သဲနုဖြူက ရှတ်တရက် ထိုင်နေရာမှ ထရပ်လိုက်သဖြင့် ချမ်းမြေ့က မော့ကြည့်ကာ ...

"ဟဲ့ သဲနု ... နင်မသွားနဲ့ဦး။ သွားမယ်ဆိုရင်လည်း ပိုစတာ တွေ ခဏထားခဲ့ဟာ။ ဝသန်လာရင် ပြချင်လို့"

"ဘယ်မှမသွားဘူး စိတ်ချ။ ဒီနှစ် ငါ နင်တို့နဲ့ ပေါင်းမှာ"

"ဒါနဲ့ ဘာဖြစ်လို့ ထတာလဲ"

"ဖိနပ် ဘယ်ရောက်သွားလဲလို့ ရှာမလို့"

သဲနုက ပြောရင်း အောက်ကိုငုံ့ကြည့်တော့ ဖိနပ်တစ်ဖက် က စားပွဲနှင့် အတော်အလှမ်းဝေးနေသည်။ စောစောက ပုံတွေကြည့် ရင်း နှင်းဦးခြေဦးနှင့်ထိုးမိပြီး လွင့်သွားခြင်းပါ။ သဲနုက ဖိနပ်ကို ခြေထောက်နှင့် လှမ်းလျှိုပြီးယူလိုက်စဉ် ...

"ဟယ် ... ဟိုမှာ"

ပြိုင်တူ လှည့်ကြည့်လိုက်ကြသည်တွင် ...

"ဝသန်လာပြီ"

ဝသန် သူမတို့ဆီသို့ တန်းတန်းမတ်မတ် လျှောက်လာပြီး အနားသို့ရောက်တော့ လွယ်အိတ်ကို စိတ်ပျက်လက်ပျက်ပစ်ချလ လျှင် ...



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုဖြစ်လာတာလဲ"

"စိတ်ညစ်လို့"

"ဘယ်လို"

ဝသန်က မျက်နှာပေါ်တွင် ဝဲကျနေသည့် ဆံနွယ်တို့ကို သပ်တင်လိုက်ရင်း . . .

"ငါ ဟိုကိုသွားတာ"

သဘောပေါက်ကြပြီးသားပဲလေ။

"အလွမ်းပြေခဲ့ရဲ့လား"

"မပြေဘူး ဆို့လာတာ"

"အယ်"

နှင်းဦးဝေက ချမ်းမြေ့ကို လှမ်းကြည့်ပြီး မေးဆတ်ပြသည်။ ဝသန်က ကော်ဖီဆိုင်အပြင်ဘက်သို့ငေးရင်း ဆွေးဆွေးမြေ့မြေ့လေး ပြောလာသည်က . . .

"သူမရှိတော့ဘူးဟ"

ဝသန့်ပုံစံက ငိုချင်တာကို ထိန်းသိမ်းနေရသည့်ပုံပင်။ အသံလေးက တုန်လို့။

"ဘယ်လိုဖြစ်တာလဲ သေသွားတာလား"





"နှင့်အတွက် စိတ်မကောင်းလိုက်တာ ဝသန်ရယ်။ ငါတောင် ငိုချင်လာပြီ . . . အဟင့်"

နှင်းဦးဝေက ပြောပြောဆိုဆို ငိုချလိုက်တော့ ဝသန် ထိတ်ထိတ်ပျာပျာ ဖြစ်သွားကာပင် . . .

"ဟဲ့ . . . ဘာဖြစ်တာလဲ၊ ငါပြောတာ အဲဒီသဘော သက်ရောက်သွားလို့လား"

"ဒါဆို"

"ငါပြောတာက သူ တောမှာမရှိတော့ဘူး။ မြို့က တို့ ရန်ကုန်က သူဌေးတစ်ဦးက သူ့ကိုခေါ်ပြီး မွေးစားလိုက်တာ၊ အဲဒါကိုပြောတာ"

"ဟယ် . . . တကယ်"

"တကယ် . . . တကယ်"

ဝသန် ဆောင့်ဆောင့်အောင့်အောင့်ဆိုတော့မှ စောစောက ညိုနေသည့်မျက်နှာတွေ ပြိုတီတီဖြစ်လာ၏။

ချမ်းမြေ့က မျက်စပစ်ပြ၍ . . .

"ဒါ . . . စိတ်ညစ်ရာလား"

"သူ့ကို မတွေ့ရတော့ စိတ်ညစ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်ရောက်လာပြီဆိုတော့ ပိုနီးသွားတာလေ"

"ဒါနဲ့ နင့်ရဲ့တမ်းတ ချောလား"

"ငါအရမ်းချစ်သွားတာ စဉ်းစားကြည့်ပေါ့"

အားလုံး တိတ်ဆိတ်သွားသည်။ နှင်းဦးနှင့်ချမ်းမြေ့က သဲနှ ရှေ့က ပိုစတာကို လှမ်းကြည့်လိုက်ပြီး သဲနုကိုမေးဆတ်ပြသည်။ သဲနုကလည်း ပါးပါးလေးမို့ ပိုစတာကို လက်လှမ်းပြီးသားဖြစ်သွားလေပြီး။

"ဝသန်"

"ပြော"

ထုံးစံအတိုင်း ဖုန်းကိုထုတ်၍ ဆိုခြင်းပါ။

"ဒီမှာ မင်းသားအသစ်ပုံဟ ကြည့်မလား"

"မင်းသားတွေ ငါ စိတ်မဝင်စားဘူး"

"ကြည့်ပဲကြည့်ပါဦး ဝသန်ရယ်။ နင့်လူကို အလွမ်းပြေလို့ ပြောပြောပေါ့"

"နိုး . . . ဘာမှမဆိုင်ဘူး"

သူငယ်ချင်းတွေနဲ့တွေ့တော့ ဝသန် စိတ်ပြေသွားသလို ဖြစ်သွားသည်။ နိုးဆိုပေမယ့် သူမ ရှေ့တည့်တည့်သို့ ပိုစတာထပ်ကြီးက





ကျလာပြန်တော့ တစ်ချက်တော့ ငေးကြည့်မိသည်။ ပထမတော့ ခပ်ပေါ့ပေါ့ကြည့်မိပြီးမှ စိတ်ထဲမှာ မသင်္ကာစိတ်ကြောင့် ဒုတိယမ္ပိ ပြန်ကြည့်မိတော့ . . .

"ဟင်"

ကိုယ့်မျက်လုံး ကိုယ်မယုံသလိုပင်။

နိုးဆိုသည့် သူမပိုစတာတွေကို တစ်ရွက်ပြီးတစ်ရွက် အပြန် အလှန်ကြည့်မဆုံးနိုင်တော့။

ပြီးမှ စိတ်လှုပ်ရှားသောအသံနှင့်။

"သူ . . . သူ"

"ဘယ်သူလဲလို့ မေးမလို့လား"

"ဟုတ်တယ်"

"စိတ်ငြိမ်ငြိမ်ထားပြီး သရုပ်ဆောင်နာမည်ကို ကြည့်လေ ဝသန်ရဲ့"

ဝသန့်မျက်လုံးတွေက မာရသွန်ပြိုင်ပွဲဝင်တော့မည့်နှယ်။

"သရုပ်ဆောင် တမ်းတ ဆိုပါလား"

ဝသန် ထခုန်တော့မတတ် ဝမ်းသာသွားလေ၏။ ညိုလဲ့နေသော မျက်ဝန်းတွေမှာ တိမ်ကင်းစင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



တည်တင်းနေသော နှုတ်ခမ်းလေးတွေမှာ လင်းဖြာနေသော ရောင်စဉ်အချို့ လင်းလက်ကျယ်ပြန့်လာခဲ့ပြီ။

နောက်ကျိုနေသော စိတ်တို့ ကြည်လင်ခဲ့၏။

နွမ်းလျနေသော နှလုံးသားတို့ လန်းဆန်းလာခဲ့ပြီလေ။

အချစ်ဆိုတာ ရောင်စဉ်ခုနစ်ဖြာနဲ့ ပေါင်းစပ်ထားတဲ့ နေခြည် နုနုလို နွေးထွေးစေသတဲ့လား။

"နင့်တမ်းတ ဟုတ်လား ဝသန်"

"သိပ်ဟုတ်တာပေါ့။ ငါ့နှလုံးသားကပုံရိပ်ကို ငါ မေ့ခဲ့တာ မဟုတ်တာ"

"ဒါဆို ... နင် ဘာဆက်လုပ်မလဲ"

"ငါ သူနဲ့ တွေ့ချင်တယ်"

"သရုပ်ဆောင်တစ်ယောက်ရဲ့လိပ်စာသိဖို့ဆိုတာ သိပ် မခက်တာ"

မင်းသားတမ်းတဆိုတာ ဝသန် စွဲလမ်းမြတ်နိုးခဲ့တဲ့ တမ်းတ ဆိုတာသိရတော့ အားလုံးက အားတက်သရော ကူညီဖို့ ကတိပေးကြ သည်။

"နင်တို့ကျေးဇူးကို ငါ မမေ့ပါဘူး သူငယ်ချင်းတို့ရယ်"





ပိုစတာလေးကို ရင်မှာပိုက်၍ လှိုက်ခုန်နေသော ရင်ခုန်သံ တွေက ရေတံခွန်တစ်ခု၏ ရေစီးသံလို။

လွမ်းလိုက်ရတာ တမ်းတရယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

စင်တာထဲဝင်ဖို့ ခြေချလိုက်သည်နှင့် သူ့ဘေးပတ်လည်မှာ လက်မှတ်ထိုးခိုင်းသည့်စာအုပ်တွေက ပလူပျံ့လို့ပါ။

ဒါ … ကိုယ့်ရဲ့အောင်မြင်မှုပဲလေ။

ကံကြမ္မာက သူ့ဘဝကို မမြင်ရက်လို့ လက်တွဲပြီး ဆွဲယူခဲ့တာ။

တစ်ချိန်တုန်းက တစ်နေ့လုံး တစ်နာရီပြည့်အောင် အနားမယူနိုင်ပဲ ရွှံ့နွံတွေကြားမှာ တလှူးလှူး ရုန်းကန်ခဲ့ရသည့်ဘဝ။

ခုဆိုရင် ခေတ်ပေါ်မင်းသားလေးတမ်းတ ဖြစ်ခဲ့ပြီ။





နေရာတိုင်းမှာ သူ့ပုံရိပ်တွေ၊ နှုတ်ဖျားတိုင်းမှာ သူ့နာမည်က ခိုတွယ်ပြီလို့။

တမ်းတဆိုရင် ဖတ်လမ်းဖတ်ကွက် နားမလည်တလည် ကလေးကစလို့ ဘိုးဘိုး ဘွားဘွားပါမကျန် ကြိုက်ကြပြီးသား။

ဘုရားပေးတဲ့ဆုလာဒ်တွေပါ။

မေမေရယ် …

လမိုက်သွားတဲ့ညတွေမှာ

ကောင်းကင်ကိုမော့ကြည့်ပြီး လမင်းကို တမ်းတခဲ့မိတယ်။

ကြယ်စင်တွေကလည်း ငိုက်မြည်းနေတဲ့အချိန်မှာ မီးအိမ်တစ်လုံး ကမ်းပေးလာသူက ဒယ်ဒီပါ။

ဒယ်ဒီရဲ့ကျေးဇူးတွေကြောင့် သားဘဝဟာ အမှောင်သန်းရာကနေ ရောင်ခြည်တွေနဲ့ လန်းခဲ့ပါပြီ။ တမလွန်ကနေ မေမေ ကျေနပ်မှာပါ။

အဝေးတစ်မြေမှ မေမေလည်း ကျေနပ် ဂုဏ်ယူနေနိုင်ပါစေ။

“တမ်းတ”

“ဗျား”

“ဗျာ” မဟုတ်သောအဖျားခတ် အမျှင်ရှည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗျား" ဆိုသည့် ထိုထူးသံလေးကိုပင် အချို့က ချစ်ဖို့ကောင်းပြန်သတဲ့။ ယုံကြည်ချက်ကတော့ တမ်းတနှင့်လိုက်လာမိတာမှားပြီဟု သက်ပြင်းတချချ။

"ကြိုးစားနော် ... ထာဝရအားပေးနေမယ်"

"ကျေးဇူးတင်ပါတယ်"

"တမ်းတ ... တို့တွေက တမ်းတရဲ့အမာခံပရိသတ်နော်။ သူကရော မင်းသားအသစ်လား။ သူလည်း အရမ်းချောတာပဲ"

တမ်းတက ယုံကြည်ချက်ကို ငုံကြည့်၍ ပြုံးမိသည်။ ဘယ်လိုဖြေရမလဲဟူသောသဘော။

"မဟုတ်ပါဘူး။ ကျွန်တော်က တမ်းတသူငယ်ချင်း"

ဖြေပုံက တိုတိုတုတ်တုတ်ပါ။

"မင်းလိုက်ခဲ့ ငါစောင့်နေမယ်"

ယုံကြည်ချက် လူအုပ်ထဲမှ တိုးထွက်ခဲ့သည်။

ဟူး ...

သူ့အစား မောလိုက်တာ။

လူတွေကြားထဲမှာ ချွေးတွေပြန်လို့။

တမ်းတကတော့ အပြုံးအရယ်ကို လေလံတင်၍ လာသူ





ဒိုင်ခံလက်မှတ်ထိုးပေးရတာကိုပင် ရင်ထဲမှာ ပီတိတွေ ရွှန်းရွှန်းဝေလို့။

ကိုယ့်ကိုယ် ချစ်ခင်အားပေးနေတဲ့ ပရိသတ်ကို သူပြန်ပေးရသည့် အရင်းအနှီးက ဘာဟုတ်သေးလို့လဲ။

လူနည်းနည်းကျဲသွားတော့မှ စင်တာထဲသို့ ဝင်ခဲ့သည်တွင် ယုံကြည်ချက်ကို လိုက်ရှာလိုက်တော့ မိန်းကလေးနှစ်ဦးနှင့် စကားပြောနေသည်။

ခေါင်းငုံ့၍ရယ်နေသော ကောင်မလေး ခေါင်းမော့၍ သူ့ကိုမြင်သွားခိုက်။

"ဟင်"

ပါးစပ်ကလေးဟ၍ မျက်လုံးအဝိုင်းသားနှင့် သူ့ကိုကြည့်နေသော ကောင်မလေးကို မြင်ရတော့ တမ်းတနှလုံးသားတစ်ခုလုံး လှိုက်ခုန်နွေးထွေးသွားလေ၏။

"ဝသန်"

"တမ်းတ"

"ဝသန်"

"တမ်းတ"

အသိတရားတို့ ကင်းမဲ့စွာ သတိဆိုသည်မှာလည်း ပုန်းခို



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ပျောက်လျက် ခြေလှမ်းတွေ ဘယ်လိုရွေ့သွားသည်မသိတော့ပေ။

"အဟင့် ... ဟင့်"

တစ်ဦးကိုတစ်ဦး လွတ်ထွက်သွားမှာစိုးသည့်အလား တင်းကျပ်စွာ ပွေ့ဖက်ထားမိကြလေသည်။

"တမ်းတရယ်"

ရှိုက်သံတွေကြားမှ တိုးထွက်လာသော ချစ်သူ့အသံ၊ ဝမ်းသာလွန်း၍ ကျလာသောမျက်ရည်ပူတွေ။

"လွမ်းလိုက်ရတာ ဝသန်ရယ်"

"ငါလည်း နင့်ထက် မပိုရင်တောင် မလျော့ပါဘူးဟယ်"

သတိလက်လွတ် ပွေ့ဖက်ထားမိကြရာမှ ပတ်ဝန်းကျင်ကို သတိရ၍ လူချင်းခွာလိုက်ကြပြီး ...

"ဘာဖြစ်လို့ငိုရတာလဲ"

"ဝမ်းသာလွန်းလို့ပါ"

"သူများတွေ ကြည့်နေတယ်"

"နင်နဲ့ပတ်သက်လာရင် ငါ့မှာ အရှက်တရားတွေ ကင်းမဲ့နေပါပြီလား မသိပါဘူး တမ်းတရယ်"

"ဝသန်ရယ်"





သူတို့နှစ်ဦးကိုကြည့်၍ ငိုရမလို ရယ်ရမလို ဖြစ်နေသူက နှင်းဦးပေ။

ယုံကြည်ချက်ကတော့ ပျက်နေသောမျက်နှာကို အကြိမ်ကြိမ်သုံးမရင်း တစ်ဖက်သို့ လှည့်နေမိသည်။

"ဝသန်နဲ့ရက်ဘစ် သိနေတာလား"

"ဘယ်သူလဲ ရက်ဘစ်ဆိုတာ"

"ယုံကြည်ချက်ကို ပြောတာလေ"

"ဪ ... သူငယ်ချင်းတွေလေ၊ မေဂျာအတူတူ"

ဘေးကဖြတ်သွားဖြတ်လာတွေက သူတို့နှစ်ဦးကို အတော်သိုက်ဖက်သည့် စုံတွဲဟု မှတ်ချက်ချကာ ငေးသွားကြသည်သာ။

"ဒါနဲ့ တမ်းတရော ယုံကြည်ချက်နဲ့ သိနေတာလား"

"ခြံချင်းကပ်၊ အချစ်ဆုံးသူငယ်ချင်း"

တမ်းတ၏အဖြေကြောင့် ဝသန့်မျက်ဝန်းထဲမှာ ယုံကြည်ချက်နှင့်နေ့က အဖြစ်အပျက်တွေ အနှေးပြကွက်တစ်ခုလို ထင်ဟပ်လာသည်။

"ဒါဆို မှိုင်းဆိုတာ"

"ဟုတ်တယ်လေ၊ ရက်ဘစ်က ကိုယ့်ကို မှိုင်းလို့ပဲ ခေါ်တာ။



www.burmeseclassic.com

www.burmeseclassic.com



မိုးရိပ်မြင်ရင် မျက်နှာက မှိုင်းနေလို့တဲ့''

ကြည့်စမ်း . . . ဒါ ယုံကြည်ချက် သက်သက်ယုတ်မာတာ။ မှိုင်းဟာ တမ်းတဆိုတာ သိနေလျက်နဲ့ ဖုံးကွယ်ထားခဲ့တယ်။ နင် ဒီလိုလုပ်လို့ ငါ့အချစ်ကို ရလိမ့်မယ်လို့မထင်နဲ့ ယုံကြည်ချက်။

''ကဲ . . . မင်းတို့နှစ်ယောက် ဒီနေ့ အလွမ်းသယ်လို့ ပြီးပြီး မှာလား''

ဝသန် စူးခနဲ ယုံကြည်ချက်ကို ကြည့်ပစ်လိုက်သည်။

''ဖြစ်နိုင်ရင် ငါ တမ်းတမျက်နှာကို တစ်နေ့လုံး ထိုင်ကြည့်ပြီး အလွမ်းဖြေလိုက်ချင်တာ''

ပြောပြီး ဆတ်ခနဲ မျက်နှာလွှဲလိုက်၏။

ဘာမှမသိရှာသော တမ်းတကတော့ ချစ်သူ၏အကဲပိုမှုလေးတွေကို တစိမ့်စိမ့်ကြည့်နူးလျက် ဝသန့်လက်ကလေးကို ဖွဖွဖျစ်ညှစ်လိုက်၏။

''မှိုင်း''

''ဟင်''

''မင်းက မင်းသားနော်၊ နောက်ထပ်လူတွေရောက်လာရင် ဒီစင်တာ့ထဲက မထွက်နိုင်ဖြစ်နေမယ် သွားစို့''





''မင်း ဘာမှမဝယ်တော့ဘူးလား''

''မဝယ်ဘူး''

ပြောပြောဆိုဆို တမ်းတ လက်ကိုဆွဲ၍ခေါ်ခဲ့သည်။ သူ့ရင်ထဲမှာ ဘာတွေဖြစ်နေပြီလဲ။ သူ တမ်းတနဲ့ဝသန်ကို ကြာကြာအတူမရှိစေချင်တာ တစ်ခုပဲသိသည်လေ။

သူ့ရှေ့မှာ တစ်ယောက်နဲ့တစ်ယောက် အလွမ်းသယ်နေကြတာကို သူ မရှုစိမ့်နိုင်ပါ။

သူသိတာက ဝသန့်ဘေးနားမှာ ယုံကြည်ချက်ဆိုသည့် သူတစ်ယောက်သာရှိချင်သည်။ သူ့ကို ဥပေက္ခာပြုပြီး အခြားတစ်ယောက်ကို အမြင်ကတ်လောက်အောင် ချစ်ပြ ကဲပြနေသော ဝသန့်ကို သူ မကျေနပ်ဘူးလေ။

အချစ်နဲ့စစ်မှာ မတရားတာမရှိဘူး ဝသန်။

ငါကလွဲပြီး နင် ဘယ်သူ့ကိုမှ မချစ်ရဘူး။ နင့်အချစ်တွေကို သံကွန်ချာခုနစ်ထပ်နဲ့ အုပ်ထားနိုင်အောင် ငါ ကြိုးစားမယ်။

''တောက်''

ဝသန့်ခမျာမှာလည်း မကျေမနပ်နှင့် 'တောက်' ခေါက်လိုက်ခဲ့ရုံမှအပ ဘာမှမတတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ချက် တမင်သက်သက် သူတို့နှစ်ယောက်ကို ခွဲထုတ်သွားတာ။

နှင်းဦးဝေ သူတို့ကိုကြည့်ပြီး သက်ပြင်းချမိ၏။ တမ်းတနှင့်ဝသန်က ချစ်သူတွေ။

ယုံကြည်ချက်က ဝသန့်ကို အရှုအမူး စွဲလန်းနေသူ။ ဝသန်က တမ်းတမှတမ်းတ ဟူ၏။

"ယုံကြည်ချက် သနားပါတယ်နော်"

ဝသန်က ဆတ်ခနဲ နှင်းဦးကို လှည့်ကြည့်ကာ . . .

"သနားရင် နင်ယူလိုက်"

* * *



## အခန်း (၂၁)

ရောင်ခြည်လင်းသည့် နံနက်ခင်းသည်
ရင်ကိုပူလောင်စေ၏
လေပြည်ညင်း၏ထွေးပိုက်မှုသည်လည်း
စိတ်ကို မလန်းဆန်းစေခဲ့။
ငှက်ကလေးတွေ၏ တေးဆိုသံသည်လည်း
နားဝင်မချိုခဲ့။

ဒါတွေအားလုံးဟာ ချစ်တတ်တဲ့နှလုံးသားကို တုံ့ပြန်လိုက်တဲ့ ကမ္ဘာရဲ့ စီရင်ဆုံးဖြတ်ချက်လား။



www.burmeseclassic.com

www.burmeseclassic.com



ဝသန်ရယ် . . .

နင့်ကို သိပ်ချစ်ခဲ့မိတဲ့

ငါ့ရင်ဘတ်တစ်ခုလုံးမှာ မီးတွေလောင်ကျွမ်းနေသလိုပါပဲ။ ပူစမ်းပါစေ ဝသန်။ ငါ့ဘဝတစ်ခုလုံးကို မီးလောင်တိုက်သွင်းပစ်လိုက်ရအောင် နင့်ကို သေရာက ထချစ်နေမယ့်ကောင်ပါ။

"ရှပ် ရှပ် ရှပ် ရှပ်"

ခြေသံကိုကြား၍ ဦးခေါင်းကိုမော့လိုက်စဉ် . . .

"ဝသန်"

သူ့ကိုကြည့်နေသော ဝသန့်မျက်ဝန်းက ပေါက်ကွဲလွင့်စင်သွားတော့မည့် မီးတောင်ကြီးတစ်ခုလို။

"နင် ရောက်လာပြီပေါ့နော်"

"ဟုတ်တယ်"

"ပြောပါ . . . နင်ကျေနပ်တဲ့အထိပြော။ ငါ ခေါင်းငုံ့ခံဖို့ အဆင်သင့်ပါပဲ"

"ဟွန့်"

ဝသန် ဟွန့်ခနဲ ပြုံးလိုက်သည်။

"နင်သိပ်တော်တယ် ယုံကြည်ချက်။ တမ်းတကို နင်က





အညှာကိုင်ထားနိုင်တာကိုး"

"နင်မှားတယ် ဝသန်"

"ဘာရယ်"

"ဟုတ်တယ် . . . တမ်းတကို မှိုင်းအဖြစ်နဲ့ ပြုပြင်ပြောင်းလဲပေးခဲ့တုန်းက ငါ့ရင်ထဲမှာ ဘာကာလာမှ မရှိဘူး"

"ဒါဆို တမ်းတနဲ့ငါ ချစ်သူတွေမှန်းသိမှ နင် ကာလာပြောင်းသွားတာလား"

"ဟုတ်တယ်"

ယုံကြည်ချက် အံကိုတင်းတင်းကြိတ်၍ ဝန်ခံလိုက်သည်။

"ဝန်ခံရဲသားပဲ"

"ငါ ယောကျ်ားပါ"

ဝသန် ဟန်ပါပါနှင့် လက်ပိုက်၍ ပြုံးလိုက်ပြီး . . .

"နင်ဆိုးလိုက်တဲ့ကာလာက အနီရင့်ရောင်အဆင့်ပဲ ရှိသေးတယ် ယုံကြည်ချက်။ တို့နှစ်ယောက်ချစ်ခဲ့တဲ့အချစ်က အပြာရင့်ရောင်ပဲ။ အပြာရင့်ရောင်နှလုံးသားကို အနီရင့်ရောင် နင်ချပေးလိုက်ရင် နင်ပဲ ဘာလက်ခ်ဖြစ်သွားလိမ့်မယ်"

"အဲဒီလိုဖြစ်သွားလို့ ငါ ကြေကွဲနေမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နင် ဘာဖြစ်လို့ ကန့်လန့်ကာတစ်ချပ် လုပ်တာလဲ"

"နင့်ကို ချစ်လို့"

"မချစ်ရဘူး"

ယုံကြည်ချက်က တုန်လှုပ်မှုကင်းမဲ့စွာ ဆိုလိုက်ပေမယ့် အသားတွေ တဆတ်ဆတ်တုန်အောင် ဒေါသတွေနဲ့ ပေါက်ကွဲသွားသူက ဝသန်။

"အချစ်ကို တားဆီးလို့ရကြေးဆိုရင် မင်းနန္ဒာကိုယ်တော်လေးဟာ ငမိုးရိပ်ပါးစပ်ထဲကို ရောက်စရာအကြောင်း မရှိဘူး။ ရှင်မွေးနွန်းလည်း ရင်ကွဲနာမကျဘူး ဝသန်။ အချစ်ကို တားဆီးနိုင်အောင် နင် အရင်ကြိုးစားကြည့်လိုက်ပေါ့"

ဝသန် အံကိုတင်းတင်းကြိတ်လိုက်၏။

"နှစ်ဦးနှစ်ဖက်ရဲ့မေတ္တာမျှတမှုကို နင် ခုတုံးမလုပ်နဲ့ ယုံကြည်ချက်၊ နင်သိပါတယ်။ ဒဿရဲ့ဘဝ ဘယ်လိုဇာတ်သိမ်းသွားတယ်ဆိုတာ"

"ဟား ဟား ဟား ဟား"

ယုံကြည်ချက် ခေါင်းကိုမော့၍ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ ပြီးမှ ပြန်လည်စောင်းငဲ့ကြည့်ပုံက ထုချင် ရိုက်ချင်စရာ





"ဝသန် ဝသန် ... လောကမှာ တရားသောစစ်ပွဲဆိုတာ ရှိခဲ့ဖူးလို့လား။ နင်ပြန်ပြီး စဉ်းစားကြည့်ပါဦး"

"တောက်"

"အဟင်း"

ဝသန် ချေပဖို့စကားလုံးကို အပြေးအလွှား စဉ်းစားနေရ၏။

"နင် တမ်းတကို ပန်းတစ်ပွင့်လို တယုတယ ပျိုးခဲ့တာ ပိုင်ဘက်အဖြစ် သတ်မှတ်ဖို့လား"

"နင် ဘယ်လိုထင်လဲ"

"ဟုတ်တယ်လို့ပဲ ထင်တယ်"

ယုံကြည်ချက်မျက်နှာ ညှိုးခနဲဖြစ်သွား၏။ ရင်ထဲမှာလည်း နင့်သွားလေသည်။ သည်ဆုံမှတ်တစ်ခုမှာ သူနဲ့ တမ်းတရဲ့အချစ်တွေ ဆုံခဲ့ဘူးဆိုလျှင် တမ်းတဆိုတာ သူ့ဘဝအတွက် ဘေးလွယ်အိတ်တစ်လုံးပါပဲ။ သူ့ကို ဘေးနားမှာ အမြဲတမ်းလွယ်ထားချင်သည်။

"ပရိသတ်နဲ့မင်းသား ကန့်လန့်ကာခြားထားပေမယ့် မင်းသားအထွက်ကို စောင့်နေတဲ့ ပရိသတ်က ထွက်ချိန်တန်လို့ ထွက်မလာရင် ကန့်လန့်ကာကို ခဲနဲ့ပေါက်မှာပဲ ယုံကြည်ချက်"

"ခဲတစ်လုံးဟာ မြားတစ်ချောင်းမှမဟုတ်ဘဲ ဝသန်။ မြား



www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်းဖြစ်သွားရင်တောင် ငါ နောက်မဆုတ်ဘူး။ ယုံကြည်ချက်က လိုချင်တာကို ရအောင်ယူတတ်တယ်''

''နင် ငါ့အချစ်ကို ဘယ်တော့မှမရစေရဘူး''

''ငါ မရနိုင်ရင် တမ်းတကိုလည်း နင်ပေးဖို့ မကြိုးစားနဲ့''

''ဒါ ... ငါ့ရဲ့လွတ်လပ်ခွင့်ပဲလေ''

ယုံကြည်ချက် ဝသန့်မျက်နှာကို ခပ်စူးစူးကြည့်လိုက်သည်။ ဝသန်ကလည်း တိုက်စစ်ဆင်သော မျက်ဝန်းနှင့် ...

''နင်က ဒဿရဲ့ ဇာတ်သိမ်းကိုပဲ မြင်တတ်တာလား။ ဝသန် မောင်ဖေငယ်နဲ့ ဒိုင်းခင်ခင်ရဲ့ဘဝ ဘယ်လိုဇာတ်သိမ်းသွားတယ်ဆိုတာ ရော နင်သိတယ် မဟုတ်လား''

''နင်''

ဝသန် နာကြည်းစက်ဆုပ်စွာ ယုံကြည်ချက်ကို ကြည့်လိုက်၏။ မပေးတာကိုမှ လိုချင်နေတဲ့သူ။ ထိုက်သင့်တဲ့ တုံ့ပြန်မှု သူမ ပေးသင့်ပါပြီ။

''လူယုတ်မာ''

''အချစ်မှာ ယုတ်မာတယ်ဆိုတာ မရှိဘူး''

''ချစ် ... သေအောင်ချစ်၊ နင်နဲ့ထိုက်တန်တဲ့အချစ်က''





ဝသန် လက်တစ်ဖက်မြှောက်တက်သွားလေပြီး ...

''ဖြန်း''

ယုံကြည်ချက် ပါးတစ်ဖက်ပူသွားလေ၏။ နှလုံးသားကတော့ ကျွတ်ကျွတ်ဆူသွားသည်အထိပါပဲ။ စိတ်တို့သည် ထိန်းသိမ်းနိုင်စွမ်း ကင်းမဲ့ကာ လှုပ်ခါသွားလေပြီ။ အချစ်နှင့်ဒေါသ ပေါင်းဖက်ကာ ကမောက်ကမဖြစ်သွားခိုက် ...

''လွှတ် ... လွှတ်စမ်း လူယုတ်မာ''

ဝသန် အငိုက်မိသွားကာ ယုံကြည်ချက်ရင်ခွင်ထဲသို့ တွေးခနဲ ပြိုကျသွားလေ၏။ ကြမ်းတမ်းသော အနမ်းပွင့်တွေက သူမမျက်နှာပေါ် သွင် ဆက်ကာယ် ဆက်ကာယ်။

''ဟင့်အင်း ... ဟင့်အင်း''

ခေါင်းခါ၍ ရှောင်တိမ်းနေမိသည်က ငြင်းဆန်နေသည်နှင့် တူတဲ့ မျက်နှာအနှံ့ အနမ်းခံရဖို့အတွက် ဘယ်ပြန်ညာပြန် လှည့်ပေးနေသည့်နှယ်။

''လွှတ်''

သူမ ငြင်းဆန်နေသည်ကို မကြားနိုင်တော့ပြီလား။

''သိပ်ချစ်တယ် ဝသန်ရယ်''



www.burmeseclassic.com

www.burmeseclassic.com



မှတ်သိပ်နေသော အနမ်းမှန်တိုင်းကြားမှ ဝသန် ရုန်းထွက်ဖို့ ကြိုးစားနေသည်။ ယုံကြည်ချက်၏သန်မာသောလက်တွေကြားက ရုန်းထွက်နိုင်ဖို့ ခဲယဉ်းနေသည်မို့။ ထို့ကြောင့် . . .

"အား"

ယုံကြည်ချက် လက်မောင်းတစ်ဖက်ကို ငုံ၍ ကိုက်ခဲ့လိုက်သည်တွင် . . .

"ဝသန်"

လုံးဝမထင်မှတ်ထားသော အပြုအမူကြောင့် ယုံကြည်ချက် လက်တွေ လွှတ်ထွက်သွားကာ နောက်သို့ဆုတ်သွားလေ၏။ ဘယ်ဘက်လက်မောင်းတွင် နာကျင်မှုနှင့်အတူ သွေးများ ယိုစီးလာသည်နှင့်

"အဲဒါ . . . နင်နဲ့ထိုက်တန်တဲ့ တုံ့ပြန်မှုပဲ"

ဝသန် ချာခနဲပြေးထွက်သွားလေ၏။

ရက်စက်ပါ ဝသန်။

ရက်စက်မှုထူးချွန်ဆုကို နင်လိုချင်တယ်ဆိုရင် ငါ့နှလုံးသား အရုပ်တစ်ခုအဖြစ် သွန်းဆစ်ပြီး နင်ယူလိုက်ပါ။

ယုံကြည်ချက် သူတို့တိုက်ထဲသို့ ဝင်သွားသည်အထိ အ အဆုံး ကြည့်နေမိသူက တမ်းတာပင်။





ဒီနေ့ ရှုတင်နားရက်မို့ ယုံကြည်ချက်တို့အိမ်ဘက်သို့ ကူးလာခဲ့ရာ မထင်မှတ်သော မြင်ကွင်းကြောင့် တမ်းတာ နှင်းဆီရုံဘေးမှာရပ်၍ ကိုယ်ရှိန်သတ်နေခဲ့တာ။

"ငါ ဝသန့်ကို သိပ်ချစ်တယ်။ ဝသန်က မင်းမှမင်းပဲဖြစ်နေတာ။ ငါ ဘာလုပ်ရမလဲ။ ဝသန့်ကိုငါ အဆုံးရှုံးမခံနိုင်ဘူး။ ဆုံးရှုံးရမယ်ဆိုရင်လည်း အဲဒီနေ့ဟာ ငါ့ဘဝ အဆုံးသတ်တဲ့နေ့ပဲ ဖြစ်ရမယ်"

မနေ့က ယုံကြည်ချက်ပြောခဲ့သောစကားသံတွေ။ နားထဲမှာ ပဲ့တင်ထပ်နေ၏။

သူကလည်း ကတိတွေပေးခဲ့သည်လေ။

"မင်းဘဝပျက်သွားမှာကို ငါမလိုလားဘူး ရက်ဘစ်။ ချစ်တဲ့သူကို ရွေးလက်တွဲပြီး သူငယ်ချင်းရဲ့ဘေးကကို နင်းလျှောက်ပြီး ဖြတ်သန်းရမယ့် အချစ်ခရီးကလည်း ငါ့အတွက် သာယာချမ်းမြေ့လာမှာ မဟုတ်ဘူး"

"ဒါဆို"

"အနုနည်းပဲဖြစ်ဖြစ် အကြမ်းနည်းပဲသုံးသုံး ငါ့ဘဝ နိဂုံးချုပ်မှာ ဝသန်နဲ့ဇာတ်ပေါင်းခြင်းဆိုတာ မဖြစ်စေရဘူးလို့ မင်းကိုငါ ကတိပေးပါတယ်။ မင်းသာ ဝသန့်ကို ပိုင်ဆိုင်ဖို့ကြိုးစားပါ"



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးမှာ ရက်ဘစ်က သူ့ပခုံးကို ဝမ်းသာအားရဖက်လို့ ...

"မင်း တကယ်ပြောတာလား မှိုင်း"

"အလုပ်က သက်သေပြမှာပါ"

ဒီလို ကတိတွေပေးခဲ့တာ ဝသန်ကိုမချစ်လို့တော့ မဟုတ်ခဲ့ပါဘူး ဝသန်။

ကိုယ့်ကြောင့် လူတစ်ယောက်ရဲ့အနာဂတ်တွေ မပျက်စီးစေချင်လို့ပါ။ ယုံကြည်ချက်က ကိုယ့်ကို ရေလောင်းပေါင်းသင်လုပ်ပေးခဲ့တဲ့ ဥယျာဉ်မှူးတစ်ယောက်ပါ။ ဥယျာဉ်မှူးကျေနပ်မယ်ဆိုရင် ပန်းကလေးက လိပ်ပြာမလေးမနားနိုင်အောင် အယောင်ဆောင်ရှူးတွေ ဝန်းရံခဲပြီး နွမ်းလျနေရရင်လည်း ကျေနပ်ပါတယ်လေ။

* * *



## အခန်း (၂၂)

ဂစ်တာသံတိုးသဲ့သဲ့က ညဦးယံ၏ တိတ်ဆိတ်မှုကို ဖောက်ထွင်း၍ စိန်ခေါ်နေသည်။ ဆိုနေသည့်သီချင်းက အချစ်ဆိုသည်မှာ၊ ခံစားမှုတစ်ခုကို သံစဉ်နှင့်တေးသွားကြားမှာ ရှက်လှ့င်ထားသူက ယုံကြည်ချက်ပင်။ သီချင်းတစ်ပုဒ် အဆုံးသတ်လိုက်ချိန်တွင် ...

"ယုံကြည်ချက်"

အသံဝါတစ်ခုကြောင့် ယုံကြည်ချက်လက်တွေ ရပ်တန့်သွားလေ၏။

"ဟော့ကောင် ... ခေါ်နေတာ မကြားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ချက် အံ့ဩသွားရသည်။ ဒယ်ဒီ သူ့ကို ဒီလိုလေသံမျိုးနှင့် တစ်ခါမှ မခေါ်ခဲ့ဖူးပေ။ မီးဝင်းဝင်းတောက်နေသော မျက်ဝန်းအစုံနှင့် ခါးကြီးထောက်ပြီး သူ့ကိုကြည့်နေသည်မို့ . . .

"ဘာကိစ္စရှိလို့လဲ ဒယ်ဒီ"

"ဘာကွ . . . ဘာကိစ္စရှိလို့လဲ ဟုတ်လား"

"ဟုတ်တယ်လေ"

"မင်းလက်က နာရီကို ပြန်ငုံ့ကြည့်စမ်း"

သူ ယောင်ယမ်း၍ လက်ကနာရီကို ငုံ့ကြည့်တော့ အမှောင်ရပ်ကြောင့် ဘာမှ မမြင်ရ။ ရေးရေးသာမြင်ရသည်ကို အနီးကပ်ပြန်ကြည့်လိုက်တော့ . . .

"ဒီကိုလာခဲ့စမ်း"

ဂစ်တာကိုထမ်း၍ အိမ်ထဲသို့ဝင်တော့မှ မီးရောင်ကြောင့် အမြင်က ပီပြင်ခဲ့သည်လေ။

"ကြည့်စမ်း . . . ဘယ်နှစ်နာရီထိုးပြီလဲ"

"ဆယ့်နှစ်နာရီ သုံးဆယ့်ငါး"

"မင်းနာရီပတ်ထားပြီး အလှကြည့်နေတာလား"

ဒယ်ဒီ ဘာကိုဆိုလိုချင်တယ်ဆိုတာ ယုံကြည်ချက်သဘော





ပေါက်သွားပါပြီ။ ထို့ကြောင့် ခေါင်းကိုသာ ငုံ့ချလိုက်၏။

"ဒါ လူတွေအိပ်ချိန်ကွ။ လူကမွေးထားပြီး ခွေးလောက်တောင် အသိမရှိတဲ့ကောင်"

"အသိမရှိတာ မဟုတ်ပါဘူး ဒယ်ဒီ။ သား တိုးတိုးမှလေးပဲ ဆိုတာပါ"

"မင်း ဘယ်လောက်ပဲတိုးတိုး ဒီအချိန်ဆိုတာ အဝ်ကျသံက စ ကျယ်လောင်တတ်တာ မင်းမသိဘူးလား"

"ဖေကြီး"

မာမီ အပြေးအလွှားရောက်လာပြီး ဒယ်ဒီနှင့်သူ့ကြားမှာ ဝင်ရပ်လိုက်၏။ ပြီး ချောမောသောသား၏မျက်နှာပေါ်က ခံစားမှုအရိပ်တစ်ခုကို လှစ်ခနဲမြင်လိုက်ရပြီး . . .

"ကလေးကို မဆူပါနဲ့ ဖေကြီးရယ်၊ သူ ဒီလိုစည်းမဲ့ကမ်းမဲ့ ဘယ်တုန်းက လုပ်ဖူးလို့လဲ"

ဦးငွေသော်။

တွေတွေကြီးရပ်နေပြီးမှ သက်ပြင်းတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်လိုက်၏။

"ကဲ ပြော . . . ငါ့သား ဘာတွေခံစားနေရသလဲ။ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကြောင့် ဒီလိုဖြစ်ရတာလဲ"

"ဖြေလိုက်လေ သား"

ယုံကြည်ချက် ရင်ဖွင့်ချင်နေတာကြာပါပြီ။

ရင်ထဲမှာ မွန်းကျပ်သိပ်သည်းနေသော ခံစားမှုထုထည်ကြီးကို ဖွင့်ချလိုက်တော့မည်ဟု။

"ဝသန်မိုးပါ ဒယ်ဒီ။ သား သူ့ကို သိပ်ချစ်တယ်"

ဦးငွေသော် မျက်ခုံးနှစ်ဖက် မြင့်တက်သွားပြီး . . .

"ဒါများ သားရယ် . . . ဒီလောက်ခံစားစရာလား။ ဖွင့်ပြောလိုက်ပေါ့"

"သူက သားကို ပြန်မချစ်နိုင်လို့ ခံစားနေရတာပေါ့ မာမ်ရယ်"

"ဟော"

ဒီတစ်ခါ အံ့ဩသွားသူက ဦးငွေသော်။

"နေစမ်းပါဦး သားရဲ့။ ငါ့သားကို ငြင်းရအောင် အဲဒီမိန်းကလေး စိတ်မှကောင်းရဲ့လား"

"ဟုတ်ပါရဲ့၊ မာမ့်သား ဒီလောက်ချောပြီး ဒီလောက်ကြွယ်နေတာ။ ပညာလည်းတတ်၊ လိမ္မာတယ် ဒါကို ဘယ်လိုမိန်းကလေး





ငြင်းမှာလဲကွယ်"

"ငါ့သားကို လိုချင်သူတွေ ပေါမှပေါပဲဟာ"

ယုံကြည်ချက် လေးတွဲစွာ ခေါင်းကိုခါရမ်းလိုက်သည်။

"ဝသန်က တခြားမိန်းကလေးတွေလို မဟုတ်ဘူး ဒယ်ဒီ။ မာနကြီးတယ်"

"ကြီးစမ်းပါစေသားရယ်၊ ခုခေတ်ထဲမှာ ငွေမမက်တဲ့သူ ဘယ်သူရှိလဲ ပြော။ ဖေဖေတို့ လိုက်တောင်းပေးမယ်ကွာ။ မနက်ဖြန် လား သန်ဘက်ခါလားသာပြော"

"ဟုတ်တယ် သား၊ လူကြီးချင်းတွေ့ပြီး ရအောင် မာမီ တောင်းပေးမယ်။ သားလေး စိတ်ချမ်းသာမယ်ဆိုရင် စည်းစိမ်ပြုတ်ရင် ပြုတ်သွားစမ်းပါစေ"

"သူကမှ သားကိုမချစ်တာ မာမီရဲ့"

"အမယ်လေး သားရယ် . . . ဒါများ ဟို တွံတေးစိုးအောင် သီချင်းတောင် ရှိသေးတာပဲ။ ဘာတဲ့ ခုနေမချစ်နိုင်ဘူးကွယ်။ နောက်တော့ ချစ်သွားမှာပါကွယ် ဆိုတာလေ"

ဒေါ်သစ်သစ်က ဟန်အမူအရာနှင့်ဆိုပြသဖြင့် ရယ်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျိုရှုပ်ထွေးနေသော စိတ်တို့သည် တဒင်္ဂအတွင်း၌ အဝေးသို့ လွင့်ပြယ်သွားလေ၏။ မေမေပြောသလိုသာ ဖြစ်ပါစေလို့ ဆုတောင်းရင်း။

* * *



## အခန်း (၂၃)

"တမ်းတ"

"ဟင်"

"နင် ငါ့ကို အရင်လိုချစ်သေးရဲ့လား"

နောက်ကနေ ခါးကိုသိမ်းဖက်ပြီး မေးလာသော ချစ်သူ၏ တီတီတာတာအသံလေးကြောင့် ရင်ထဲမှာ နာကျင်သွားပေမယ့် အပြုံးကို အဆုံးထိအောင် ဖုံးတစ်လုံးအဖြစ် အသုံးပြုရမယ့်အဖြစ်ရယ်ပါ။

"ဘာဖြစ်လို့မေးတာလဲ"

"အရင်လို နွေးနွေးထွေးထွေး မရှိလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တမ်းတ ကိုယ်ကို ဝသန့်ဘက်သို့လှည့်၍ ဝသန့်ပခုံးလေးကို ဖွဖွဖက်ထားလိုက်သည်။ ပြီးမှ . . .

"ချစ်တာပေါ့ ဝသန့်ရယ်။ ဂရေဟမ်ရဲ့သီချင်းလိုပေါ့။ ရင်နာလေ ပိုချစ်လေ ဆိုတာလေ"

"ဟင် . . . တမ်းတက ဘာကိုရင်နာလို့လဲ"

"ဘာမှမဟုတ်ပါဘူး"

သူ့ကိုမော့ကြည့်၍ မေးလာပုံက အပြစ်ကင်းစင်သည့်ကလေးငယ်လေးလို။ တမ်းတ လွှန်သွားသောစကားကို အမိအရ ပြန်ထိန်းထားလိုက်၏။

"မရဘူး . . . ပြောကွာ။ စကားကိုလွှဲမပစ်နဲ့"

"ဟ . . . ကလေးဆိုးလေးပါလား"

"ဆိုးတယ် . . . ဆိုးတယ်။ ကိုယ့်ချစ်သူမို့ဆိုးတာ ဘာဖြစ်လဲ"

"ကိုယ် ပြန်ဆိုးလိုက်ရမလား"

"ဆိုးပေါ့"

တမ်းတက ဝသန့်ဆံပင်လေးကို နားရွက်နောက်သို့ သိမ်းတင်ပေးလိုက်ရင်း . . .





"ကိုယ် စိတ်ဆိုးရင် ဘာလုပ်တတ်လဲ သိလား"

"ဟင့်အင်း"

"သိချင်လား"

"အင်း"

တကယ် နားမလည်စွာ ခေါင်းညိတ်လိုက်တာကြောင့် တမ်းတ အသည်းယားသွားသည်။

"ကိုယ်စိတ်ဆိုးရင် ကောင်မလေးတစ်ယောက်ကို ဖက်နမ်းလိုက်မှာ"

"အို"

ရှက်သွားသောကြောင့် ဝသန့် မျက်နှာလေး ပန်းရောင်ပြေးသွားလေသည်။ ငုံ့ကျသွားသော မျက်နှာလေးကိုပင် တမ်းတ အမိအရ လိုက်နမ်းမိတော့ . . .

"ကို အရမ်းဆိုးတာပဲကွာ"

"ဟင် . . . ဘယ်လို"

"မသိဘူး"

"ပြန်ခေါ်စမ်းပါ နားဝင်ချိုလို့"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်ကွာ ... ဒီတစ်ခါ စိတ်ဆိုးရင် ပိုဆိုးမှာနော်"

"ကိုနော်"

ဝသန့်ရယ်သံ ခိုးခိုးခစ်ခစ်ကလေးကြားမှာ တမ်းတ မူးမေ့သွားမတတ် ရင်ခုန်သံတို့ လှိုက်ခါနေသည်။ ကိုယ်ရင်ဆိုင်နေရမည့် အခြေအနေကိုလည်း မေ့လျော့သွား၏။

"သိပ်ချစ်တယ် ဝသန့်ရယ်"

"ဝသန်လည်း ကိုထက် မလျော့ပါဘူးနော်"

တမ်းတ ဝသန့်ကိုယ်လေးကို ပို၍ တင်းကျပ်စွာ ဖက်ထားပြီး ပါးချင်းဖိကပ်ထားလိုက်သည်။

ချစ်သူဆီက နွေးထွေးသောအကြင်နာတွေကို ရယူခြင်းဟာ ဒီတစ်ခါ နောက်ဆုံးပါပဲ။ နောက်များမှာတော့။

"ကို"

"ဟင်"

"ကိုယ့်ကို ဝသန် စိတ်မချဘူး သိလား"

"ဘာဖြစ်လို့လဲ"

"ကိုက နိုင်ငံကျော် ရုပ်ရှင်မင်းသားမို့လို့ပေါ့"

"မင်းသားမှာလည်း နှလုံးသားနဲ့ပါဗျာ"





"နှလုံးသားနဲ့မို့လို့ ပြောနေရတာပေါ့။ ကိုဘေးမှာ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတာ၊ တော်ကြာ ... ဝသန့်ကို မေ့သွားရင် ဘယ်လိုလုပ်မလဲ"

"ဝသန်ရယ်"

နှစ်ဦးသား ခေတ္တမျှ ငြိမ်သက်သွားကြသည်။ တမ်းတ ဝသန့်ခေါင်းမှ ဆံနွယ်စလေးတွေကို တမြတ်တနိုး နမ်းရှိုက်လိုက်ပြီး။

ဒါ နောက်ဆုံးရှုတ်ဆက်အနမ်းပွင့်တွေပါ ဝသန်။

ကိုယ့်ရင်ခွင်ထဲမှာ မင်းကျေနပ်တဲ့အထိ မှေးစက်သွားပါ။

ဒီနေ့ မဟုတ်တော့တဲ့နောက်နေ့တွေမှာ မင်း ခိုလှုံရမယ့် ရင်ခွင်ဟာ ကိုယ့်ရင်ခွင် မဟုတ်ဘူးဆိုတာ မင်းသိခဲ့ရင်။

ခွင့်လွှတ်ပါ ဝသန်ရယ်။

အချစ်ဆိုတာ

ဝမ်းသာကြည်နူးမှုဆိုတဲ့ မျဉ်းတစ်ကြောင်းပေါ်မှာ ကြေကွဲလွမ်းဆွတ်ခြင်း မျဉ်းတစ်ကြောင်းကို ဖြတ်ချလိုက်တဲ့ မရေရာတဲ့ အပေါင်း လက္ခဏာတစ်ခုပါ။

"ကို"

"အင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သွားတာလဲဟင် ... ဝသန်ပြောတာ မကြိုက်လို့လား"

တမ်းတ အတွေးစကို ဖြတ်တောက်၍ သက်ပြင်းမျှင်းမျှင်း ချလိုက်သည်။ ပြီး တစ်ဖွဲစ နှစ်ဖွဲ့စ ကျလာသော မိုးဖွဲလေးတွေကို ငေးကြည့်ကာ ...

"မဟုတ်ပါဘူး ဝသန်ရယ်။ မိုးတွေရွာတိုင်း မျက်ရည်ဝိုင်းရ မယ့်အဖြစ်ကို တွေးမိသွားလို့ပါ"

"ကိုကလည်း စိတ်မကောင်းစရာတွေ တွေးနေပြန်ပြီ။ မိုးတွေ ရွာတိုင်း မျက်ရည်မဝိုင်းချင်ရင် ဝသန်တို့ လက်ထပ်ကြမယ်လေ"

လက်ထပ်မယ်တဲ့လား ဝသန်ရယ်။ မင်း လက်ထပ်ရမှာပါ ဒါပေမဲ့ မင်းရဲ့သတို့သားဟာ ကိုယ်မဟုတ်ဘူး ဝသန်။ ယုံကြည်ချက် ဆိုတဲ့ အချစ်ဆုံးသူငယ်ချင်းအတွက် ကမ်းလှမ်းမယ့် ကိုယ့်ရဲ့လက်ကို ကိုယ် ရုပ်သိမ်းပေးရတော့မယ်။

မချစ်လို့တော့ မဟုတ်ခဲ့ပါဘူးကွယ်။

အပြစ်မဲ့တဲ့ နှလုံးသားပိုင်ရှင်ကို ကိုယ် အနိုင်မယူရက်လို့ပါ မင်းကိုမှ ပိုင်ဆိုင်ခွင့်မရရင် သူ ရူးသွားလိမ့်မယ်။ ကိုယ်က ဘယ်အခါ ကိုပဲဖြစ်ဖြစ် အသားကျအောင် နေတတ်ခဲ့ပါတယ်။





သူကတော့ ...

"ဝသန်ပြောတာ ကြားရဲ့လား ကို"

"ကြားပါတယ်၊ ကိုယ် ကြိုးစားမယ်လေ"

"တကယ်နော်"

တမ်းတ ခေါင်းအညိတ်တွင် မိုးဖွဲတွေက လှောင်ရယ်သလို သက်ခုပ်တီးသလို တဖျောက်ဖျောက် ခုန်ဆင်းလာ၏။

"မိုးရွာလာပြီ ပြန်ကြရအောင်နော်"

ဝသန်က အသင့်ပါလာသော ခေါက်ထီးလေးကို ဖွင့်၍ သူ့ကိုဆောင်းပေးလေသည်။

"ဝသန် ဆောင်းလေ"

"အတူတူပေါ့ ကိုရဲ့"

ထီးကလေးတစ်ချောင်းအောက်မှာ နှစ်ယောက်အတူ ရှိနေခြင်းသည် လမ်းခွဲခြင်း မှတ်တိုင်တစ်ခုပါပဲလား။

တစ်မိုးအောက်မှာ အတူနှစ်ယောက်ရှိနေရတဲ့ ကာလလေးမှာ သစ္စာကိုတိုင်တည်လိုက်ပါရစေ ဝသန်။

ချစ်သူနဲ့ပေါင်းခွင့်မကြုံခဲ့တဲ့ဘဝမှာ မေတ္တာကိုအစားထိုးခြင်းနဲ့ ဘယ်သောအခါမှ မင်းနေရာကို အစားထိုးဖို့ မကြိုးစားပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဝသန်ရယ်။

တစ်နေ့ကုန် နှစ်ယောက်အတူ လျှောက်လည်ခဲ့ပြီး အိမ်ပြန်ရောက်တော့လည်း ရင်ဝမှာ စိုက်ဝင်လာတဲ့ မြားတစ်ချောင်း တူတစ်လက်က ထပ်ထုလိုက်သည့်နှယ်။

ကားပေါ်က ဆင်းလိုက်သည်နှင့် သူ့ရှေ့မှာ မားမားရပ် သူက ရက်ဘစ်ရယ်ပါ။ မိုးရေထဲမှာ ဆောင်းစရာမပါတဲ့ ရပ်နေပုံ မဟာဗန္ဓုလစစ်သူကြီးနှယ်။

“မင်းပြန်လာပြီလား တမ်းတ”

“ဟာ ... ဆောင်းစရာမပါ၊ ဘာမပါနဲ့ပါလား ရက်ဘ တော်ကြာ အအေးမိနေဦးမယ်”

“မင်း ငါ့ကို ရက်ဘစ်လို့မခေါ်နဲ့”

အသံကုန်ဟစ်၍ အော်လိုက်ပုံက စစ်သူကြီးတစ်ယော သူ့ငယ်သားများကို အမိန့်ပေးလိုက်သည့်နှယ်။ တမ်းတ လှ ပြုံးလိုက်မိပြီး ...

“မင်း ဘာဖြစ်နေတာလဲ”

“မမေးနဲ့ ... မင်းနဲ့ငါ့ကြားမှာ ရက်ဘစ်နဲ့မိုင်းဆိုတာ တော့ဘူး”





ပြောပြောဆိုဆို တမ်းတက ယုံကြည်ချက်ပခုံးကို လှမ်းဖက်လိုက်ရာ ယုံကြည်ချက်က အဖက်မခံဘဲ တမ်းတလက်ကို ပုတ်ထုတ်လိုက်၏။

“ရက်ဘစ်”

“မခေါ်နဲ့ ... မင်းနဲ့ငါ ဒီနေ့ကစပြီး ပြတ်ပြီ”

“ဘာတွေလဲကွာ”

“ခုမှ မသိချင်ယောင်ဆောင်မနေနဲ့၊ မင်းက ကြောင်သူတော်ကြွက်သူခိုးပဲ”

“ဟာ ... ရက်ဘစ်”

တမ်းတ ဘာကိုမှနားမလည်နိုင်တော့ပေ။

“မင်းက ကတိတစ်လုံးကို တန်ဖိုးမထားတဲ့ကောင်။ ငါ့ကိုတော့ ဝသန်နဲ့ မပတ်သက်တော့ပါဘူးလို့ ကတိတွေ အထပ်ထပ်ပေးပြီး ကွယ်ရာရောက်တော့ ငါ့နှလုံးသားကို ဆွဲထုတ်ဖို့ကြိုးစားတယ်။ မင်း ရက်စက်တယ် တမ်းတ”

“ဟာ”

ရက်ဘစ်စကားတွေကြောင့် တမ်းတ အခြေအနေကို နားလည်လိုက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပျာပျာသလဲပင် …

"မဟုတ်ဘူး ရက်ဘစ် … မင်း မှားနေပြီ။ ငါ ရှင်းပြ"

"တော်တော့ … ဘာမှရှင်းပြစရာမလိုဘူး။ မင်းက အပေါ်ယံ ဖြူပြီး အတွင်းစိတ်မည်းနေတဲ့ ဖျိုင်းလိုကောင်မျိုးပဲ"

"မဟုတ်ဘူး … မဟုတ်ဘူး"

"ဘာမဟုတ်တာလဲ၊ မင်းက ငါ့နောက်ကျောကို ဓားနဲ့ ထိုးတဲ့ ကောင်။ မင်းကို ငါ အရမ်းရွံတယ် … ထွီ"

"ရက်ဘစ် မင်း မှားနေပြီနော်။ ငါ ဝသန်ကို သွားတွေ့တယ်ဆိုတာ မင်းအတွက်"

ယုံကြည်ချက်ပုံစံက တမ်းတကို ဝါးစားတော့မယ့် ဘီလူးတစ်ကောင်လို ခက်ထန်နေသည်။

"ငါ့အတွက် ဟုတ်လား"

"ဟုတ်တယ်"

"ကဲကွာ"

"ခွပ်"

"ခွပ်"

"အဲဒါ ငါ့ကို ညာချင်ဦး"





တမ်းတမျက်နှာပေါ်သို့ ကျရောက်လာသော လက်သီးချက်များကြောင့် ကားဘေးတွင် ဖင်ထိုင်ကျသွားလေသည်။

"သား … သား … ဘာဖြစ်တာလဲ"

ဦးရှိန်ဝါ အိမ်ထဲမှပြေးထွက်လာပြီး တမ်းတကို ပွေ့ထူလိုက်ပြီး …

"ဘာတွေဖြစ်ကြတာလဲ ဖိုးယုံလေးရယ်"

"အန်ကယ့်သား ယုတ်မာလို့ ဆုံးမလိုက်တာ။ သိချင်ရင်သူ့ကို မေးကြည့်"

ယုံကြည်ချက် ဒါပဲပြောခဲ့ပြီး လှည့်ထွက်သွားလေသည်။ ဦးရှိန်ဝါ သားကို ဆွဲထူ၍ သား နှုတ်ခမ်းထောင့်မှ စီးကျလာသောသွေးများကို သုတ်ပေးလိုက်၏။

"ဘာဖြစ်ကြတာလဲ သားရယ်"

တမ်းတ ရီဝေသောမျက်ဝန်းတို့နှင့် ယုံကြည်ချက် နောက်ကျောကို လှမ်းကြည့်ကာ …

"နှလုံးသားအတွက် တိုက်ပွဲဝင်ကြတာပါ ဒယ်ဒီ"

"သားရယ်"

ဦးရှိန်ဝါ အားလုံးသိထားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လက္ခဏာမင်းသားလို လေးတော်ကို တင်နိုင်ပါလျက် တစ်ဖက်ကိုင်၍ လေးတော်ကို ချပစ်ခဲ့သော သားတော်နှလုံးသားဒိုင်ယာရီမှာ "ရင်ခုန်ဖူးတဲ့ မိုးရာသီ" ဆိုတဲ့ သီချင်းလေးပျောက်ဆုံးနေခဲ့တာ ကြာပါပြီ။

* * *



## အခန်း (၂၄)

"သမီး သဘောမတူဘူး။ မေမေတို့ သိပ်ရက်စက်တာပဲ။ အဟင့် . . . အီး ဟီး ဟီး"

ဝသန် ကလေးငယ်တစ်ယောက်လို တဟီးဟီးနှင့် အော်ငိုလေတော့သည်။ ကိုယ်မချစ်မနှစ်သက်တဲ့လူနဲ့ လက်ထပ်ဖို့ကိစ္စ ပြောသာတာကိုးလေ။

"သဘောမတူလို့မရဘူး သမီး။ အားလုံး စီစဉ်ပြီးပြီ။ ကောင်လေးရော ကောင်လေးမိဘတွေရော သမီးအပေါ် အရမ်းတန်ဖိုးထားကြတာ။ မေမေတို့စိတ်ကြိုက်ကိုလည်း အားလုံး စီစဉ်ပေးထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငြင်းစရာ ဘာတစ်ခုမှမလိုဘူး''

''သမီး သူ့ကိုမချစ်ဘူး''

''ဘာ''

''............''

''အချစ်ဆိုတာ ကာရံတွေဝမ်းမြောက်အောင် ဒေါက်ထောက်ပေးတဲ့ စကားလုံးတစ်ခုပါ သမီးရယ်။ တကယ်တမ်း အိမ်ထောင်တစ်ခုကို တည်ဆောက်တော့မယ်ဆိုရင် ကဗျာတွေ သံစဉ်တွေဟာ ဘာအတွက် ဘာများ အာမခံချက်ပေးနိုင်လို့လဲ''

ဝသန်ကတော့ အချစ်ဆိုတဲ့အရာကို ဘုရားတစ်ဆူလို ကိုးကွယ်ချင်သူမို့ မေမေ့စကားကို လက်မခံနိုင်ပေ။

ဘာပဲဖြစ်ဖြစ် သူမ ယုံကြည်ချက်ကို လက်မထပ်နိုင်ပါ။

ယုံကြည်ချက်။

တော်တော် အကြံပက်စက်တဲ့ကောင်။ ကိုယ့်အချစ်ဆုံးသူငယ်ချင်းရဲ့ချစ်သူကို လုယူတဲ့ကောင်။

လူစိတ်မရှိ၊ စာနာမှုကင်းမဲ့ပြီး အတ္တကြီးတဲ့လူ။

''သမီး ယုံကြည်ချက်ကို လက်မထပ်ဘူး မေမေ''

''ဘာပြောတယ်''





ဒေါ်မိုးပွင့်ဖြူ၏အသံက ကျယ်လောင်သွားလေသည်။ အောက်နှုတ်ခမ်းကို ဖိကိုက်ကာ ဝသန့်ကို ခပ်စူးစူးကြည့်နေပုံက လိုအပ်ရင် ထရိုက်မယ့်ပုံပါပဲ။

''သမီး တမ်းတကိုပဲ ချစ်တယ်''

ဝသန်ကလည်း ပြတ်သားသည်။ မချစ်မနှစ်သက်သောသူကို လုံးဝ လက်မထပ်နိုင်ဘူးလေ။

''ဒီမှာ မိဝသန်''

ဝသန် ရဲ့ဝံ့စွာ မိခင်ကို မော့ကြည့်လိုက်၏။

''ညည်း ... မိဘကို အာခံတာလား''

''နှလုံးသားက ငြင်းဆန်နေတာပါ မေမေ''

''မိဝသန် ညည်းက ပြာပုံတိုးချင်တဲ့ခွေးပဲ''

''ပြောပါ ... ဒါနဲ့ သမီးမေးပါရစေဦး။ တမ်းတကရော မေမေတို့ မနှစ်သက်ရလောက်အောင် ဘာအပြစ်ရှိလို့လဲ မေမေရဲ့''

ဒေါ်မိုးပွင့်ဖြူ၏ ခန္ဓာကိုယ်သည် ဆုံလည်တစ်ခုလို ဝသန့်ဘက်သို့ လည်လာချေ၏။

ပြီးမှ ...

''နာမည်ကျော် မော်ဒယ်လ်မင်းသားတစ်လက် ဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မေမေ အပြစ်တစ်ခုလို့ပဲ မြင်တယ် သမီး''

''အဲဒါ မေမေ မတရားတာပဲ''

''ဘာအေ့''

''ဟုတ်တယ် ... သူလို အောင်မြင်ကျော်ကြားတဲ့သူ တစ်ယောက်ဖြစ်ဖို့ဆိုတာ လူတိုင်း ဖြစ်ခွင့်ရလို့လား မေမေရဲ့''

''အို ... ဒါမျိုးဖြစ်ခွင့်မရချင်နေပါစေ သရုပ်ဆောင်ပြတာ ဆိုပေမယ့် ရင်ခွင်ထဲကို မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက် ဆွဲထည့်နေတာ၊ ကျောက်စိုင်ကျောက်သားများတောင် တိုက်ပါများရင် နဲ့သတဲ့။ ညည်းရဲ့ကောင်က ဘာသားနဲ့ထုထားတာမှတ်လို့ ရဟန္တာ မဟုတ်ဘူးအေ့။ တစ်နေ့ညည်း စိတ်ဆင်းရဲရမှာစိုးလို့ ငါက ပြောနေတာ သိရဲ့လား''

ဒါလည်း ဟုတ်တော့ဟုတ်ပါသည်။ တီဗီ မဖွင့်လိုက်နဲ့ ဖွင့်လိုက်လို့ ကြော်ငြာလာတာနဲ့ သူ့ပုံရိပ်တွေကသာ ပေါ်ပေါ်လာသည်။ မော်ဒယ်ကောင်မလေးတွေ တစ်ယောက်ပြီးတစ်ယောက် ထည်လဲ တွဲပြနေတာ ကိုယ်မဟုတ်သော ကောင်မလေးတွေနှင့် ရယ်မြူးပြီး ပျော်နေတာ မြင်ရတော့ ရင်ထဲမှာ မနာလို ဝန်တိုမှုတွေနှင့် အောင့်သက်သက်ဖြစ်ခဲ့ရပေါင်း မနည်းတော့။





ဒါပေမဲ့ ... တမ်းတကိုချစ်တဲ့စိတ်တစ်ခုနဲ့ ထိုခံစားမှုတွေကို အားလုံး ချေဖျက်ကာ သဘောထားကြီးစွာ နားလည်ပေးနိုင်ဖို့ သူမ အတော်ကြိုးစားခဲ့ရသည်လေ။

''ပြောစမ်းပါဦး ... တမ်းတက ကျွန်မချစ်သူပါလို့ ဘယ်နေရာမှာ ဘယ်တံဆိပ်တုံးနဲ့ ညည်း ရိုက်နှိပ်ထားနိုင်သလဲ၊ တစ်နေ့တစ်နေ့ မိန်းကလေးတွေ တရုန်းရုန်းနဲ့ ဖုန်းဆက်တာ၊ လက်မှတ်ထိုးခိုင်းတာ၊ အဲဒါတွေထဲမှာ ညည်းထက် အဆပေါင်းများစွာသာတဲ့ မိန်းမ မပါနိုင်ဘူးလို့ အာမခံနိုင်မလား။ ညည်းကိုပဲ ချစ်ရမယ်လို့ တမ်းတကို ဘယ်သူကမှ အမိန့်ချပြီး ဥပဒေပုဒ်မတွေ တပ်ပေးလို့မရဘူး။ ဒါတွေကို ညည်းက ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ နားလည်ကျေနပ်ပေးနိုင်တောင် ငါက သမီးရှင်တစ်ယောက်အနေနဲ့ ရှုစိမ့်မနေနိုင်ဘူး ဝသန်ရဲ့''

''ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ... သူ့ကို သမီး သိပ်ချစ်တယ် မေမေရယ်''

တိုးလျစွာဆိုလာသော ဝသန့်လေသံကြောင့် ဒေါ်မိုးပွင့်ဖြူ စိတ်ပြေသလိုလို ဖြစ်သွားရသည်။ ကိုယ်ချင်းမစာလို့တော့ မဟုတ်ပါဘူး။ သမီးလေးကို ငုံထားမတတ် ချစ်ရှာသည့် ယုံကြည်ချက်နှင့်သာ သမီးလေးကို လက်ထပ်စေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တမ်းတကို လက်ထပ်ခဲ့ရင် သမီးလေး စိတ်မချမ်းသာမှာစိုးသည်လေ။ ငယ်စဉ်ကတည်းက စိတ်နုသူလေးမို့ ကိုယ့်ချစ်သူရင်ခွင်ထဲမှာ ကိုယ်မဟုတ်သော အခြားမိန်းမတွေကို တွေးပိုက်ထားမှာ သမီးလေး ရေရှည်သည်းခံနိုင်ပါ့မလား။ ဒါကို တွေးမိလို့ပါ။

"သမီး"

"ရှင်"

"ယုံကြည်ချက်ဟာ သမီးနဲ့ အသင့်တော်ဆုံး လူတစ်ယောက်ပါကွယ်။ သမီး သူ့ကိုပဲ လက်ထပ်ပါ"

"ဟင့်အင်း . . . မေမေ သမီးကိုမရက်စက်ပါနဲ့၊ သမီး တမ်းတကိုပဲ ချစ်တယ်။ တမ်းတကိုပဲ လက်ထပ်ပါရစေ"

ဝသန် မေမေ့ရှေ့မှာ ဒူးထောက်ပြီး ခြေသလုံးဖက်၍ တတွတ်တွတ် တောင်းပန်နေရှာပေမယ့် . . .

"မရဘူး ဝသန်။ ဖိတ်စာတွေတောင် ရိုက်ပြီးပြီ။ ညည်း ယုံကြည်ချက်ကိုပဲ လက်ထပ်ရမယ်။ ဒါ . . . ငါ့ရဲ့ဆုံးဖြတ်ချက်ပဲ"

"မေမေ"

ဒေါ်မိုးမွှင့်ဖြူ ဝသန်ဖက်ထားသော လက်တွင်းမှ ခြေထောက်ကိုရုန်း၍ အပေါ်ထပ်ဆီသို့ ထွက်ခဲ့တော့၏။





"မေမေ မတရားဘူး။ သမီးကို ရက်စက်ကြတယ်။ မုန်းတယ် . . . မုန်းတယ်၊ အားလုံးကိုမုန်းတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း မုန်းတယ်။ အဟင့် . . . ဟီး"

ဝသန် မျက်နှာကို လက်ဝါးနှင့်အုပ်၍ အားရပါးရ ငိုလေတော့သည်သာ။

တကယ်ပဲ ဝေးကြတော့မှာလား။

"တမ်းတ . . . ငါ ဘယ်လိုလုပ်ရမလဲ တမ်းတရယ်"

မျက်လုံးကို စုံမှိတ်ချလိုက်သည်နှင့် ပူနွေးသောမျက်ရည်စက်တွေက ပါးပြင်ပေါ်သို့ အဆက်မပြတ် တွန်းတိုးလိမ့်ဆင်းလာကြလေတော့၏။

ဝသန် အံကိုတင်းတင်းကြိတ်၍ လက်နှစ်ဖက်ကို တင်းနေအောင် ဆုပ်ထားမိပြီး . . .

ငါ့အဖြစ်ကို မြင်လှည့်ပါဦး တမ်းတရယ်။ နင့်ကိုချစ်ခဲ့မိတဲ့ ငါ့နှလုံးသားတွေ ကျိန်စာများသင့်ခဲ့လေရော့သလား။

"ငါ့အချစ်၊ ငါ့နှလုံးသားတွေကို နင့်အတွက် မပေးဆပ်ရရင် ဘယ်သူ့အတွက်မှ အားနာပါးနာတောင် မပေးနိုင်ဘူး တမ်းတရယ်"

ယုံကြည်ချက်။



www.burmeseclassic.com

www.burmeseclassic.com



သူက သိပ်အတ္တကြီးတဲ့သူ။ သူ့ရဲ့အတ္တတွေနဲ့ သူ့ကိုပြန်ပြီး တုပ်နှောင်ရမယ်။ နှင် ငါ့အချစ်ကို ဘယ်တော့မှ မရစေရဘူး။ နှင့်အတွက် ငါ တုံ့ပြန်လာမယ့် ငါ့ရဲ့အတ္တမာနလက်နက်တွေကို နှင် ဘယ်လို သံချပ်ကာအကျီမျိုးနဲ့ ကာကွယ်နိုင်မလဲ။ လှလှပပကြီးသာ ခံဖို့ ပြင်ပေတော့ ယုံကြည်ချက်ရေ။

* * *





## အခန်း (၂၅)

"အချစ်ဆိုတာ ချစ်စမှာတော့ ပင်ယံထက်မှာ ဥသြလေးတွေ တွန်သလို နားဝင်ချိုလှပါတယ်။ ကြာလာတော့လည်း သန်းခေါင်ယံ ညဥ့်အနက်မှာ ကျီးကန်းတွေ ထအာလိုက်သလိုပါပဲ နားဝင်လည်း ဆိုး အမြင်လည်း မတိုးတော့ဘူး"

ဝေ့သီလာသော မျက်ဝန်းမှ မျက်ရည်စိုစိုကို ချစ်သူမမြင်စေရန် တစ်ဖက်သို့လှည့်၍ မျက်တောင်တွေ ပုတ်ခတ်ကာ ထိန်းသိမ်းထားလိုက်၏။

"နှင် ... ငါ့ကို တကယ်ပဲ သံယောဇဉ်ဖြတ်လိုက်ပြီလား.



www.burmeseclassic.com

www.burmeseclassic.com



တမ်းတရယ်"

"ဟုတ်တယ် . . . အချစ်ဆိုတာ ငါ့ဘဝအတွက်တော့ လေပြေအတိုက်မှာ ကြွေလွင့်လိုက်ပါသွားတတ်တဲ့ ပန်းဝတ်မှုန်လေးတွေလို့ပဲ။ တောင်လေတိုက်ရင် မြောက်ကိုလွင့်မယ်။ မြောက်လေတိုက်ရင် တောင်ကိုလွင့်မယ်။ ငါ့နှလုံးသားက ပန်းရုံဆရာတွေနဲ့ အခိုင်အမာ အင်္ဂတေကိုင်ထားတဲ့ အုတ်တံတိုင်းကြီးတစ်ခုမှ မဟုတ်တာ"

"ပြောရက်လိုက်တာ တမ်းတရယ်။ ငါ့မှာတော့ နင့်ကို ချစ်လိုက်ရတာ။ ငါ့အသိုင်းအဝိုင်းအားလုံးကို ဆန့်ကျင်ပြီး နင့်ကိုချစ်ခဲ့ရတာ ခုတော့ဟာ"

ဆို့နင့်ကြေကွဲမှုတို့ကြောင့် အသံက တုန်ယင်နေသည်။

"နင် ငါ့ကို မေ့လိုက်ပါ"

"တမ်းတ"

နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ကာ ပြောမည့်စကားကို မနည်းတွန်းထုတ်နှိုးဆွလိုက်ရ၏။

"မချစ်မနှစ်သက်သူရဲ့ ရင်ခွင်ထဲမှာ ငါ့ကို ဒီအတိုင်းထားခဲ့တော့မှာလား။ နင်ပြောတော့ ငါ့ကိုသိပ်ချစ်တယ်ဆို။ ငါ့ကို သူတို့ပေးရာကို ခေါ်သွားဖို့ မကြိုးစားတော့ဘူးလား . . . ဟာ"





အံကိုတင်းတင်းကြိတ်၍ မျက်လုံးကိုစုံမှိတ်ချလိုက်ကာ တမ်းတနှလုံးသားနှင့် ဆန့်ကျင်သော စကားများကို ပြောလိုက်ရသည်မှာ . . .

"နင် သူနဲ့ပဲ လိုက်ဖက်ပါတယ်။ နင်က သူနဲ့ပဲ ထိုက်တန်တယ်။ နင် သူ့ကိုပဲ လက်ထပ်လိုက်ပါ။ ငါ ဒါပဲပြောပါရစေ"

လုံးဝ ထင်မှတ်မထားသော စကားတစ်ခွန်းကြောင့် တမ်းတမျက်နှာကို တအံ့တသြ ကြည့်နေသော သူမကို ပြန်လည်၍ တစ်ချက်စိုက်ကြည့်ကာ . . .

"မင်း ကိုယ့်ကိုမုန်းလိုက်ပါ။ ကိုယ့်ရင်ထဲမှာလည်း မင်းမရှိတော့ဘူး။ မင်းအတွက် ကိုယ့်မှာထပ်ပေးစရာ အချစ်တွေမရှိတော့ဘူး။ ခု မင်းဆီကို ကိုယ်လာခဲ့တာ နှုတ်ဆက်ဖို့ပါပဲ"

"ဒါ ဒါ . . . နင့်ရင်ထဲကလာတဲ့ ခံစားချက်အစစ် မဟုတ်ဘူး။ နင် ငါ့ကိုချစ်နေတာ ငါသိတယ်။ နင်က သူငယ်ချင်းမျက်နှာကိုငဲ့ပြီး ငါ့ကို စွန့်လွှတ်ဖို့ကြိုးစားနေတာ မဟုတ်လား"

"မဟုတ်ဘူး"

တမ်းတအသံက နူးညံ့မှုတွေပျောက်ကွယ်ပြီး စိမ်းကားနွားခါးသရိုပ်တို့ စွက်ဖက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါ နောက်ဆုံးပြောလိုက်မယ်။ အရင်တုန်းက ငါက မန္တးမနှပ် ခပ်ရိုးရိုးကောင်လေးမို့ အမြင်ဆန်းတဲ့မင်းကို သဘောကျခဲ့တာ။ ခု ငါက မင်းထက်ဆန်းတဲ့ ခေတ်သစ်မော်ဒယ်လ်မင်းသား တစ်ယောက် ဖြစ်နေပြီ။ ငါ့ဘေးနားမှာ မင်းထက်သာတဲ့ မိန်းမတွေ အများကြီးပဲ။ ငါ့အတွက် အချစ်ဆိုတာ လမ်းဘေးချောက်ထဲမှာ ကန်စွန်းညွှန့်သွားခူးသလို အချိန်မရွေး ရနိုင်နေပြီ အဲဒါ မင်းသိလား အချစ်ကို ကြိုးချည်ပြီး တသမတ်တည်းကိုးကွယ်တာ ခပ်တုံးတုံးယောက်ျားတွေရဲ့ ယူဆချက်။ ငါက မတုံးဘူးကွ"

"တမ်းတ ... ရှင်က နာမည်ကျော်မင်းသားပီပီ တော်တော် သရုပ်ဆောင်ကောင်းတာပဲ။ ရတယ်လေ ကျွန်မကလည်း ရှင့်ရဲ့ပရိသတ်တွေလိုပဲ အလိမ်ခံခဲ့ရတာပဲ။ ရှင့်ရဲ့ပရိသတ်တွေက ရှင့်ရဲ့ ဟန်ဆောင်လိမ်ညာပြီး သရုပ်ဆောင်ပြမှုတွေကို လက်ခုပ်တီးအားပေးနိုင်ပေမယ့် ကျွန်မကတော့ ရှင်နဲ့ထိုက်တန်တဲ့ အသည်းကွဲ အကယ်ဒမီဆုကိုပဲ ပေးလိုက်မယ် ... ရော့"

"ဖြန်း"

တမ်းတ ပါးတစ်ဖက်ကို လက်နှင့်စမ်းရင်း ပြန်လှည့်ကြည့်လိုက်စဉ် ...





"ကဒ်"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

"ကောင်းတယ်ဟေ့ ... နှစ်ယောက်စလုံး ပီပြင်တယ်ကွာ။ ခံစားချက်အပြည့်နဲ့ သရုပ်ဆောင်သွားတာ"

ဒါရိုက်တာနှင့် ထုတ်လုပ်သူ၏အသံက အားလုံးထက် ပိုကျယ်လေ၏။ တမ်းတနှင့် မင်းသမီးစောနဒီဝင့်၏ သရုပ်ဆောင်မှုအပေါ် အလွန်ကျေနပ်စွာဆိုလိုက်ခြင်းပင်။ ထုတ်လုပ်သူ ဦးမြင့်ဇော်က တမ်းတ ပခုံးကို ဝမ်းသာအားရဖက်ကာ ...

"မင်း တကယ်တော်တယ် မောင်တမ်းတရာ။ အနုကယ် တင်တဲ့မင်းသားက ဒီလောက်တော်နေတာ အနုကယ် ဂုဏ်ယူတယ်ကွာ"

တမ်းတ နှုတ်ခမ်းပေါ်တွင် အပြုံးပွင့်ကလေးတွေက အစီအရီ။ မျက်ဝန်းမှာတော့ စောစောက ထိန်းချုပ်ထားခဲ့ရ၍လားမသိ မျက်ရည်တစ်ပွင့်က လွင့်ခနဲ ကြွေကျခဲ့သည်လေ။

"သား"

"ဒယ်ဒီ"

ဦးရှိန်ဝါ ဝမ်းနည်းဝမ်းသာဟန်နှင့် သားကိုကြည့်၍ ...



www.burmeseclassic.com

"ဒယ်ဒီ့သား တကယ်တော်တယ်ကွာ"

"သား နောက်ထပ် ဒီထက်ကောင်းအောင် ကြိုးစားမှာပါ"

သားရယ် . . . သား ဟန်လုပ်ပြီး သရုပ်ဆောင်တာမဟုတ်ဘဲ တကယ့်ရင်ထဲက ခံစားချက်တွေကို ဖွင့်ဟသွားတယ်ဆိုတာ ဒယ်ဒီ သိပါတယ်။ ခုဆိုရင် ယုံကြည်ချက်နဲ့ ဝသန်မိုး လက်ထပ်ကြတော့မယ်လေ။

"ကိုတမ်း"

"ဩော် . . . မောင်မျိုး၊ ဘာကိစ္စလဲ"

"ညှို့သည်တစ်ယောက် ကိုတမ်းနဲ့ တွေ့ချင်လို့တဲ့ စောင့်နေတယ်"

"ဟုတ်လား ဘယ်မှာလဲ"

"ဟိုမှာ"

မောင်မျိုး လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်တော့ ဝသန်ကားကိုမှီ၍ ရပ်နေပုံက ရွှေယမင်းရုပ်ကလေးနှယ်။ တမ်းတ ဒယ်ဒီ့ မျက်နှာကို ကြည့်လိုက်တော့ ဒယ်ဒီက သူ့ကို ပြန်ကြည့်သည်။

"သား ဒယ်ဒီ သွားရှင်းပြရမလား"

"နေပါစေ ဒယ်ဒီ။ သား ဖြေရှင်းနိုင်ပါတယ်။ စောစော





သရုပ်ဆောင်ခဲ့တဲ့ အမှုအရာနဲ့ စကားလုံးတွေက ဝသန့်ကိုပြောဖို့ ကြိုပြီးလေ့ကျင့်တာပါ"

"ကောင်မလေးသနားပါတယ် သားရယ်။ သူ သားကို တကယ်ချစ်ရှာတာ"

"ကျန်စစ်သားရဲ့သစ္စာနဲ့ မေတ္တာတရားကို အရိန္ဒမာလုံက အသိဆုံးပါ ဒယ်ဒီရယ်။ ယုံကြည်ချက် ပျော်ရွှင်ဖို့အတွက် ဝသန်ဘဝ လေး ချမ်းမြေ့စေဖို့အတွက် သားရဲ့နှလုံးသားကို စတေးလိုက်ရရင် တန်ပါတယ်"

"သားရယ်"

တမ်းတ ဝသန်ရှိရာသို့ လျှောက်ခဲ့သည်။ စိတ်ကိုတော့ အတတ်နိုင်ဆုံးတင်းထားရသည်လေ။ ဝသန့်စကားလုံးတွေကြားမှာ သူ့ အရည်ပျော်သွားခဲ့ရင် သူရမယ့်ဆုလဒ်က ယုံကြည်ချက်ဆီက အမုန်း သက်သက်ပဲ။ ခွင့်လွှတ်ပါ ဝသန်ရယ်။

"ဝသန်"

တမ်းတ ဝသန့်ရှေ့မှာ ခြေစုံရပ်လိုက်သည်နှင့် ဝသန်က သူ့မျက်ဝန်းပေါ်က နေကာမျက်မှန်ကို ချွတ်လိုက်ပြီး . . .

"နင်ပြောမယ့်စကားတွေကို ငါကြားပြီးပြီ တမ်းတ"

www.burmeseclassic.com



တမ်းတ မျက်နှာလွှဲလိုက်ကာ . . .

"ငါ့ကို ခွင့်လွှတ်ပါ"

"တောင်းပန်တယ်ဆိုတာ အမှားလုပ်ထားတဲ့သူတွေရဲ့ လက်သုံးစကားပါ။ နင် မမှားဘူး။ ငါ့ကို မတောင်းပန်ပါနဲ့ တမ်းတရယ်။ တကယ်တမ်းမှားခဲ့တာက ယုံကြည်ချက်ပါ"

တမ်းတ ခေါင်းကိုခါရမ်းလိုက်မိ၏။

"ချစ်တတ်တဲ့နှလုံးသားရှိတာကို အပြစ်လို့ မသတ်မှတ်ပါနဲ့ ဝသန်"

"မှန်ပါတယ်၊ ဒါပေမဲ့ . . . ငါ သူ့ကိုချစ်လို့မရဘူး"

"မေတ္တာဆိုတာ မှန်တစ်ချပ်လိုပါပဲ ဝသန်ရယ်။ တစ်နေ့ နင် သူ့ကိုချစ်သွားမှာပါ"

ဝသန် မဲ့ပြုံးတစ်ချက်ကို ဟင့်ခနဲ ပြုံးလိုက်၏။

"နင်တို့နှစ်ယောက်စလုံး အတ္တသမားတွေပဲ"

"လူတိုင်းဟာ အတ္တကိုယ်စီရှိကြတာပဲလေ"

"မှန်ပါတယ်၊ ငါ့မှာလည်း အတ္တရှိတယ်။ နင်သိလား ငါ့အတ္တတွေက နင်တို့အတွက် အဆိပ်ဖြစ်စေရမယ် တမ်းတ"

နင် ဦးတည်လာတဲ့စကားလမ်းကြောင်းကို ငါ ပိတ်ဆို့ထား





လိုက်ပြီ တမ်းတ။ စောစောက နင် သရုပ်ဆောင်သွားတာကို ငါ ကြည့်ပြီးပြီ။ နင် ငါ့ကို အဲဒီစကားမျိုးတွေပြောပြီး နင့်ကိုမုန်းသွားစေချင်တာ မဟုတ်လား။

"နင့်ကိုငါ ဘယ်တော့မှ မမုန်းဘူး တမ်းတ"

ခဲလေသမျှ သဲရေကျဆိုသလို ပြောဖို့စကားတွေ အလုံးလိုက်လာသမျှ ခုတော့ ထိုစကားတွေကို ပြောခွင့်မကြုံရပြီမို့ ဘယ်သို့ ဘယ်ပုံ လှုကြမ်းကြီးလုပ်ရမှန်း တမ်းတ မသိတော့ပေ။

"ရော့ . . . တမ်းတ။ ဒါ ယုံကြည်ချက်နဲ့ ဝသန်မိုးရဲ့ မင်္ဂလာဖိတ်စာ"

တမ်းတ တုန်ယင်သောလက်အစုံနှင့် လှမ်းယူလိုက်သည်။

"နင် လာဖြစ်အောင်လာခဲ့ပါ"

ဝသန် ပြောပြီး ကားပေါ်သို့တက်ကာ မောင်းထွက်သွားလေတော့၏။ နင် ဘာဖြစ်လို့ ငါ့ကို ပက်ပက်စက်စက် မပြောခဲ့တာလဲ ဝသန်ရယ်။ သြော် အချစ်ဆိုတာ ပူလောင်ခြင်းရဲ့ လမ်းစတစ်ဖက်က မီးမုန်တိုင်းကြီးပါလား။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်ရှင်သန်နေပါရစေ”

“မှိုင်း”

မျက်ရည်တွေနှင့် သူ့ရှေ့မှာရပ်၍ ပြောနေသော မှိုင်း။ သူ နောင်တကြီးစွာနှင့် နှစ်သိမ့်ဖို့ ထရပ်လိုက်တော့ မှိုင်းက မရှိတော့။

“မှိုင်း . . . မှိုင်း”

မျက်ဝန်းကို စုံမှိတ်ချလိုက်စဉ် နောင်တ ခြုံပဝါအောက်မှ မျက်ရည်ပွင့်တို့ တိုးထွက်လာခဲ့သည်။ မျက်ဝန်းထဲမှာ မှိုင်းရဲ့ သနားသဖွယ် ညှိုးငယ်ရိပ်တွေ ပေါ်လာလိုက်၊ ဝသန်ရဲ့ ဒေါသတကြီး အော်ဟစ်ပြောဆိုပုံတွေ ပေါ်လာလိုက်။

“နင် သူတစ်ပါးချစ်ခြင်းကို ဖြိုခွဲတာ။ တစ်နေ့ နင် ဝဋ်လည်သိမ့်မယ်။ ငါ့အချစ်ကို နင် ဘယ်တော့မှ မရစေရဘူး ယုံကြည်ချက်။ တို့နှစ်ယောက် ခံစားရသလို နင်ပြန်ခံစားစေရမယ်။ နင့်အလှည့်ရောက်မှ အားရအောင်ငိုဖို့ နင့်မျက်ရည်တွေကို စုထား။ နင့်မျက်ရည်တွေကို စုထား။ နင့်မျက်ရည်တွေကို စုထား”

ဝသန့်ဒေါသသံတွေက နားထဲမှာ ပဲ့တင်ထပ်နေသည်။

“ဟင့်အင်း . . . ဟင့်အင်း”

ယုံကြည်ချက် ဦးခေါင်းကို သွင်သွင်ခါလျက် မဖြစ်ရဘူး။



# အခန်း (၂၆)

မနက်ဖြန်ဆို ဝသန်နဲ့သူ လက်ထပ်ရတော့မည်။ ဟိုတယ်တစ်ခုမှာ ခမ်းခမ်းနားနား လက်ထပ်ကြတော့မှာလေ။ ကိုယ်ချစ်တဲ့ မိန်းကလေးကို ပိုင်ဆိုင်ခွင့်ရတော့မယ့်အချိန်မှာ သူ ဘာဖြစ်လို့ မပျော်နိုင်တာလဲ။

“မင်းပျော်မယ်ဆိုရင် ငါ ကျေနပ်ပါတယ် ရက်ဘစ်ရယ် မင်းအတွက် ငါဟာ အဖြည့်ခံလူသားတစ်ယောက်လို့ သူများတွေ လက်ညှိုးထိုးမေးငေါ့နေလည်း ငါ့ခေါင်းကို အမြဲတမ်း မြှော့လျက် မိတ်ဖွဲ့ထားရင်ထားရပါစေ ငါ လကွာဏာလို အချစ်ပုန်းသမားဘဝနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမဖြစ်ရဘူး။ ငါ မငိုဘူး မငိုပါရစေနဲ့ ဝသန်ရယ်။

"တစ်လောကလုံးက ငါ့ကို စိမ်းကားချင်စိမ်းကားကြပါစေ ငါ ခံနိုင်ပါတယ်။ မင်း ငါ့ကို စိမ်းစိမ်းကားကားကြီး ဆက်ဆံတော့ ငါ့ရင်ထဲမှာ နေဆယ်စင်းပူနေသလိုပဲ။ မင်း ငါ့ကိုကြိုက်သလောက် အနိုင်ယူပါ။ မင်းဆန္ဒမှန်သမျှ ငါ ဖြည့်ဆည်းပေးမယ်။ ငါ့ကိုတော့ မစိမ်းကားပါနဲ့ သူငယ်ချင်းရယ်နော်။ ငါ မနေတတ်လို့ပါ"

မှိုင်း ... မှိုင်းရယ် ငါ ငါ မှားပါတယ်ကွာ။ ငါ မင်းကို တမင်အနိုင်ယူခဲ့တာ မဟုတ်ပါဘူးကွာ။ ငါ ဝသန့်ကို သိပ်ချစ်လို့ အဆုံးရှုံးမခံနိုင်လို့ ခုလိုလုပ်မိတာပါ။ ငါ့ကို ခွင့်လွှတ်ပါ သူငယ်ချင်းရယ်။ ချစ်သူချင်း ပေါင်းဆုံချင်တာ လူတိုင်းရဲ့စိတ်ပဲလေ။ ငါမှားပြီး ငါ အရမ်းမှားသွားပြီ။ ဝသန်ကို ငါလက်ထပ်လိုက်တော့ရော သူ့အချစ်ကို ငါ မျှော်လင့်လို့မှမရတာ။ အချစ်ကို အတ္တနဲ့သိမ်းပိုက်သူအဖြစ်နဲ့ ငါ့ကို ဝသန် တစ်သက်လုံးမုန်းနေမှာ။

မမုန်းပါနဲ့ ဝသန်ရယ်။ နင် ငါ့ကို မမုန်းပါနဲ့။ ငါ တောင်းပန် ပါတယ်။ နင်မုန်းတာကို ငါမခံနိုင်ဘူး။ ပြီးတော့ ငါ့ကို နှလုံးသားနဲ့ထဲ ပြီး ခင်ခဲ့တဲ့မှိုင်းလို သူငယ်ချင်းမျိုးကို ငါ အဆုံးရှုံးမခံနိုင်ဘူး။

"ငါ ဘာလုပ်ရမလဲ၊ ငါ ဘာလုပ်ရမလဲ"





ဖြစ်ချင်တာဖြစ်တော့၊ မင်္ဂလာပွဲပျက်အောင်ပဲ သူ လုပ်ရ တော့မည်။

ဒယ်ဒီနဲ့မာမီ သားကို ခွင့်လွှတ်ကြပါတော့ဗျာ။ ချစ်ကြသူ တွေ ဆုံစည်းကြဖို့အတွက် သား နှလုံးသားကိုပဲ စတေးပါရစေတော့။

ယုံကြည်ချက် တစ်ဖက်ခြီသို့ လှမ်းမျှော်ကြည့်လိုက်တော့ ဝရန်တာပေါ်တွင် ဂစ်တာတစ်လက်ကို ပိုက်၍ အဝေးသို့ ငေးမျှော်ကာ မှိုင်နေသော မှိုင်း။

"ရင်ခုန်ဖူးတဲ့ မိုးရာသီ" သီချင်းကို မင်းမဆိုတော့ဘူးလား မှိုင်း။ မင်းဆိုလိုက်ပါ ငါခွင့်ပြုလိုက်ပါပြီကွာ။

ယုံကြည်ချက် တစ်ဖက်ခြီသို့ အပြေးအလွှားကူးခဲ့သည်။ မှိုင်း ကျေနပ်တဲ့အထိ တောင်းပန်ဖို့ပါလေ။

"မှိုင်း"

သူ အသံကိုမြှင့်၍ ခေါ်လိုက်တော့ မှိုင်းက သူ့ကို ငုံ့ကြည့် သည်။ သူ ပြုံးပြလိုက်တော့ မှိုင်းက သူ့ကို ပြန်ပြုံးပြလေ၏။ မှိုင်း အပြုံးက ယဲ့ယဲ့မျှသာ။ သူ သိပ်ခံစားနေရရှာမှာပဲ။ မင်း အားရပါးရ ရယ်ပါတော့ သူငယ်ချင်းရယ်။

ယုံကြည်ချက် ခြေလှမ်းတွေက သွက်လက်မြန်ဆန်လှသည်။



www.burmeseclassic.com

မှိုင်းရွှေ့သို့ရောက်သည်နှင့် အားရပါးရ ခေါ်လိုက်၏။

"မှိုင်း"

"လာလေ ... ရက်ဘစ်၊ ဘာလဲ ... ငါ့ကောင်ကြီးပြေးလာ ပုံထောက်တော့ ငါ့ကို သတို့သားအရံ လုပ်ခိုင်းဦးမလို့လား"

ဆီးကြိုလိုက်သောစကားသံက ရင်ထဲကို အောင့်တက်သွားစေသည်။ သူ ခေါင်းကို ခါရမ်းလျက် ...

"မဟုတ်ဘူး ... မင်းကို ဝမ်းသာစရာပြောမလို့"

"ဘာလဲ ... ဝသန် မင်းကို ချစ်သွားပြီလို့ ပြောမှာမို့လား"

အဲဒီလို ငါ့မှာ မျှော်လင့်ခွင့်ရခဲ့လို့လား မှိုင်းရယ်။

"ငါ ဝသန့်ကို လက်မထပ်တော့ဘူး"

"ဘယ်လို"

"ဟုတ်တယ် ... လက်ထပ်ဖို့ကိစ္စ ငါ့ဘက်က ဖျက်သိမ်းလိုက်ပြီ"

တမ်းတ မြုန်းခနဲ ထရပ်ကာ မယုံနိုင် အံ့ဩခြင်းတွေနှင့် သူ့ကိုကြည့်နေသည်။ သူ တမ်းတပခုံးကိုဖက်လိုက်ကာ ...

"အချစ်ဆိုတာ နယ်မြေတစ်ခုကို စစ်တိုက်ယူသလို ယူလို့ မရဘူးဆိုတာ ငါ သဘောပေါက်သွားပြီ မှိုင်း။ တကယ်တော့ သိပ်ချစ်ကြတဲ့ မင်းတို့နှစ်ယောက်ပဲ ဆုံစည်းသင့်တာပါ။ ငါ မှားသွားတယ် ငါ့ကို ခွင့်လွှတ်ပါ မှိုင်းရယ်"

"ခွင့်မလွှတ်ဘူး"

တမ်းတအသံက မာကြောပြတ်သားနေ၏။

"မင်း ရူးနေသလား ရက်ဘစ်။ မင်္ဂလာကိစ္စကို ကလေး ကစားသလို ခုလုပ်လုပ်၊ ခုဖျက်ဖျက် လုပ်လို့မရဘူးကွ"

"ငါလိုချင်တာ ဝသန့်ရဲ့ခန္ဓာမဟုတ်ဘူး မှိုင်း။ အချစ်ကိုပဲ လိုချင်တာ။ ခု ငါလိုချင်တာ မရနိုင်ဘူး"

"ရက်ဘစ် ... မင်းလုပ်ချင်တာ စွတ်မလုပ်နဲ့နော်။ တစ်ဖက်က မိန်းကလေးရဲ့အရှက်နဲ့ဂုဏ်သိက္ခာကို ထည့်တွက်ဦး၊ ပြီးတော့"

တမ်းတ စကားစကိုဖြတ်ထားလိုက်သည်။ သူ့ကိုငဲ့ပြီး ရက်ဘစ် ဆုံးဖြတ်ချက်တွေ ပြင်လိုက်တယ်ဆိုတာ ခန့်မှန်းလို့ရသည် ပဲလေ။ အချစ်ရဲ့ ထိုးနှက်ရိုက်ပုတ်မှုဒဏ်ကို ယုံကြည်ချက် ခံစားနိုင်မှာ မဟုတ်တာလည်း သိနေသည်။ သူသာ အသည်းကွဲရတဲ့ဝေဒနာကို ရှုတင်ရှုထောင့်တစ်နေရာမှာ အသုံးချပြီး ဖြေသိပ်လို့ရပေမယ့် စိတ် ဆတ်သလောက် အသည်းနုတဲ့ ရက်ဘစ်ကတော့ ခံနိုင်ရည်ရှိမှာ မဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ် ရက်ဘစ်ကို သူ့အနားမှာပဲ ရှိစေချင်သည်။




ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဝသန့်ကို ဆုံးရှုံးလိုက်ရပေမယ့် ရက်ဘစ်သာ ပျော်ရွှင်နေမယ်ဆိုရင် သူ ရင်ကွဲရကျိုးနပ်မှာပါ။

"ပြီးတော့ . . . ဘာဖြစ်လဲမှိုင်း"

"မင်း ရင်ကွဲခံပြီး ဝသန့်ကို ငါ့ရင်ခွင်ထဲထိုးထည့်လို့ ငါ လက်ခံမယ်လို့ မင်းထင်သလား။ လုံးဝပဲ သူငယ်ချင်း။ အချစ်ဆိုတာ ငါ့အတွက်တော့ ကျောင်းစာသင်ခန်းထဲက ထိုင်ခုံတစ်လုံးလိုပဲ၊ အောင် စာရင်းထွက်လို့ ကိုယ့်နာမည်ပါလာရင် ဟိုနှစ်ကထိုင်ခဲ့တဲ့ခုံကို စွန့်ခဲ့ပြီး ဒီနှစ် ထိုင်ရမယ့် ခုံသစ်တစ်လုံးကိုပဲ မြတ်နိုးတွယ်တာနေမှာ။ ငါ ဝသန့်ကို မေ့ပစ်လိုက်ပြီ"

"မဖြစ်နိုင်ဘူး . . . မင်း ညာနေတာ"

တမ်းတ ကျွတ်ခနဲလုပ်ကာ ယုံကြည်ချက်ကို ကျောခိုင်းလိုက် ၏။

"ငါ နဒီနဲ့လက်ထပ်တော့မယ်။ ငါနဲ့ အများဆုံး ကားအေ တွဲရိုက်နေတဲ့ မော်ဒယ်လ်သရုပ်ဆောင် စောနဒီဝင့်လေ"

"လက်မထပ်ရဘူး။ မင်းကို အဲဒီလိုလုပ်ခွင့် ငါ မပေးဘူး"

မာနကို ဘုရားတစ်ဆူလို ကိုးကွယ်ခဲ့သောယုံကြည်ချက် ဝသန်နဲ့ မှိုင်းကြားမှာ အရည်ပျော်ခဲ့ပါပြီ။ ပြင်မရနိုင်သော အမှာ





တစ်ခုအတွက် မျက်ရည်နဲ့ လက်ယှက်နေရပြီလေ။ တစ်ဦးနှင့်တစ်ဦး ကိုယ်ကျနေသော မျက်ရည်ကို သူမမြင်စေလို။ သူကလည်း သူ့မျက်ရည်စက်ကို ကိုယ်မြင်မှာစိုး၍ အံကြိတ်၍ ဖုံးဖိနေကြသည်တွင်။

"ဒါ . . . မင်း တားခွင့်မရှိဘူး"

"ရှိတယ် . . . မင်း နဒီကို လက်မထပ်ရဘူး။ ငါ့အသက်နဲ့ လဲပြီး မင်း ဘယ်လောက်ပဲညာညာ၊ မင်းမျက်ဝန်းတွေထဲမှာ အဖြေလွှာ ရှိနေတယ်။ မင်း ဝသန့်ကို စွန့်လွှတ်လိုက်ရလို့ ကြိတ်ငိုခဲ့ရတဲ့ မျက်ရည် တွေကို ငါ မြင်နေရတယ်။ မင်းမငြင်းပါနဲ့။ ငါ ခုပဲ ဝသန့်ဆီကို သွားမယ်။ အားလုံး ရှင်းပြပြီး မင်္ဂလာပွဲကို ငါ့ဘက်က ဖျက်သိမ်းပစ် မယ်။ ဒါ . . . ငါ့ရဲ့ဆုံးဖြတ်ချက်ပဲ"

ယုံကြည်ချက် ချာခနဲ လှည့်ထွက်သွားလေတော့ . . .

"ရက်ဘစ်"

တမ်းတ အော်လိုက်ပေမယ့် မရတော့။ အရင်းနှီးဆုံး သူငယ် ချင်းတွေမို့ တမ်းတရဲ့ကားသော့ ဘယ်မှာထားသည်ကို ယုံကြည်ချက် သိနေသည်လေ။ တမ်းတရဲ့ ကားသော့ကို လျင်မြန်စွာယူပြီး တမ်းတ စီးသောကားကို မောင်းထွက်ခဲ့သည်။

"ရက်ဘစ်"



www.burmeseclassic.com

www.burmeseclassic.com



တမ်းတ အပြေးလိုက်ခဲ့ပေမယ့် မမီတော့ပေ။

မဖြစ်ဘူး ဒီကောင့်နောက်ကို မီအောင်လိုက်ပြီး တားမှဖြစ်မယ်။ မဟုတ်ရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်တော့မည်။

"မောင်မျိုး . . . မောင်မျိုး"

"ဗျာ . . . လာပြီ ကိုတမ်း"

တမ်းတ အော်ခေါ်လိုက်သည်နှင့် မောင်မျိုး သုတ်သီးသုတ်ပျာ ပြေးထွက်လာလေ၏။

"ဘာဖြစ်လို့လဲ ကိုတမ်း"

"အရေးကြီးလို့၊ မင်း ဒယ်ဒီ့ကားအနားကစောင့်နေ၊ ငါ ခုလာခဲ့မယ် ဒယ်ဒီရော"

"ရှိ . . . ရှိ"

မောင်မျိုးစကားကို ဆုံးအောင် နားမထောင်တော့၊ တမ်းတ လက်ထဲက ဂစ်တာကို မောင်မျိုးလက်ထဲသို့ ထိုးထည့်ကာ ဒယ်ဒီ့ကို အပြေးအလွှား ရှာနေရလေသည်။ ဒယ်ဒီ့ဆီက ကားသော့ယူပြီး ဒယ်ဒီ့ကားနှင့် အမြန်လိုက်မှ။

မောင်မျိုးသည်လည်း ဂစ်တာကြီးကို ယောင်ချာချာကိုင်၍ ကားဆီသို့ရောက်လာခဲ့သည်။





သိပ်မကြာလိုက် တမ်းတ ကားဆီသို့ အပြေးအလွှား ရောက်လာ၏။

"မောင်မျိုး . . . တက်"

"ဟုတ်"

မောင်မျိုး ကားပေါ်တက်ကာနီးမှ လက်ထဲကဂစ်တာကြီးကို သတိရမိပြီး . . .

"ဟာ . . . ကိုတမ်း၊ ဂစ်တာကြီးပါလာပြီ။ ကျွန်တော် သွားထားလိုက်ဦးမယ်"

"အရေးကြီးပါတယ်ဆိုမှကွာ၊ ထားမနေနဲ့ ယူခဲ့"

မောင်မျိုး ကားပေါ်သို့ တက်လိုက်မိသည်နှင့် ကားလေးက လျှာခနဲ ပြေးထွက်သွားလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

တမ်းတ ကားကိုရပ်၍ မြို့ကြီးထဲကို အကဲခတ်ကြည့်လိုက်တော့ အားလုံး ငြိမ်သက်နေကြသည်။ လှုပ်ရှားမှုဆိုလို့ ဘာမှမရှိ ခြံများမှာနေသလား။ ဒါလည်းမဖြစ်နိုင်ဘူး။ ဒါ ဝသန်တို့ခြံအစစ်ပဲ သူ အလွတ်ရနေသည်ပဲဟာ။

"တီတီ . . . တီတီ"

ကားဟွန်းတီး၍ ခေါ်လိုက်တော့ လူကြီးတစ်ယောက် ထွက်လာသည်။

"ဦးလေး . . . ဒါ ဝသန်မိုးတို့ခြံ ဟုတ်ပါတယ်နော်"





"ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့လဲကွဲ့"

"ကျွန်တော် ဝသန့်သူငယ်ချင်းပါ။ ဝသန်ရှိလား မသိဘူး"

"မရှိဘူးကွဲ့။ မင်္ဂလာဝတ်စုံချုပ်ထားတာ သွားယူမလို့ဆိုလား"

"ကျေးဇူးပဲနော်"

တမ်းတ ကားကို ဆက်မောင်းခဲ့တော့သည်။

*

ဝသန့်ကို တွေ့လိုဇောနှင့် အရာအားလုံးကိုမေ့ထား၍လား။ အဆက်မပြတ် ကျဆင်းနေသည့် မျက်ရည်တွေကြောင့်လား အမြင်က ဝေဝါးနေသည်။ ရုတ်တရက် ခေါင်းထဲက မိုက်ခနဲဖြစ်သွားသဖြင့် ကားကို လမ်းဘေးသို့ချ၍ ရပ်လိုက်၏။

သူ အတွေးတွေများပြီး ည ဘက် အိပ်မပျော်ခဲ့တာကြာပြီ။ အိပ်ရေးပျက်လို့ ခေါင်းမူးတာများလား။ စိတ်ကိုတင်း၍ တစ်နေရာသို့ ကြည့်လိုက်မိချိန်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဝသန်"

ယုံကြည်ချက် ကားတံခါးကိုဖွင့်၍ ဆင်းလိုက်ချိန်တွင် ဝသန် က လမ်းတစ်ဖက်သို့ ကူးသွားလေ၏။ သူ အမြန်လိုက်မှ။

"ဝသန်"

သူ လှမ်းခေါ်လိုက်တော့ ဝသန်က ကြားဟန်ဖြင့် သမင် လည်ပြန်လှည့်ကြည့်လေလျှင် ...

"ဝသန်"

ခေါ်လည်းခေါ် လှုကလည်း ဝသန့်နောက်သို့ အမိလိုက်ရ စိတ်တစ်ခုပဲ ကြီးစိုးနေသည့်တွင်။

"မလာနဲ့ ... မလာနဲ့"

ဝသန် သူ့ကိုမလာခဲ့ဖို့ အော်ဟစ်တားဆီးလိုက်ပေမယ့် သူ့ ခြေလှမ်းတွေက အရှိန်လွန်၍ လမ်းကိုဖြတ်အကူး ရိပ်ခနဲအနားသို့ ရောက်လာသော ကားတစ်စီးကို ရှောင်တိမ်းချိန်မရလိုက်တော့တဲ့ ...

"ဝသန်"

"ဒုန်း"

"အား"

"ယုံကြည်ချက်"





နာကျင်မှုများနှင့်အတူ ခန္ဓာကိုယ်တစ်ခုလုံး မြောက်တက် သွားချိန် ဝသန့်၏ 'ယုံကြည်ချက်' ဆိုသော ခေါ်သံစူးစူးလေးကို နောက်ဆုံးအကြိမ် ကြားပြီးနောက် လောကကြီးတစ်ခုလုံး အမှောင်တို့ ဖုံးလွှမ်းပိတ်မှောင်သွားလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

တစ်ကိုယ်လုံး လှုပ်လို့မရအောင် နာကျင်ကိုက်ခဲနေသည်။ ဦးခေါင်းတစ်ခုလုံးကလည်း ရောမတင်းပုတ်ကြီးနဲ့ ထုထားသလို [illegible] ညက်ညက် ကြေနေသည့်အလား ဝေဒနာကို အလူးအလဲခံစားနေ[illegible] သည့်အချိန်မှာ ရှိသမျှ ခွန်အားလေးနှင့် ကိုယ်ကို လှုပ်ကြည့်လိုက်[illegible]

"ဟော . . . လှုပ် လှုပ်လာပြီ"

သူ မကြားဖူးသော အသံတစ်သံ။ လေးလံနေသော မျက်[illegible] တွေကို အားယူ၍ ဖွင့်ကြည့်လိုက်တော့ ဖွင့်လို့မရ။

"မှိုင်း . . . မှိုင်း"





သူ အတွေ့ချင်ဆုံး လူတစ်ယောက်ကို တမ်းတမ်းတတ ခေါ်လိုက်မိသည်။

"လူနာ သတိရလာပြီ"

ဒါက ယောကျ်ားသံ။ မှိုင်းလား၊ မဟုတ်ဘူး ဒါ မှိုင်းအသံ မဟုတ်ဘူး။ သူ ဒုတိယအကြိမ်မျက်လုံးကို ကြိုးစားဖွင့်ကြည့်လိုက်တော့ လှုပ်ရှိတ်တွေ၊ အမြင်တွေ ဝေဝါးနေတာကြောင့် ဘယ်သူတွေမှန်း သူမသိ။

"မောင် ယုံကြည်ချက် သတိရပြီလား"

မေးလိုက်သံက ဩဇာသံအပြည့်နှင့် အမြင်ထဲမှာ ရိုးတိုး ရိပ်တိတ် ပေါ်လာသည့်ပုံကို ခန့်မှန်းကြည့်တော့ သူ့ကိုကုနေသည့် ဒေါက်တာတွေပဲ ဖြစ်မည်။ ခံစားနေရသော နာကျင်မှုဝေဒနာတွေက အထွဋ်အထိပ်သို့ ရောက်နေ၏။ သူ အသက်ရှင်နိုင်မှာ မဟုတ်တော့ ဘူးဆိုတာ အလိုလိုသိလာသည်။

ထို့ကြောင့် . . .

"ဒေါက် . . . ဒေါက်တာ"

"ပြောပါ . . . ဘာပြောချင်လို့လဲ မောင်ယုံကြည်ချက်"

သူ့ရဲ့ နောက်ဆုံးအချိန်မှာ အချစ်ဆုံးသူနှစ်ဦးထံမှ လက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်များကို သူ တမလွန်အထိ အမှတ်တရ ယူဆောင်သွားချင်သည်။ ထို့ကြောင့် . . .

"ခေါ် ခေါ် ပေး ပါ"

ဆရာဝန်ကြီး အခြေအနေအားလုံးကို သုံးသပ်ပြီးသားမို့

"ဘယ်သူ့ကို ခေါ်ပေးရမလဲ ကလေး"

အတွေ့ချင်ဆုံးလူနှစ်ဦး၏ နာမည်တွေကို ရေရွတ်လိုက်ပေမယ့် နှုတ်ဖျားက ထွက်မလာတော့။ ရင်ထဲမှာသာ။

"ဆရာမ. သူ့ကိုတွေ့ချင်တဲ့သူတွေ အပြင်မှာစောင့်နေကြတယ်။ ငါးယောက်လောက်အထိ ဝင်ခွင့်ပေးလိုက်ပါ။ ဒီထက်တော့ မပိုပါစေနဲ့"

"ဟုတ်ကဲ့ ဒေါက်တာ"

သူနာပြုဆရာမလေးထွက်သွားပြီး သိပ်မကြာလိုက်။ ခြေသံ ရှိုက်သံ၊ ငိုသံတွေက သူ့နားထဲသို့ တိုးဝင်လာသည်။

"သား"

တစ်ကိုယ်လုံး ပတ်တီးအဖွေးသားနှင့်သားကို မြင်လိုက်ရပြီး ဒေါ်သစ်သစ် ရင်ထဲဆို့ကာ ပုံလျက်လဲကျသွားလေတော့သည်လေ။

"သစ်သစ်"





သားမျက်နှာကိုမြင်ကာနီးမှ လဲကျသွားသောဇနီးကို ပွေ့ယူ၍ ဦးငွေသော် အခန်းထဲမှ ပြန်ထွက်ခဲ့ရသည်။

တမ်းတနှင့်ဝသန်ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်။ ယုံကြည်ချက်ဆီသို့သာ။

"ရက်ဘစ်"

"ယုံကြည်ချက်"

တမ်းတ ရက်ဘစ်လက်ကို တင်းတင်းဆုပ်ကိုင်ထားလိုက်သည်။

"ငါ့ . . . ငါ့ကို ခွင့်လွှတ်ပါ ယုံကြည်ချက်ရယ်"

ခွင့်လွှတ်ပါတယ် ဝသန်။

ဝသန်မိုးဆိုတဲ့ ကောင်မလေးကို ကိုယ့်နှလုံးသားထဲမှာ စူးစူးနစ်နစ် ချစ်မိသွားကတည်းက ခွင့်လွှတ်ခြင်းဆိုတာကို ပန်းတစ်ပွင့်လို ပန်ဆင်ထားခဲ့သူပါ။

"ရက်ဘစ်"

အကြည့်ကို မှိုင်းဆီသို့ရွှေ့လိုက်တော့ မှိုင်း ငိုနေပါလား။ မငိုပါနဲ့မှိုင်း။ မင်းမငိုပါနဲ့ မှိုင်းရယ်။ ငါက မင်းအပေါ် အနိုင်ယူခဲ့သူပါ။ မင်း ငါ့ကိုခွင့်မလွှတ်သင့်ဘူး။ မင်းရဲ့အနစ်နာခံတဲ့ ချစ်ခြင်းမေတ္တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါက မထိုက်တန်တဲ့သူပါ။ ငါ့လိုကောင်အတွက် မင်း ဝမ်းနည်းမနေနဲ့ မင်း မျက်ရည်တွေကို ငါမမြင်ပါရစေနဲ့ မှိုင်းရယ်။

"မှိုင်း"

"ရက်ဘစ် . . . မင်း စကားမပြောပါနဲ့"

သူ့အသံက နှုတ်ခမ်းလှုပ်ရုံသာ။

စကားမပြောပါနဲ့တဲ့လား သူငယ်ချင်းရယ်။

ပြောပါရစေ။ နောက်ဆုံးအချိန်မှာ စကားတွေ အများကြီး ပြောချင်ပေမယ့် ငါ မပြောနိုင်တော့ဘူး။ ဒါပေမဲ့ ရှိသမျှခွန်အားနဲ့ မင်းတို့ဆီက လက်ဆောင်တစ်ခုဆီတော့ ငါတောင်းပါရစေ။ တမလွန်မှ ဒီလက်ဆောင်တွေနဲ့ ငါ မင်းတို့ကို စောင့်ကြည့်နေပါရစေ။

"လက် . . . လက်ဆောင် တစ်ခု စီ ငါ့ ငါ့ကို ပေးကြပါ"

"ယုံကြည်ချက်"

"ဝ သန့်"

"ပြော . . . ပြောပါ ယုံကြည်ချက်။ ငါ ဘာလုပ်ပေးရမလဲ"

"နောက် . . . နောက်ဆုံးလက်ဆောင်"

နာကျင်မှုဝေဒနာကို မခံမရပ်နိုင်စွာ တစ်ချက်ညည်းတွားရင်း

"နင့် နင့်ဆီက အနမ်း တစ်ပွင့်နဲ့။ မှိုင်း ဆီက ဆို ဆိုနေကျ





သီချင်း"

ဘာကိုဆိုလိုသည်ဆိုတာ ဝသန့်ရော တမ်းတပါ သဘော ပေါက်လိုက်ကြသည်။ ထို့ကြောင့် ဖြိုးတူ ခေါင်းညိတ်ပြလိုက်ပြီး တမ်းတ ဂစ်တာကို မောင်မျိုးယူလာတာ သတိရပြီး ကားဆီသို့ ပြေးလာခဲ့သည်။ ကားပေါ်မှာ ဂစ်တာလေးက စောင့်ကြိုလျက်ပဲလေ။

ဒီဂစ်တာလေးက သူတို့ရဲ့ကံကြမ္မာကို ကြိုသိနေသည်လား ကွယ်။ ကားတံခါးကို ဖွင့်ကာ ဂီတာကို ကမန်းကတန်းဆွဲချခဲ့ပြီး ရက်ဘစ်ဆီ အပြေးသော့ခဲ့ရပြန်၏။

"ရက်ဘစ် . . . နားထောင်နော်"

ခေါင်းမညိတ်နိုင်တော့၍ မျက်လုံးနှင့်သာ အင်းခတ်ခဲ့၏။ ဂစ်တာသံလေး ထွက်ပေါ်လာတော့ ဝသန့် မျက်ရည်အိုင်ထဲမှာ နစ်ခဲ့ ရပြီပေါ့။

♫ ငါဆိုဝသန့်မိုးသည်းချိန် ××× အရောက်ပြန်လာခဲ့ပါ့မယ် ××× မိဝသန့်ရေ မင်းပြောခဲ့တယ်လေ ××× အတွေးမှာလေ ပြန်လည် ကြား ယောင် မိုးသည်းရင်ဖြင့် လွမ်းတိုင်း မျက်ရည်ဝေ ×××♫

မှိုင်း သီချင်းသံလေးက နားထဲသို့ တိုးဝင်လာသည်။ နောက် ဆုံးအကြိမ် နားထောင်ရခြင်းပါ။ သီချင်းသံသည် တိုးသွားလိုက်၊



www.burmeseclassic.com

www.burmeseclassic.com



ကျယ်လာလိုက်။ သူ့အာရုံထဲမှာ မိုးတွေရွာနေသည်။ မိုးရွာထဲမှာ ဘယ်သူတွေမှန်းမသိတဲ့သူတွေ သူ့ကို အတင်းဆွဲခေါ်နေကြသည်။

ခဏနေကြပါဦး။

သီချင်းလေးဆုံးမှ လိုက်ခဲ့ပါရစေ။

အချိန်စေ့နေပြီ လာလိုက်ခဲ့တော့။

သူ ရုန်းကန်ငြင်းဆန်နေသော်လည်း မရတော့။ သူ့ကို ခေါ်နေကြပြီ။

ဝသန် ယုံကြည်ချက်ပါးပြင်ကို ဖွဖွနမ်းလိုက်သည်။ ပူနွေးသောပါးပြင်က အတွေ့အထိကို သူသိနေသေးသည်လေ။ ကျေနပ်ပါတယ် ဝသန်။

ငါသွားတော့မယ် ငါသွားပါရစေတော့။

နောက်ဆုံး လက်ပြန္နုတ်ဆက်လိုက်သည်နှင့်။

"ယုံကြည်ချက်"

ရှိုက်သံတွေ ပလုံးပထွေးနှင့် ဝသန့်ခေါ်သံလေးကြောင့် ဂစ်တာကြိုးပေါ်က တမ်းတလက်တွေ ပြုတ်ကျသွားလေတော့၏ မဟုတ်ပါစေနဲ့လို့ ဆုတောင်းရင်း ရက်ဘာစ်ရင်ဝဆီသို့ ခေါင်းကို ထိုး ငေ့ကြည့်လိုက်တော့ လောကကြီး ကျွမ်းပြန်သွားပြီလား။





"ရက်ဘာစ်"

"ယုံကြည်ချက်"

"ရက်ဘာစ်ရယ်"

တမ်းတ ခေါင်းကို ငိုက်စိုက်ချ၍ ရှိုက်လျက် ရှိုက်၍သာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးသွက်လက်နေသည်။ သူ ဘယ်နေရာကို ရောက်နေမှန်းမသိတော့။ ကျယ်ပြန့်တဲ့လွင်ပြင်တစ်ခုမှာ သူ ရောက်နေသည်။ သူ့လိုလူမျိုးတွေလည်း ဟိုမှ သည်သို့ သွားလာနေကြသည်လေ။

အချို့တွေဆို အဝတ်အစား မလုံမခြုံတွေ တွေ့ရတတ်သေးတာ။ သူ အိမ်ပြန်တော့လည်း သူ့ကို ဘယ်သူမှ မခေါ်ကြ။ မာမီက ငိုနေသည်။ ဒယ်ဒီက မာမို့ကို အားပေးနှစ်သိမ့်နေလို့။ မာမီ ဘာဖြစ်လို့ငိုနေတာလဲ။





"မာမီ"

လို့ခေါ်ပြီး သူပြေးဖက်တော့ ဖက်လို့မရပါ။ ဘာကြောင့်လဲ။ အတားအဆီးမရှိဘဲ ဖက်လို့မရ။ သူခေါ်တော့လည်း မကြားကြ။ သူ ခေါ်သကြီးပြီး တွေ့ရာပစ္စည်းတွေကို လှမ်းပစ်တော့ အချို့ပစ္စည်းတွေက ကိုင်လို့မရ။

ကိုင်လို့ရတဲ့ ပစ္စည်းတွေကိုလှမ်းပစ်တော့ တစ်အိမ် သားလုံး ဟိုပြေး ဒီပြေး ဖြစ်နေကြတာ ဘာသဘောလဲ။ သူ့ကို အဖက်မတန် သလို လုပ်နေကြတာ။

သူ ပေါက်ကွဲနေတာမြင်တော့ အသားမည်းမည်း၊ ဗလ ကောင်းကောင်းနဲ့လူကြီးက သူ့ကိုလာခေါ်သည်လေ။

"ဟဲ့ကောင်လေး ... လာ ငါနဲ့ပြန်လိုက်ခဲ့"

"မလိုက်ဘူး ... ခင်ဗျားကိုလည်း ကျုပ်မသိဘူး။ ဘာလို့ လိုက်ရမှာလဲ။ ဒီမှာ ကျုပ်မိဘတွေက ကျုပ်ကိုမခေါ်ကြတော့လို့ စိတ် ညစ်ရတဲ့အထဲ"

"ခေါ်မလားကွ။ သူတို့နဲ့မင်းက ဘဝခြင်းမှမတူတော့တာ။ မင်းကို သူတို့မမြင်ရဘူး။ မင်းခေါ်သံကိုလည်း သူတို့ မကြားဘူး"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူ အရှိမ်းအုံ့သြသွားရသည်။ သူ့ကိုယ်သူ ပြန်ငုံ့ကြည့်ပြီး စဉ်းစားကြည့်တော့ အရင်ပုံစံနှင့် ဘာကွာနေမှန်းမသိ။

"ကောင်လေး . . . မင်း ကားတိုက်ခံရလို့ သေဆုံးပြီးပြီ။ ခု ရပ်တည်နေတဲ့ မင်းခန္ဓာက ဝိညာဉ်ကွ။ လူမဟုတ်တော့ဘူး။ ဒါကြောင့် မင်းကိုလာခေါ်တာ။ မင်း ဒီအိမ်မှာ နေလို့မရတော့ဘူး"

သူ အဖြစ်အပျက်အားလုံးကို တရေးရေးပြန်မြင်လာပြီး ဝမ်းနည်းစွာ ချုံးပွဲချ၍ ငိုကြွေးမိသည်။

"ကောင်လေး"

သူ မထူးမိ။

"ဖြစ်တဲ့ဘဝမှာ ပျော်အောင်နေပါ ကောင်လေးရာ။ မင်းငို နေလို့လည်း လူ့ဘဝကို ပြန်သွားလို့မရဘူး။ ကဲ . . . ထ"

လူကြီးက သူ့ကိုဆွဲထူပြီး . . .

"မင်းအုတ်ဂူရှေ့မှာ တမ်းတနဲ့ဝသန် ရှိတယ်။ သွားနှုတ်ဆက်လိုက်ဦး။ သူတို့ တောကိုပြန်ကြတော့မလို့တဲ့။ မင်း သူတို့ထွက်သွားမှ လိုက်သွားလို့မရဘူး။ တို့နယ်ကိုကျော်သွားရင် မင်း မလိုက်ရဘူး။ နယ်ကျော်လိုက်ရင် အရိုက်ခံရမှာကွ။ ထ ထ . . . အချိန်ရှိတုန်း သွားရအောင်"





သူ ဘာမှစဉ်းစားမနေတော့။ အိမ်ထဲမှ တစ်ဟုန်ထိုးပြေးထွက်ခဲ့သည်။

မိုးဖွဲတွေက တစ်ပွင့်နှစ်ပွင့်မှ အပွင့်ပေါင်းများစွာ ဖြစ်လာ၏။

ဟော . . . တွေ့ပြီ။

မောင်ယုံကြည်ချက်၊ အသက် (၂၀) နှစ်တဲ့။

ဟုတ်တယ်။ ဒါ . . . ငါ့အလောင်းကို အုတ်ဂူလုပ်ထားတာ။ အုတ်ဂူရှေ့မှာ မှိုင်းနဲ့ဝသန်။

နှစ်ယောက်စလုံး မျက်ရည်တွေနဲ့။

ပို၍ သည်းထန်စွာငိုကြွေးနေသူက မှိုင်း။

မငိုနဲ့ မင်းမငိုပါနဲ့ မှိုင်းရယ်။

"ဝေါ ဝေါ ဝေါ"

မိုးက သည်းထန်စွာရွာသွန်းလာသည်။ ဟာ ဒုက္ခပါပဲ။ နှစ်ယောက်စလုံး မိုးမိပြီးဖျားကုန်တော့မှာပဲ။

သူ့မျက်လုံးက ဝသန့်ဘေးမှ ထီးကလေးဆီသို့ ရောက်သွား၏။

သူ ထီးကို လျင်မြန်စွာ ဆွဲယူ၍ ဖွင့်လိုက်သည်တွင် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဝသန် မျက်လုံးလေးဝိုင်းသွားရ၏။ ကြည့်စမ်း။ သူမ ချထား သော ထီးလေးက သူ့အလိုလို ပွင့်သွားတာ ထူးဆန်းလိုက်တာ။

လက်စနှင့် ထီးကိုကောက်ယူပြီး တမ်းတကို မိုးပေးလိုက် သည်။

"ယုံကြည်ချက်ရယ်"

ဝသန့်နှုတ်မှ တီးတိုးရေရွတ်သံကို သူ ကြားနေရသည်။ သူ ဝသန့်ရင်ခွင်ထဲမှာ သူပေးထားခဲ့သော ဝက်ဝံရုပ်ကလေး၏ဗိုက်ကို လှမ်းပုတ်လိုက်တော့ . . .

"I love you"

"I love you"

"I love you"

ဝက်ဝံရုပ်ကလေးက အဆက်မပြတ် အော်နေတော့၏။

"အဟင့် ဟင့်"

ဝသန်နှင့်တမ်းတ တစ်ယောက်မျက်နှာတစ်ယောက် ကြည့် လိုက်ကြပြီး ခေါင်းချင်းဆိုင်၍ မျက်ရည်တွေက အပြုံး။

လေကြမ်းတစ်ချက် တိုးဝင်လာသဖြင့် မှိုင်းမျက်နှာပေါ်သို့





မိုးပွင့်တွေက ကျဲစယ်သွားသည်။ သူ မှိုင်းကို မိုးပက်မှာစိုး၍ သူ့အင်္ကျီကို ဖြန့်၍ ကာကွယ်ထားလိုက်၏။

တမ်းတစိတ်ထဲတွင် သူ့ရှေ့တွင် တစ်စုံတစ်ဦး ရပ်နေသလို ခံစားရပြီး ဒီလောက်မိုးပက်နေသည့်ကြားထဲမှာ သူ့မျက်နှာပေါ်သို့ မိုးပေါက်တွေ လာမထိတော့တာကို သတိထားမိကာ . . .

"မင်း ဒီအနားမှာရှိနေတယ်ဆိုရင် ငါ ခဏလောက် ကြည့်ပါ ရစေ ရက်ဘစ်ရယ်"

တမ်းတ၏ စကားသံအဆုံးတွင် သူ့ရှေ့တွင် ရိပ်ခနဲပေါ်လာ သော ရက်ဘစ်။ သွားတက်ကလေးများပေါ်အောင်ပင် ရယ်နေသလို လို။ အမြင်က မပီပြင်ပေမယ့် သူ့ကို လက်ပြနှုတ်ဆက်ကာ ခဏနှင့် ပြန်လည်ပျောက်ကွယ်သွားလေ၏။

"ရက်ဘစ်"

"ယုံကြည်ချက်"

ဆို့နင့်ကြေကွဲစွာ ခေါ်နေကြသော အသံတွေ။ သွားကြပါ တော့ မင်းတို့နှစ်ယောက် သွားကြပါတော့။

အမုန်းတံတိုင်းကြီးခြားလို့ ဝေးကြတာမဟုတ်ပေမယ့် မငြိမ်း ကြတဲ့ ဘဝနှစ်ခုမှာ ငါက တိမ်တွေကြားမှာ လွင့်မျောနေရမယ့်



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်ပွင့်လေးတစ်ပွင့်ပါ။ မင်းတို့တွေ ငိုနေလည်း မျက်ရည်တွေသာ ခမ်းခြောက်သွားမယ် မင်းတို့အနားမှာ ငါ နေခွင့်မရတော့ဘူး။

ငါ နောက်ဆုံး နှုတ်ဆက်ခဲ့ပါရစေ။

"ကောင်လေး ပြန်ခဲ့တော့"

* * *

BURMESE CLASSIC

## အခန်း (၃၀)

"တမ်းတ"

တမ်းတ မျက်ရည်တွေကြားမှ ဝသန်ကိုကြည့်လိုက်သည်။ ကြင်နာသော ချစ်ခြင်းဖွဲ့လက်တစ်စုံနှင့် ဝသန်က သူ့လက်ကို တင်းတင်း ဆုပ်ကိုင်ထားလျက် . . .

"တို့ သွားကြရအောင်နော်"

အံကိုတင်းတင်းကြိတ်၍ ရှိုက်သံကို ညာသံပေးကာ အဆုံးသတ်လိုက်ရ၏။

"ရက်ဘစ် . . . မင်း ငါ့အနားမှာရှိနေသေးလားကွ မင်းကို

www.burmeseclassic.com



ရွှေပအဒေသာစာပေ

www.burmeseclassic.com



ငါ ကတိပေးပါတယ်။ ငါ့နှလုံးသားတွေ ရှင်သန်နေသရွေ့ မင်းကို ငါ သတိရနေမှာပါ”

“မိုးကောင်းကင်ရဲ့အောက်မှာ မြေလွှာဆိုတာရှိနေသရွေ့ နင့်ကို သတိတရ ရှိနေမှာပါ ယုံကြည်ချက်ရယ်”

ကြားလိုက်ရသော စကားသံတွေကြောင့် ကျောခိုင်းသွားနေရာမှ သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။

ကျေးဇူးတင်ပါတယ် မှိုင်းနဲ့ဝသန်။ ငါ့ကို စက္ကန့်တိုင်းမှာ သတိရမနေနိုင်တောင် တိုက်ဆိုင်မှုလေးတွေ ရှိတဲ့အခါ သတိတရ ဖြစ်ရင်ပဲ ကျေနပ်ပါပြီ။

ယုံကြည်ချက် အချစ်ဆုံးသူနှစ်ယောက်ကို အပြီးအပိုင် ကျောခိုင်းလိုက်တော့သည်။

ဝသန် ထီးကလေးကို တစ်ဖက်ကမိုးထားရင်း တမ်းတပန်းဆီကို ခေါင်းကလေး မှီနွဲ့လိုက်ကာ ...

“ဒီလို မိုးရာသီတိုင်းမှာ ယုံကြည်ချက်အတွက် လွမ်းဆွတ်တမ်းတ ကြေကွဲခြင်းဆိုတဲ့ နှလုံးသား တစ်စိတ်တစ်ဒေသနဲ့ တမ်းတရဲ့ ပတ်သက်ပြီး ကျန်တဲ့နှလုံးသား အစိတ်အပိုင်းအားလုံး မိုးရာသီတိုင်းမှာ ရင်ခုန်ကြည်နူးနေမိမှာကို ခွင့်လွှတ်ပေးပါ ယုံကြည်ချက်ရယ်”





“ဝသန်”

ဝသန်က တမ်းတမျက်နှာကို မော့ကြည့်သည်။

“ဘာဖြစ်လို့ ကိုယ့်ကို ဒီလောက်ချစ်နိုင်တာလဲ ဟင်”

“နှလုံးသားဆိုတာ ခေါ်း လှုံ၊ လက်နက်တွေနဲ့ ချိန်ပြီး ခြိမ်းခြောက်လို့မှ မရဘဲကိုရယ်”

“ကို ဝသန့်အချစ်ကို လေးစားပါတယ် ဝသန်။ ဒါကြောင့် ယုံကြည်ချက်ရဲ့ကိုယ်စား တမ်းတရဲ့နှလုံးသားနဲ့ အချစ်နှစ်ခုပေါင်းပြီး ဝသန့်ကို ကိုယ်တစ်သက်လုံး မြတ်မြတ်နိုးနိုးနဲ့ ချစ်သွားပါ့မယ်”

ဝမ်းနည်းခြင်းမျက်ရည်က တစ်ဘက်၊ ဝမ်းသာခြင်းများက တစ်ဘက်နှင့် ရင်ထဲမှာ ကြည်နူးလိုက်တာက တစ်ဝက်နှင့်ပါ။

“ကျေးဇူးတင်ပါတယ် ကိုရယ်”

“သွားကြရအောင်နော်”

ချစ်သူနှစ်ဦးသည် ထာဝရနိုင်မြဲသော လက်တို့နှင့် တစ်ဦးကို တစ်ဦး ဆုပ်ကိုင်လျက် ယုံကြည်ချက်၏ အုတ်ဂူလေးရှေ့မှ ထွက်ခွာလာခဲ့သည်။ တမ်းတဆိုတဲ့ မော်ဒယ်မင်းသားလေး သူ့ကို ချစ်တဲ့ ပရိသတ်ကို အခိုက်အတန့်လေးတော့ ခွဲခွာရဦးမည်။

မွေးရပ်ဇာတိမှာ သူ့နှလုံးသားတွေကို တည်ငြိမ်အောင်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေထိုင်ပြီး ယုံကြည်ချက်နဲ့ပတ်သက်ပြီး ကြေကွဲခြင်းလှိုင်းဂယက်တွေ တည်ငြိမ်သွားတဲ့နေ့။

ပရိသတ်ရင်ထဲကို ပြန်လာခဲ့မှာပါ။

လောလောဆယ် မွေးရပ်ဇာတိကို ထွက်ခွာ၍ စိတ်ဖြေမည်ဟု နှုတ်မှဆိုသော်လည်း နှစ်ဦးစလုံး၏ရင်ထဲမှာ ဘယ်အခါမှမျှ ယုံကြည်ချက်ဆိုသော ကောင်လေး၏ ရုပ်ပုံလွှာတွေ ကွယ်ပျောက်သွားမည်မဟုတ်တာကို သူတို့သာ အသိဆုံးပါလေ။

နောင် နှစ်ပေါင်းများစွာမှာလည်း သူတို့၏ နှလုံးသားမှာ အချိန်တိုင်းမဟုတ်ပေမယ့် လုံးဝမေ့သွားလို့ မရမှာ ယုံကြည်ချက် ဆိုတဲ့ ကောင်လေးရဲ့ ပုံရိပ်တွေသာ။

**ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျနိုင်ကြပါစေ**

**အလင်းသစ်**




**၂၀၁၅ အောက်တိုဘာလတွင်**

**ထုတ်နိုင်ပါပြီ**

**မမသဒ္ဒါမောင်**

အမုန်း၏ နံရံတစ်ဖက်အခြား

**ကြယ်စင်မှူးဝေ**

တိမ်လွှာထက်က အချစ်နတ်သမီး

**မယ်နိုင်**

မျက်ကွယ်ရာ

**မိုးစက်ပွင့်**

အချစ်ဟောင်းရဲ့ ရင်ခွင်သစ်

**အလင်းသစ်**

မမေ့နိုင်တဲ့ မိုးရာသီ

**လှိုင်းကြာဖြူ (လားရှိုး)**

ချစ်ခြင်းရဲ့ ကွေ့ကောက်မျဉ်း


BURMESE CLASSIC

www.burmeseclassic.com